
# စာအုပ် (၁)

# ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ



**Copyright © 2025 by Eden Family Fellowship**
Mobile: +959423860723
Email: phway.lai@gmail.com

# အခြေခံ သင်တန်းလက်စွဲစာအုပ် (၃) အုပ်ကို အသုံးပြုရန် လမ်းညွှန်ချက်များ

ဤလက်စွဲများကို အသုံးပြုရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ယေရှုခရစ်တော်သည် မိမိတပည့်တော်များကို မည်ကဲ့သို့ဆုံးမသွန်သင်ခဲ့သည်ဟူသော ဥပမာကိုလိုက်နာကျင့်သုံးရန်ဖြစ်သည်။

- ယေရှုသည် တပည့်တော်များနဲ့အတူ အချိန်များစွာယူလေ့ရှိသည်။
- ယေရှုသည် တပည့်တော်များနဲ့အတူ ဘဝအတွေ့အကြုံများကို ဆွေးနွေးပြီး၊ နေ့စဉ်အသက်တာ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသုံးပြုရန် ကူညီပေးလေ့ရှိသည်။
- ယေရှုကတပည့်တော်များသည် ဝိညာဉ်တော်၏မစခြင်းဖြင့်ခမည်းတော်နှင့် အချင်းချင်းဆက်နွယ်မှုတိုးပွားစေရန်၊ ဖခမည်းတော်ကို နားလည်သဘောပေါက်ရန် ကူညီဖေးမပေးခဲ့သည်။

ယေရှုခရစ်တော်သည် လူတိုင်းအတွက် ကယ်တင်ခြင်းကို ပေးရုံသက်သက်မဟုတ်ဘဲ၊ တစ်ဦးကိုတစ်ဦး ကူညီရန်အတွက် ထိရောက်သောနည်းလမ်းကိုလည်း သင်ကြားပြသပေးခဲ့ပြီး၊ နောက်ဆုံးတွင် ကမ္ဘာတစ်ခုလုံးကို မည်သို့အကျိုးပြုမည်ဟူသော နည်းလမ်းကိုလည်း ပြသပေးခဲ့သည်။ ယေရှုသည် မိမိထံ သင်ယူစေလိုသည့် တပည့်တော်အနည်းစုကိုသာ အလေးထား သွန်သင်ပေးခဲ့သည်။ သူသည် အဖွဲ့အစည်းတစ်ခုကို တည်ထောင်ရန် သို့မဟုတ် စာသင်ကျောင်းကြီး တစ်ခုကိုစတင်ရန်အစား၊ သင်ယူလိုစိတ်ရှိသော နောက်လိုက်ကောင်းအနည်းငယ်ကိုသာ ရွေးချယ်ပြီးသူ၏ သုံးနှစ်တာအမှုတော်လုပ်ငန်းတွင် ထိုသူများနှင့်အတူ ဆွေးနွေးတိုင်ပင်ခြင်း၊ ဆုတောင်းခြင်း၊ အတူတကွ လုပ်ဆောင်ခြင်းစသည်တို့၌ ရင်းနှီးမြုပ်နှံမှုများပြုလုပ်ခဲ့သည်။ နောက်ဆုံးတွင် သူ၏ လွှမ်းမိုးအကျိုးသက်ရောက်မှုသည် ကမ္ဘာတစ်ဝှမ်းလုံးသို့ ပြန့်နှံ့သွားခဲ့သည်။ တမန်တော်ရှင်ပေါလုကလည်း ယေရှု၏ ပုံဥပမာကို လိုက်နာပြီး မိမိလူများအားကူညီသည့်နည်းတူ သူ့နောက်သို့ လိုက်ရန် ကျွန်ုပ်တို့ကို အားပေးခဲ့သည်။ (၁ကော ၁၀:၃၁ - ၁၁:၁)။ ဤကဲ့သို့ အခြေခံသင်တန်းလက်စွဲစာအုပ် သုံးအုပ်ကို ပြန့်ပွားစွာ အသုံးပြုစေခဲ့သည်။ ဤလက်စွဲစာအုပ်များသည် သမ္မာကျမ်းစာအတိုင်း လူများအား ကူညီရန်အတွက် ယေရှု၏ပုံသက်သေကို သင်ယူရန် ကူညီပေးသောတန်ဆာပလာကိရိယာများ ဖြစ်ကြသည်။ ယေရှုသည် တပည့်တော်များကို မိမိ၏သာသနာလုပ်ငန်းအစတွင် ကောင်းစွာသွန်သင်ပေးပြီး၊ စေလွှတ်သည့်အခါ၌ ခေါင်းဆောင်အဖြစ်စေလွှတ်ပေးခဲ့သည်။ ၎င်းသည် ဤလက်စွဲစာအုပ်များ၏ ရည်ရွယ်ချက်တစ်ခုလည်းဖြစ်ပါသည်။

## အခြေခံသင်တန်းလက်စွဲစာအုပ်ကို အသုံးပြုပြီး ယေရှု၏ ပုံသက်သေကို မည်ကဲ့သို့ လိုက်နာရမည်နည်း

- **တပည့်တော်များနှင့်အတူ အချိန်ယူပါ။**

သူတို့နဲ့သိကျွမ်းအောင်လုပ်ပါ။ သူတို့ တွေ့ကြုံသောဘဝအစိတ်အပိုင်းအားလုံးအတွက် သနားကြင်နာမှုကို ပြသပေးပါ၊ သူတို့သည် ယေရှုခရစ်တော်နှင့် ကြီးထွားသည့်ဘဝနည်းလမ်းများကို သင်ယူလေ့လာပါ။

- **တပည့်တော်များအတွက် အမြဲဆုတောင်းပါ။**

ယေရှုသည် ညစဉ် ဆုတောင်းခဲ့သည်။ ပေါလု၏ ဆုတောင်းခြင်းအကြောင်းကိုလည်း သမ္မာသစ်ကျမ်းစာတွင် ရေးမှတ်ထားသည်။ သင်သိသော တပည့်တော်များသည် ဘုရားသခင်နှင့် ယေရှုခရစ်တော်ကို ပိုမိုနားလည်စေရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကို ကူညီမစရန် ဆု တောင်းပေးပါ။

- **ဘုရားသခင်အား ပိုမိုသိကျွမ်းရန် တပည့်တော်များကို ကူညီပေးပါ။**

(စာအုပ် ၁) အတိုင်း၊ ဘုရားသခင်အကြောင်း ပိုမိုနားလည်မှုကို တိုးပွားစေရန်နှင့် အသက်တာ၌ ဘုရားသခင်သည် မည်ကဲ့သို့အလုပ်လုပ်နေသည်ကို မြင်နိုင်စေရန် သူတို့ကို ကူညီမစပေးပါ။

- **နေ့စဉ်အသက်တာ၌ ဘုရားသခင်နှုတ်ကပတ်တော်အတိုင်း အသက်ရှင်တတ်အောင်သင်ကြား ပေးပါ။**

ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲမှ သူတို့ဘဝအသက်တာအတွက် အဘယ်အရာ အသုံးဝင်သည်ကို သိရှိရန် ဉာဏ်ပညာအတွက် ဘုရားသခင်ထံဆုတောင်းပါ။ သင်သည် အခြေခံသင်တန်းလက်စွဲစာအုပ် သုံးအုပ်၏ အကြောင်းအရာများကို သိရှိပြီးဖြစ်ပါက တပည့်တော်များအတွက် သက်ဆိုင်ရာကျမ်းပိုဒ်များကို ရှာဖွေရန် ၄င်းက ကူညီပေးမည်ဖြစ်ပါသည်။ စာအုပ်တွင်ရေးသားထားသည့် အစဉ်လိုက်အတိုင်း လိုက်နာရန် မလိုအပ်ပါ။ လက်စွဲစာအုပ် ၂ သည် သင်တန်းသား၏ ဘဝအသက်တာတစ် လျှောက်လုံး၌ နေ့စဉ် အလေ့အထတစ်ခုအဖြစ်တိုးတက်ရန်အတွက် အထူးအသုံးဝင်ပါသည်။ သူတို့၏ ဘဝအတွေ့ကြုံအလျှောက် တပည့်တော်တစ်ဦးအတွက် မည်သည့်အရာသည် ပို၍ အကျိုးရှိမည်ကို သင်ဆုတောင်းဆုံးဖြတ်နိုင်ပါသည်။

- **တပည့်တော်တစ်ဦးချင်းစီနဲ့ အချင်းချင်း တိုင်ပင်ဆွေးနွေးပါ။**

ဘုရားသခင်အကြောင်း သင်ယူလေ့လာခြင်း၊ ယေရှုနှင့်အတူအသက်ရှင်ခြင်း၌ သူတို့၏တိုး တက်မှုအခြေအနေများကို သိရှိရန်ပြီးနောက် ဆွေးနွေးတိုင်ပင်ပေးပါ။ ဖြစ်နိုင်ပါက တပည့်တော်တစ်ဦး (သို့) နှစ်ဦး၊ သုံးဦးအကြား ဆွေးနွေးတိုင်ပင်ပြီး အချင်းချင်းအတူတကွ သင်ယူနိုင်အောင်ကူညီပေးပါ။

- **တပည့်တော်များနဲ့အတူ လုပ်ဆောင်ပြီး အမှုတော်၌ အတူအစေခံပါ။**

သင်သည် သူတို့အတွက် ပုံသက်သေဖြစ်ပါစေ၊ သင်၏ ပုံသက်သေနှင့် ဘဝအတွေ့အကြုံကိုလည်း သူတို့သင်ယူတတ်ဖို့ ကူညီပေးပါ။

- **"ဝိညာဉ် မိဘဖြစ်ခြင်း" အကြောင်း စာအုပ် ၃ ရှိ လမ်းညွှန်ချက်များကို လိုက်နာပါ။**

**ဤလက်စွဲအုပ်များကို အသုံးပြုနိုင်သည့် အခြားနည်းလမ်းများ**

- သင်ကြားခြင်း၊ ဟောပြောခြင်းနှင့် သမ္မာကျမ်းစာလေ့လာခြင်းများအတွက် အရင်းအမြစ်များ
- သင်းအုပ်ဆရာအတွက် လေ့ကျင့်ရန် လမ်းညွှန်ချက်များ
- မိဘများအတွက် သားသမီးများကို လေ့ကျင့်သင်ပေးကြားရန် လမ်းညွှန်ချက်များ
- သမ္မာကျမ်းစာ၏ အနှစ်ချုပ်

# အခြေခံသင်တန်း လက်စွဲစာအုပ် (၃) ခု

**စာအုပ် (၁)**

**ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ**
*(ဘုရားသခင်နှင့် သမ္မာကျမ်းစာကို သိရှိရန်အတွက် လေ့ကျင့်ခန်း)*

- သမိုင်း၌ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြခြင်း
- ဘုရားသခင်၏ ကယ်တင်ခြင်း
- ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ
- ဘုရားသခင်၏ ကတိတော်များ

**စာအုပ် (၂)**

**ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ**
*(ခေါင်းဆောင်မှု လမ်းညွှန်စာအုပ်)*

- ပထမ ခြေလှမ်းအဆင့်များ
- ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ

**စာအုပ် (၃)**

**ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ**
*(မိသားစုနှင့် အသင်းတော်အတွက် စံနမူနာ)*

- မိသားစု၏ အခြေခံသိကောင်းစရာများ
- ဝိညာဉ် မိသားစု (အသင်းတော်) ၏ အခြေခံသိကောင်းစရာများ
- ဝိညာဉ် မိဘဖြစ်ခြင်းအတွက် လက်တွေ့ ခြေလှမ်းများ
- ရင့်ကျင့်သော ဝိညာဉ်ခေါင်းဆောင်တစ်ဦးဖြစ်ရန် လက်တွေ့ခြေလှမ်းများ
- အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ

# နိဒါန်း

## သမိုင်းတစ်လျှောက် လွှမ်းမိုးမှု အရှိဆုံးသောပုဂ္ဂိုလ်

ကမ္ဘာပေါ်တွင် သမိုင်းတစ်လျှောက် ယေရှုခရစ်ကဲ့သို့ လွှမ်းမိုးနိုင်သောပုဂ္ဂိုလ်ဟူ၍ မရှိခဲ့ဖူးပါ။ ယနေ့အချိန်ထိ ကမ္ဘာပေါ်ရှိ လူအများအပြားသည် ခုနှစ်ကို ရေတွက်သည့်အခါ ယေရှုခရစ်တော်၏ မွေးဖွားသောနှစ်ကာလကို အခြေခံသည့် နှစ်ရေတွက် စနစ်ကို သတ်မှတ်အသုံးပြုကြသည်။

ယခုကမ္ဘာပေါ်တွင် ခရစ်ယာန်ဟု မိမိကိုယ်ကို သတ်မှတ်သူများသည် အခြားသောဘာသာဝင်များထက်များပြားလျက်ရှိပါသည်။ တချို့မှာ ယေရှုခရစ်တော်ကို လွဲမှားစွာ နားလည်သဘောပေါက် ကြသော်လည်း၊ သူ့ထံသို့ ဆွဲခေါ်ခြင်းခံရကြသည်။ ယေရှုခရစ်တော်ကို အဓိက ဇာတ်ကောင်အဖြစ် ရေးသားဖော်ပြထားသည့် သမ္မာကျမ်းစာသည် ပုံနှိပ်စက် တီထွင်ပြီးနောက် ကမ္ဘာပေါ်တွင် အဖတ်အ များဆုံးစာအုပ်ဖြစ်လာခဲ့သည်။ ပုံနှိပ်စက်ကိုတီထွင်ခဲ့ခြင်းမှာ သမ္မာကျမ်းစာကိုများစွာပုံနှိပ်ရန်အတွက် ရည်ရွယ်တီထွင်ခဲ့ခြင်းဖြစ်ပါသည်။ သန်းပေါင်းများစွာပုံနှိပ်ထုတ်ဝေသော သမ္မာကျမ်းစာကို ကမ္ဘာပေါ်ရှိ အခြားသောစာအုပ်များနဲ့ နှိုင်းယှဉ်ပါက အရောင်းရဆုံးစာအုပ်ဖြစ်သည်။

သမိုင်းတစ်လျှောက်တွင် ယေရှုခရစ်တော်သည် နောက်လိုက်အများဆုံးရှိသော ပုဂ္ဂိုလ်ဖြစ်သည် သာမက၊ သူ၏ သွန်သင်ဆုံးမမှုသည်လည်း လူ့သမိုင်းတွင် လွှမ်းမိုးမှုအခိုင်မာဆုံးသောတစ်ဦး တည်းသောပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။ ဥရောပ၊ တောင်အမေရိကနှင့် မြောက်အမေရိကရှိ တက္ကသိုလ်အများစုသည် သမ္မာကျမ်းစာကို သင်ကြားရန်အတွက် တည်ထောင်ခဲ့ကြသည်။ ကမ္ဘာအနှံ့ရှိ ဆေးရုံ အများအပြားကိုလည်း ခရစ်ယာန်ယုံကြည်သူများက တည်ထောင်ခဲ့ကြသည်။ ကြက်ခြေနီအဖွဲ့အစည်းကြီးသည်လည်း ခရစ်ယာန်ယုံကြည်သူများမှစတင်ခဲ့ပြီး၊ ၄င်း၏မူလကိုကြည့်လျှင် ယေရှုခရစ်တော်သည် လူသားအားလုံးအတွက် အကြီးမားဆုံးသော ကယ်တင်ရှင်ဖြစ်ကြောင်းကို ဖော်ပြသည့် လက်ဝါးကပ်တိုင်အမှတ်တံဆိပ် ကိုယ်စားပြုသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

## သမိုင်းတွင် ထူးခြားဆုံးသောပုဂ္ဂိုလ်

ယေရှုခရစ်တော်သည် ကမ္ဘာပေါ်တွင် အထူးခြားဆုံးသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူသည် မိမိအပေါ်ဖြစ်ပေါ်လာမည့် အသေသတ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကြိုတင်ဟောပြောခဲ့သည်။ ဤကဲ့သို့စွမ်းဆောင်ပြောဆိုခဲ့သူ သမိုင်းတွင် မည်သူမှ မရှိခဲ့ဖူးပါ။

ယေရှုခရစ်တော်သည် ပရောဖက်ပြုချက်အတိုင်း သေခြင်းမှ ထမြောက်ခဲ့ပြီး လောကကိုဖန်ဆင်းသောဘုရား၊ လူသားအဖြစ်သို့မွေးဖွားလာသောဘုရားလည်းဖြစ်သည်။ သူ၏ တတ်စွမ်းနိုင်သော တန်ခိုးတော်ကို ဖော်ပြရန်အတွက် ယေရှုသည် မိမိထံသို့ခေါ်ဆောင်လာသော လူနာများ၏ အမျိုးမျိုး သော ရောဂါများကိုလည်း ပျောက်ကင်းအောင် ကုသပေးခဲ့ပြီး၊ နတ်ဆိုးဝိညာဉ်ဆိုးများကို ဖယ်ရှားနှင်ထုတ်ပေးကာ၊ အစားအစာများစွာကိုလည်း အံ့ဖွယ်ထောက်ပံ့ပေးခဲ့သည်။ ရာသီဥတုကိုလည်း ထိန်း ချုပ်နိုင်ပြီး၊ လူတို့၏အတွေးအခေါ်များပင် သိမြင်တော်မူသောဘုရားသခင်ဖြစ်သည်။ သမိုင်းတစ် လျှောက် မည်သူကမှ မိမိသည်ဘုရားသခင်ဖြစ်ကြောင်း၊ ကမ္ဘာကြီးကိုဖန်ဆင်းရှင်ဟု ပြောဆိုခဲ့ဖူးသူ မရှိပါ။ သေခြင်းကို အစိုးရပြီး အာဏာတန်ခိုးပြကာ ထမြောက်လာမည်ဟုသော ကြိုတင်ခန့်မှန်း ပြောခဲ့ဖူးသူမရှိပါ။ လူသားအားလုံးအတွက် အကြီးမားဆုံးသောရန်သူ ပြိုင်ဘက်ဖြစ်သည့် သေခြင်းကိုလည်း အနိုင်ယူခဲ့သူဖြစ်သည်။

ယေရှုခရစ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း သူမမွေးဖွားမီကပင် ကြွဆင်းလာမည့်အကြောင်းကို ကြို တင်ပြင်ဆင်ပြီး ဟောကိန်းထုတ်ရေးသားထားသည်ကို သမ္မာကျမ်းစာတွင်ရှင်းလင်းစွာဖော်ပြခဲ့သည်။ ထိုအတိုင်း ဖြစ်သည်ဆိုရာတွင် သူသည် သမိုင်းတစ်လျှောက်အရေးကြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ အနာဂတ်၌လည်း သူ သည် ကမ္ဘာကြီးကိုချုပ်ကိုင်မည့်ခေါင်းဆောင်အဖြစ် ပြန်လည်ကြွလာမည်ဖြစ်ကြောင်းကို သမ္မာကျမ်းစာက ရှင်း လင်းစွာဖော်ပြထားပါသည်။

## သမ္မာကျမ်းစာသည် ထူးခြားသော စာအုပ်ဖြစ်သည်

သမ္မာကျမ်းစာသည် ယေရှုခရစ်တော်ကို အဓိကဇာတ်ကောင်အဖြစ်ရေးသားထားသည့် စာအုပ်ဖြစ်ပြီး၊ ဘာသာရေးစာအုပ်များအနက် ထူးခြားမှုအရှိဆုံးစာအုပ်ဖြစ်သည်။ ယင်းစာအုပ်၏ ထူးခြားဆုံးအရာမှာ ယေရှုခ ရစ်တော်သည် နှစ်ပေါင်းထောင်ကျော်ကတည်းက သမိုင်းကိုထိန်းချုပ်နိုင်သော စွမ်းအားရှိကြောင်းကို စာရေးသူ ကဖော်ပြထားပါသည်။

• သမ္မာကျမ်းစာသည် ယေရှု ခရစ်တော်ကို အဓိကဇာတ်ကောင်ပြုကာ ရေးသားထားသည်။
• သမ္မာကျမ်းစာသည် ယေရှုခရစ်တော်ပိုင်ဆိုင်သော လူမျိုးနွယ်စုများအတွက် ဖြစ်သည်။

**သမ္မာကျမ်းစာ၏ နောက်ဆုံးတွင် ပါရှိသော “နောက်ဆက်တွဲ” တွင် သမိုင်းအပေါ် ဘုရားသခင်၏ ထိန်းချုပ်မှု မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို ရှင်းလင်းဖော်ပြထားသည်။**

**သမ္မာကျမ်းစာ၏ အလွန်ထူးခြားပြီး အံ့အားသင့်စရာ အင်္ဂါရပ်တစ်ခုမှာ ၎င်း၏စာရေးသားသူသည် သမိုင်းအတွင်းဖြစ်မည့်အဖြစ်များကို နှစ်ပေါင်း ထောင်ကျော်မဖြစ်မီကတည်းက ထိန်းချုပ်ထားကြောင်း ပြသနိုင်ခြင်းပင်ဖြစ်သည်။**

ထို့ပြင်၊ သမိုင်းအပေါ်ထိန်းချုပ်မှုရှိသည်ဟုသာမက၊ သမ္မာကျမ်းစာသည်ထူးခြားသည့်အချက်အလက်များ စွာ လည်းရှိပါသည်။

• သမ္မာကျမ်းစာသည် နှစ်ပေါင်း ၂,၀၀၀ ကျော်ကြာအတွင်း၊ စာရေးသူ ၃၀ ကျော်ဖြင့်ရေးသားသော်လည်း၊ ၎င်း သည် ပြောင်းလဲမှုမရှိဘဲ ၊ အတည်ပြုထားသော သမိုင်းအထောက်အထားနှင့် သိပ္ပံနည်းကျ အချက်အလက်များ နှင့်လည်း လုံးဝကိုက်ညီမှုရှိသည်။

• ၎င်း ဘာသာပြန်ထားမှု၏ အရည်အသွေးနှင့် ပမာဏအရေအတွက်တို့မှာ မိမိခေတ်အဆက်ဆက်တွင်ရှိသော အခြားစာအုပ်များနဲ့ ညီမျှခြင်း၊ သို့မဟုတ် ပိုမိုကောင်းမွန်ခြင်းလည်းရှိသည်။ ၎င်း၏ အဓိက ဇာတ်ကောင်ဖြစ် သော ယေရှုခရစ်တော်၏ မျက်မြင်သက်သေမှတ်တမ်းများနှင့် သမိုင်းစာရွက်စာတမ်းများမှာလည်း ထိုခေတ် (ခ ရစ်နှစ် ဝ မှ ၁၀၀ အတွင်း) က မည်သည့်သမိုင်းဆိုင်ရာ ပုဂ္ဂိုလ်နဲ့မဆို နှီးစပ်မှု များစွာရှိသည်။

• သမ္မာကျမ်းစာတွင် ပါဝင်သောကဏ္ဍများဖြစ်သည့် မူရင်းကူးယူထားသော စာတမ်းအများအပြားသည် နှစ် ၂၀၀ ဝ ကျော်ပြီဖြစ်သော်လည်း ယနေ့ လက်ရှိမူရင်းနှင့် ကိုက်ညီနေပြီး၊ ၎င်းသည် သမ္မာကျမ်းစာ၏ အကြောင်းအရာ မပြောင်းလဲနိုင်ကြောင်းကို ဖော်ပြနေခြင်းလည်းဖြစ်ပါသည်။

• သမ္မာကျမ်းစာသည် သမိုင်းတလျှောက်၌ ဘုရားသခင်က မည်သို့အလုပ်လုပ်ခဲ့သည်ကိုဖော်ပြသည့် အကြောင်းအရာအမျိုးမျိုးနဲ့ ပြည့်နှက်နေပြီး၊ ၎င်းဇာတ်လမ်းများသည် သမိုင်းအထောက်အထားများနှင့်လည်း ကိုက်ညီမှုရှိသည်။

• သမ္မာကျမ်းစာသည် အနာဂတ်တွင် နိုင်ငံများနှင့် အစိုးရများစွာ၌ ဖြစ်ပေါ်လာမည့်အဖြစ် အပျက်များကို များစွာဖော်ပြထားသည်။ ထိုခန့်မှန်းချက်များအနက် အများအပြားမှာ ယခုတွင်ဖော်ပြနေပြီဖြစ်သည်။ ထို့အပြင် ယေရှုကြီးပြင်းခဲ့သောနိုင်ငံအကြောင်း ထူးခြားသောခန့်မှန်းချက်များ ပါဝင်သည်။ ထို ခန့်မှန်းချက်များသည် ယနေ့အချိန်ထိ ဖြစ်ပေါ်နေဆဲဖြစ်သည်။

**ပြောင်းလဲခြင်း အသက်တာ**

ယေရှုခရစ်တော်နှင့် အချင်းချင်းပုဂ္ဂိုလ်ရေးဆက်ဆံမှုရှိသောလူများစွာ၏အသက်တာပြောင်းလဲခြင်းသည် အံ့သြဖွယ်မဟုတ်ပါ။ သူ့နောက်လိုက်များသည် များစွာသောနိမိတ်လက္ခဏာများကိုမြင် တွေ့ကြပြီးနောက် သူ့ထံမှ သင်ယူမှုများရှိခဲ့ကြသည်။ ယေရှုမိန့်တော်မူသည့်အရာများအတွက် သူတို့သည် အလွန်တက်ကြွခဲ့ကြသော်လည်း၊ ခရစ်တော်ဖမ်းဆီးနှိပ်စက်သည်ကို တွေ့မြင်သည့်အခါ မိမိတို့ သည်ခရစ်တော်၏ တပည့်တော်များဖြစ်ကြသည်ကိုပင် မပြောရဲကြတော့ပဲ အလွန်စိတ်ပျက်ကြောက် ရွံ့ခဲ့ကြသည်။ သူတို့သည်အမှန်တကယ်ပြောင်းလဲကြပြီး၊ ယေရှုခရစ်တာ်ရှင်ပြန်ထမြောက်ပြီးနောက် ရက်ပေါင်း ၄၀ အတူ စားသောက်နေထိုင်ခဲ့ကြသည်။ ယေရှုခရစ်တော်သည် ခန္ဓာကိုယ်နဲ့ သုံးရက်မြောက်နေ့တွင် ရှင်ပြန်ထမြောက်ခဲ့သောအဖြစ်ကို မျက်မြင်တွေ့ရှိကြောင်း သက်သေမခံခဲ့ကြသော်လည်း  နောက်ဆုံးတွင် ကောင်းကင်သို့ တက်ကြွသွားသည်ကို မြင်တွေ့ကြပြီး၊ သူတို့၏အတွေးအခေါ် ပါလုံးဝဥသုံပြောင်းလဲကာ ခရစ်တော်အတွက် ဘဝတစ်လျှောက်လုံးသက်သေများဖြစ်လာခဲ့ကြသည်။

ယေရှုခရစ်တော်၏ ရန်သူဖြစ်ခဲ့သော ပေါလုသည်လည်း ခန္ဓာကိုယ်ဖြင့် ရှင်ပြန်ထမြောက်ခဲ့သော ယေရှုခရစ်တော်ကို ကိုယ်တိုင်မြင်ပြီးနောက် ပြောင်းလဲသွားခဲ့သည်။ ထို့နောက် ပေါလုသည် ယေရှုခရစ်တော်၏ အခြားတပည့်တော်များနှင့် မိတ်ဖွဲ့ကာ ယေရှုခရစ်တော်၏ သွန်သင်ချက်များကို ကမ္ဘာတစ်ဝှမ်းရှိ လူသားတိုင်းက လက်တွေ့ကျင့်သုံးရန် ရေးသားထားခဲ့သည်။

# စာအုပ် (၁)
# ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ

**"ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ" မှ ဘုရားသခင်ကိုမည်ကဲ့သို့သိရှိလာမည်နည်း။**

ကြီးမြတ်တော်မူသော ကျွန်ုပ်တို့၏ဖန်ဆင်းရှင်သည် လူများ၏အသက်တာ၌ မိမိအကြောင်းကို ဖော်ပြထားသောအရာများနှင့်အတူ ညွှန်ကြားချက်အမျိုးမျိုးပါဝင်သောသက်သေအဖြစ်သမ္မာကျမ်းစာကိုပေးထားသည်။ ဘုရားသခင်သည် သမိုင်းတစ်လျှောက်တွင် မိမိလူတို့နှင့်မည်သို့ လုပ်ဆောင်ခဲ့သည်ကို နားလည်လာပြီး သူ၏ကြီးမြတ်ခြင်းနှင့် တည်ရှိမှုအမှန်တရားအကြောင်းကို နက်နဲစွာ သိလာနိုင်သည်။ သင် (သို့) မည်သူမဆို ဘုရားသခင်၏ သမ္မာတရားများနှင့် မိမိ၏အသက်ရှင်ပုံ၊ စဥ်းစားတွေးခေါ်ပုံကို ကိုက်ညီအောင်ချိန်ညှိသည့်အခါ၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်း တို့သည် မျှော်လင့်ထားသည့်ထက် ပို၍ပြည့်စုံ လာမည်ဖြစ်ပါသည်။ ဘုရားသခင်သည် မည်မျှကြီး မြတ်ကြောင်း၊ သူ၏ဂုဏ်အင်္ဂါလက္ခဏာများနှင့် ကတိတော်များကို သဘောပေါက်လာလေလေ၊ သင်သည် သူ့ကိုပို၍ချစ်လေ၊ သင်၏ဘဝကို သူ့အလိုတော်အတိုင်းပြုပြင်လိုစိတ် ပိုမိုဖြစ်လာမည်ဖြစ်သည်။ အလားတူ သင်၏လူမှုဆက်ဆံရေးများတွင်လည်း မခံစားဖူးတဲ့ထူးခြားသော ပြုပြင်ပြောင်းလဲမှုကို ဖြစ်ပေါ်လာမည်ဖြစ်သည်။ သင်သည် ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းကို နားလည်လာသည့် အခါတိုင်း ပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်လာမည်ဖြစ်သည်။ ဤ "**ဘုရားသခင်အကြောင်း အခြေခံသိ ကောင်းစရာများ"** လက်စွဲစာအုပ်က ဘုရားသခင်အကြောင်းကို သိမြင်၊ နားလည်စေရန် သင့်ကိုကူညီ ပေးမည်ဖြစ်သည်။ မည့်နည်းလမ်းများအတိုင်း စီစဥ်ထားခြင်းဖြစ်သည်။ ဤစာအုပ်တွင် ဘုရားသခင်သည် မိမိကိုယ်ကိုနည်းလမ်းမျိုးစုံနဲ့ ထင်ရှားဖော်ပြသည့်အရာကို အပိုင်းလေးပိုင်းဖြင့် ခွဲထားဖော်ပြထားသည်။

**ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ**

၁။ သမိုင်း၌ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြခြင်း
၂။ ဘုရားသခင်၏ ကယ်တင်ခြင်း
၃။ ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ
၄။ ဘုရားသခင်၏ ကတိတော်များ

**လမ်းညွှန်**

အဖြစ်အပျက်များနှင့် လူတို့အကြောင်းကို လေ့လာသည့် “သမိုင်းတစ်လျှောက် ဖော်ပြထားသောဘုရားသခင်၏ ကြီးမြတ်ခြင်း” ဟူသော ပထမပိုင်းကို သင်လေ့လာသည့်အခါ၊ ဘုရားသခင်သည် မည်သူ ဖြစ်ပြီး၊ မည်သည့်အရာများကိုပြုလုပ်ခဲ့သည် စသည်တို့ကို ဆက်လက်မြင်တွေ့ရမည် ဖြစ် သည်။ သင်တွေ့ရှိထားသည့်အချက်များကို “ဘုရားသခင်၏ ကယ်တင်ခြင်း၊” “ဘုရားသခင်၏ဂုဏ် အင်္ဂါလက္ခဏာများ” နှင့် “ဘုရားသခင်၏ ကတိတော်များ” စသည့် မှတ်စုစာအုပ်များတွင် ရေးမှတ် ထားနိုင်မည်ဖြစ်ပါသည်။ ဤမှတ်စုစာအုပ်များဖြစ်သော “ဘုရားသခင်၏ ကယ်တင်ခြင်း” “ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ” နှင့် “ဘုရားသခင်၏ ကတိများ” အ

ပိုင်းများတွင် စာမျက်နှာများစွာ အလွတ်ချန်ထား လျှက်ရှိပါသည်။ ဤလက်စွဲစာအုပ်ကို ပုံနှိပ်လျှင်၊ "သမိုင်းတစ်လျှောက် ဖော်ပြထားသောဘုရားသခင်၏ ကြီးမြတ်ခြင်း" အပိုင်း၌ ဘုရားသခင်နှင့်ပတ်သက်သော သင်၏လေ့လာတွေ့ရှိ ချက်များကို ထိုချန်ထားသောနေရာများတွင် ရေးသားမှတ်ထားရန်အတွက် နေရာများဖြစ်လာမည်။

ဥပမာ၊ "သမိုင်းတစ်လျှောက် ဖော်ပြထားသော ဘုရားသခင်၏ ကြီးမြတ်ခြင်း" ခေါင်းစဉ်သည် "ဖန်ဆင်းခြင်း" အကြောင်းကိုဖော်ပြထားသည်။ ကမ္ဘာဦးကျမ်း အခန်းကြီး **၁ -၂** ဖတ်ရှုရန် ဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁း၁ တွင် "ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော် မူ၏။" လို့ရေး သားထားသည်။ ၄င်းသည် ဘုရားသခင်အကြောင်းကို ဖော်ပြနေသောအရာဖြစ်သည်။ ဤဖော်ပြချက်တွင် ဘုရားသခင်အကြောင်းကို သင်မည်သို့မြင်နိုင်ပါသနည်း၊ ဘုရားသခင်မှာ ဖန်ဆင်းနိုင်စွမ်းရှိသည် ကို သင်မြင်နိုင်ပါသလား။ ဤတွေ့ရှိချက်ကို မည်သည့်နေရာတွင် ရေးသားနိုင်ပါသနည်း? "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ" ဆိုသည့် အခန်းတွင်သာ ရေးသင့်ပါသည်။ အကြောင်းမှာ ၄င်းသည် "ဘုရားသခင်၏ ကယ်တင်ခြင်း" သို့မဟုတ် "ဘုရားသခင်၏ ကတိတော်များ" နဲ့သာ တိုက်ရိုက် သက်ဆိုင်သောကြောင့်ဖြစ်ပါသည်။ "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ" ခေါင်းစဉ်အောက်တွင် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ အကြောင်းမတူညီသောမေး ခွန်းပုံစံအချက် ၁၀ ခုကို တွေ့မြင်ရပါလိမ့်မည်။

**၁။ "ဘုရားသခင်တွင် စွမ်းအား ဘယ်လောက် ရှိပါသလဲ?"** ဆိုတဲ့ မေးခွန်းဖြစ်သည်။

အဲဒီမေးခွန်းက ကမ္ဘာဦးကျမ်း ၁း၁ ထဲက တွေ့ရသည့်အတိုင်း "ဘုရားသခင်သည် ဖန်ဆင်းနိုင် သောစွမ်းအားရှိသည်" ဆိုတာပဲဖြစ်ပါတယ်။ ထို့ကြောင့် **"ဘုရားသခင်တွင် စွမ်းအား ဘယ်လောက် ရှိပါသလဲ?"** ဆိုသည့်ခေါင်းစဉ်ပါသောစာမျက်နှာကို ကြည့်ပြီး အောက်တွင်ဖော်ပြထားသောအလွတ် နေရာတွင် မိမိ၏တွေ့ရှိချက်များကို ရေးနိုင်ပါသည်။ ဥပမာ - ကမ္ဘာဦးကျမ်း **၁း၁** အရ "ဘုရားသခင် သည် ဖန်ဆင်းနိုင်သောစွမ်းရည်ရှိသည်။"

သမ္မာကျမ်းစာ ဖတ်ရှုသည့်အချိန်တိုင်းတွင် ဤနည်းလမ်းကို အသုံးပြုပြီး ဘုရားသခင် အကြောင်းတွေ့ရှိချက်များကို ရေးသားဖော်ပြဖို့ဖြစ်ပါသည်။ တွေ့ရှိချက်အချို့မှာ ဘုရားသခင်၏ အခြား ဂုဏ်အင်္ဂါလက္ခဏာများအကြောင်းဖြစ်နိုင်သလို၊ တချို့မှာ "ဘုရားသခင်၏ ကတိတော်များ" (သို့) "ဘု ရားသခင်၏ ကယ်တင်ခြင်း" အကြောင်းလည်းဖြစ်နိုင်ပါသည်။ သမ္မာကျမ်းစာဖတ်ရှုသည့် အချိန် တိုင်းတွင် ဘုရားသခင်အကြောင်းတွေ့ရှိချက်များကို ရေးသားမည့်စာမျက်နှာကိုဖွင့်ပြီး အကြောင်းအ ရာများကို ရေးသားထားလိုက်ပါ။

လာမည့်နေ့ရက်များတွင် သင်သည်ဘုရားသခင်အကြောင်းကို များစွာဖတ်ရှုမှတ်သားလေ့လာခြင်းအားဖြင့် ပိုမိုအံ့ဩဖွယ်၊ ခွန်အားအသစ်ကို ရရှိလာမှာဖြစ်ပါသည်။ သမ္မာကျမ်းစာ လေ့လာတိုင်း၊ ဝိညာဉ်တော်၏ ကူညီမစခြင်းကို တောင်းခံပြီး ဖတ်ရှုပါ။ သင်၏ စဉ်းစားတွေးခေါ်ပုံနဲ့ အသက်တာမှာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာမှာ ဧကန်မုချ ဖြစ်ပါသည်။

## လောက ပြဿနာများအတွက် အဓိက အဖြေ

ယေရှုခရစ်တော်သည် လောကီပြဿနာများအတွက် အဖြေဖြစ်ကြောင်း မိန့်တော်မူခဲ့ပြီး၊ သူ့နောက်လိုက်များကလည်း ယေရှုခရစ်သည် ပျက်စီးနေသောအရာအားလုံးအတွက် အကောင်းဆုံးသောအဖြေဖြစ်ကြောင်း ယုံကြည်လက်ခံကြသည်။ အကြောင်းမှာ ယေရှုခရစ်တော်သည် မိမိအား စိတ်နှလုံးသားအကြွင်းမဲ့ယုံကြည်သောသူကို ပြောင်းလဲစေနိုင်သောကြောင့် ဖြစ်သည်။ ဤကမ္ဘာ၏ အခြေခံပြဿနာသည် လူတိုင်း၏ မာန်

မာနတရား ပင်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်၊ အသိပညာ၊ အခြေ အနေများနှင့် ကမ္ဘာပေါ်ရှိ ရှိသမျှသောအရာများ သည် လူသားတိုင်း၏ မာန်မာနကို မပြောင်းလဲစေ နိုင်ပါ။ လူတစ်ဦး၏ စိတ်နှလုံးကို ပြောင်းလဲစေနိုင်သူမှာ ဘုရားသခင်၏ ဝိညာဉ်တော်တစ်ပါးတည်း သာဖြစ်သည်။ ယေရှုသည် မည်သူဖြစ်ကြောင်း၊ မည်သည့်အရာကို လုပ်ဆောင်ပေးခဲ့ကြောင်းကို လက်ခံယုံကြည်ပြီး၊ သိရှိကြောင်းနားလည်လာသောအခါ ဝိညာဉ်တော်သည် ထိုသူ၏အထဲ၌ ကိန်းဝပ် လာသည်။ (ဖေက် ၁:၁၃-၁၄၊ ၂ ကော ၅:၁၇)။

မိမိတို့အသက်တာနှင့် ကမ္ဘာကြီး၏ လိုအပ်ချက်များအတွက် အကျိုးရှိသော အကူအညီကို လူတို့သည် မည်ကဲ့သို့တွေ့ရှိနိုင်မည်နည်း။ ထိုအဖြေများအားလုံးကို သမ္မာကျမ်းစာထဲတွင်တွေ့နိုင်သည်၊ ယေရှုခရစ်တော်သည် လောက၌ရှိစဉ် သွန်သင်ပေးခဲ့သည်။ ဘဝအသက်တာ၏ အခြေခံအမှန်တ ရားများကို ကျမ်းစာ၌ တွေ့နိုင်ပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သမ္မာတရားကို နားလည်သိမြင်စေရန်အတွက် တစ်ဦးချင်းစီအား ကူညီပေးမည်ဟုလည်း ဟောကြားရှင်းပြခဲ့သည်။

### သင် ပြောင်းလဲမည့် နည်းလမ်း

တပည့်တော်များနှင့် ရှင်ပေါလုကဲ့သို့ သင်သည် ယေရှုခရစ်တော်နှင့် ဘုရားသခင်သည် မည်သူဖြစ်သည်ကို ပိုမိုနားလည်ပြီး သမ္မာတရား၌ ပို၍ဆက်ကပ်အပ်နှံပါက သင်၏ စဉ်းစားတွေးခေါ်မှုများ နှင့် အသက်တာသည် အမှန်တကယ်ပြောင်းလဲလာမည်ဖြစ်သည်။ သင်သည် ဘုရားသခင်၏ ဖြစ်တည်မှုကို စဉ်းစားလေ ခရစ်တော်အားဖြင့် ဖွင့်ပြလာသည့်အတိုင်း သင်သည် ထူးခြားသောပုဂ္ဂိုလ်ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ပေါလုက ဤသို့ ဆုတောင်းခဲ့ပါသည်—

> "ဆုတောင်းသောအချက်ဟူမူကား၊ ငါတို့သခင်ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီးသော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကိုသိခြင်းအလိုငှါ ပညာကိုငှင်း၊ ထိုး ထွင်းသောဉာဏ်ကိုငှင်း၊ သင်တို့အားပေးပါမည်အကြောင်း၊ ခေါ်တော်မူသောကြောင့်မြော် လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုငှင်း၊ သန့်ရှင်းသူတို့သည် ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကားအဘယ်မျှလောက်ကြီးသည်ကိုငှင်း၊ ယုံကြည်သောငါတို့၌ ပြတော် မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုငှင်း၊ သင်တို့ သည်သိစေခြင်းငှါ၊ သင်တို့၏ ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း ဆုတောင်းပဌနာပြု ၏။" (ဖေက် ၁:၁၇-၁၉)။

ပေါလုက ၂ ကော ၃း၁၈ တွင်လည်း ဤသို့ရေးသားထားသည်—

"ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည့်အတိုင်း၊ ငါတို့သည် ဘုန်းအသရေ တိုးပွါး၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏။" (၂ ကော ၃း၁၈)။

လူအချို့က ယေရှုခရစ်တော်ကို မိမိတို့၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်ကြပြီး၊ ခရစ်တော်အကြောင်း ဖတ်ရှုလေ့လာခြင်း၌ အလွန်ဝမ်းမြောက်တတ်ကြသော်လည်း ပျော်ရွှင်သောအိမ်ထောင်မိသားစုဖြစ်ရန်အတွက် ခရစ်တော်သည် စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ကိုမူ နားမလည်ကြပေ။ တခြားသောခရစ်ယာန်များက

လည်း ယေရှုသည် လူတစ်ဦးကို ခရစ်ယာန်ဖြစ်အောင်ကူညီပေးရန်အတွက် စံနမူနာဖြစ်သည်ကို နားမလည်ကြ သလို၊  အသင်းတော်ကို တည်ထောင်ရန်အတွက်လည်း စံနမူနာဖြစ်သည်ကို သဘောမပေါက်ကြပေ။ တကယ် တော့ ယေရှုသည် ကျွန်ုပ်တို့ဘဝအသက်တာတိုင်း၌ အရေးကြီးဆုံးသော စံနမူနာပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

- သူသည် ချစ်ခြင်းမေတ္တာနှင့် အချင်းချင်းဆက်ဆံမှုတိုင်းအတွက် စံနမူနာဖြစ်သည်။
- သူသည် ခေါင်းဆောင်မှုအတွက် စံနမူနာဖြစ်သည်။
- သူသည် ကူညီမစခြင်းနှင့် အစေခံခြင်းအတွက် စံနမူနာဖြစ်သည်။
- သူသည် လုပ်ငန်းဆောင်ရွက်မှုနှင့် ရင်နှီးမြှုပ်နှံမှုအတွက် စံနမူနာဖြစ်သည်။
- သူသည် ပညာရေးအတွက် စံနမူနာဖြစ်သည်။

## ယေရှုခရစ်ကို သိရှိရန်အတွက် ကူညီပေးသော အချက်များ

သင်သည် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ကိုသိရှိရန်အတွက် ဤသင်တန်းလက်စွဲ စာအုပ်သုံးအုပ် ကို ပြုစုထုတ်ဝေထားပါသည်။ ထိုစာအုပ်သုံးအုပ်သည် **အခြေခံသိကောင်းစရာများ** ဟု ခေါ်သည်။ ယင်းစာအုပ် သုံးအုပ်သည် ကျမ်းစာအားဖြင့် ဘုရားသခင်နှင့် ယေရှုခရစ်ကို သိရှိရန်အ တွက် တံတားတစ်စင်းသဖွယ် ဖြစ်ကြ သည်။

• **စာအုပ် (၁) – "ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ**" က ဘုရားသခင်သည် မည်သူဖြစ် သည်၊ ကျွန်ုပ်တို့အတွက် မည်သည့်အရာကို လုပ်ဆောင်ပေးခဲ့သည်စသည်တို့ကို ကျမ်းစာအားဖြင့် သိရှိနိုင်ရန် ကူ ညီပေးသည်။

• **စာအုပ် (၂) – "ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ**" က ဘုရားသခင် သည် သင်အား မည်သည့်အရာကို ဆုံးမသွန်သင်သနည်း၊ ယေရှုသည် သင့်အား မည်ကဲ့သို့ စံနမူနာပြသပေးခဲ့သ နည်း စသည်တို့ကို ကျမ်းစာအားဖြင့် သိရှိနိုင်ရန် ကူညီပေးသည်။

• **စာအုပ် (၃) – "ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ**" က သင်၏ သင်ယူ လေ့ လာမှုနှင့် သင်ကြားမှုအတွက် ဘုရားသခင်ဖန်ဆင်းထားသော လူမှုပတ်ဝန်းကျင်ကို သိရှိ ရန်ကူညီပေးသည်။ ၎င်း သည် ရုပ်ပိုင်းဆိုင်ရာ မိသားစုနှင့် ဝိညာဉ်ရေးဆိုင်ရာ မိသားစုဖြစ်ကြောင်းကို ကျမ်းစာက ရှင်းပြထားသည်။

ဤသင်ကြားရေးလမ်းညွှန် စာအုပ်သုံးအုပ်သည် ဘုရားသခင်အကြောင်းနှင့် မိမိလုပ်ဆောင်ခဲ့သောလုပ် ငန်းများအကြောင်းကို ကျမ်းစာကတဆင့် ပိုမိုနားလည်လာစေရန် ရည်ရွယ်ထားသည်။ ဘုရားသခင်သည် လော ကတွင်၊ ဝမ်းမြောက်မှုအပြည့်အဝရှိသော ဘဝကိုနေထိုင်နိုင်ရန် လိုအပ်သမျှ သောအရာတို့ကို ကျွန်ုပ်တို့အား ပေး ထားသည်။ ယေရှုခရစ်တော်နှင့်အတူ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသောအချင်းချင်းဆက်ဆံရေးသည် အဓိကအ ချက်တစ်ရပ်အမြဲဖြစ်ရမည်။

သူသည်သာ သင့်ဘဝ၏ ရုပ်ပိုင်း၊ ဝိညာဉ်ပိုင်းနှင့် စိတ်ခံစားမှုတိုင်း၌ အမြဲတစေ ဘဝ၏ အရင်းအမြစ်ဖြစ် သည်။

# အကြောင်းအရာများ

## စာအုပ် (၁) – ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ


**ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း** **စာမျက်နှာ**

- ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ကြီးမြတ်ခြင်းကို ဖော်ပြခြင်း ... ၁၅
- သမိုင်း၌ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြခြင်း ... ၁၆
- ပြန်လည်သင့်မြတ်ခြင်းအတွက် ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော် ... ၁၈
- ဘုရားသခင်၏အကြံအစည်တော်နှင့် အခြားအကြံအစည်တော်များကိုဖော်ပြသော အချိန်ဇယားများ ... ၂၀
- အဖြစ်အပျက်အချိန်ဇယားများအတွက် ကျမ်းချက်များ ... ၂၅
- လူပုဂ္ဂိုလ်များနှင့် သမ္မာကျမ်းစာအဖြစ်အပျက်များအကြောင်း အသေးစိတ် ... ၂၈

**ဘုရားသခင်၏ ကယ်တင်ခြင်း (မှတ်စု စာမျက်နှာများ)** **... ၄၅**

၁။ လူတို့၏ ပြဿနာများ ... ၄၆
၂။ လူတို့၏ အားနည်းချက်များ ... ၄၇
၃။ ဘုရားသခင်၏ ထောက်ပံ့ပေးခြင်း ... ၄၇
၄။ ဘုရားသခင်အား လူတို့၏ တုံ့ပြန်မှုများ ... ၄၈
၅။ မိမိလူတို့အာပေါ် ဘုရားသခင်၏ အာမခံချက်များ ... ၄၉

**ဘုရားသခင်၏ ဂုဏ်အင်္ဂါ လက္ခဏာများ (မှတ်စု စာမျက်နှာများ)** **... ၅၀**

၁။ ဘုရားသခင်၏ တန်ခိုးတော် ... ၅၁
၂။ ဘုရားသခင်၏ အတူပါရှိခြင်း ... ၅၂
၃။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ
(ဂရုဏာတော်၊ ကြင်နာသနားခြင်းနှင့် ကျေးဇူးတော်) ... ၅၂
၄။ ဘုရားသခင်၏ ဉာဏ်ပညာ ... ၅၃
၅။ ဘုရားသခင်၏ တရားမျှတခြင်း ... ၅၄
၆။ ဘုရားသခင်၏ ထိန်းချုပ်မှုနှင့် အုပ်စိုးတော်မူခြင်း ... ၅၅
၇။ ဘုရားသခင်သည် ထာဝရတည်ရှိခြင်း ... ၅၅
၈။ ဘုရားသခင်၏ သစ္စာတော် ... ၅၅
၉။ ဘုရားသခင်၏ စုံလင်ခြင်းနှင့် သန့်ရှင်းခြင်း ... ၅၆
၁၀။ ဘုရားသခင်၏ ကူညီမစခြင်း ... ၅၆

**ဘုရားသခင်၏ ကတိတော်များ (မှတ်စုစာမျက်နှာများ)** … ၅၈

၁။ ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်း ကတိတော်များ … ၅၈
၂။ ဘုရားသခင်၏ အတူပါရှိခြင်း ကတိတော်များ … ၅၉
၃။ ဘုရားသခင်၏ ဦးဆောင်ခြင်းနှင့် လမ်းပြခြင်း ကတိတော်များ … ၅၉
၄။ ဘုရားသခင်၏ စောင့်ရှောက်ခြင်း ကတိတော်များ … ၅၉
၅။ ဘုရားသခင်၏ ဉာဏ်ပညာနှင့်ဆိုင်သော ကတိတော်များ … ၆၀
၆။ ဘုရားသခင်၏ ထောက်ပံ့ခြင်းနှင့် ဆုကျေးဇူးများဆိုင်ရာ ကတိတော်များ … ၆၀
၇။ ဘုရားသခင်၏ အနာငြိမ်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာကတိတော်များ . ၆၀
၈။ ဘုရားသခင်၏ ကူညီမစခြင်းနှင့် ခွန်းအားပေးခြင်းဆိုင်ရာ ကတိတော်များ … ၆၄
၉။ ဘုရားသခင်၏ စုံစမ်းစစ်ဆေးခြင်းနှင့်ဒုက္ခဆင်းရဲခြင်းနှင့်ဆိုင်သော ကတိတော်များ … ၆၁
၁၀။ ဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးနှင့်ဆိုင်သော ကတိတော်များ … ၆၁


**နောက်ဆက်တွဲ** … ၆၂

# ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြခြင်း

## ဘုရားသခင်သည် သူ၏ ကြီးမြတ်တော်ခြင်းကို ဖန်ဆင်းခြင်းအားဖြင့် ဖော်ပြသည်။



ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းအကြောင်းကို အလွန်သေးငယ်သော အဏုကြည့် မှန်ပြောင်းဖြင့် အဝေးမြင်ကွင်းနှင့် အနီးကပ်မြင်ကွင်း နှစ်ခုလုံးနဲ့ ဖော်ပြထားပါသည်။ ၎င်းသည် ဘုရားသခင်၏ ဖန်ဆင်းခြင်းကို သိသာထင်ရှားစေပါသည်။ လူတို့သည် ကမ္ဘာကြီး၏ အစိတ်အပိုင်းတွင်ပါဝင်သည့် ရှုပ်ထွေးမှုနှင့် အံ့သြဖွယ်ဖြစ်သောပုံစံဒီဇိုင်းအကြောင်းကို စဥ်ဆက်မပြတ် လေ့လာသင်ယူနေကြရသည်။ သန်းပေါင်းများစွာသော ကြယ်များနှင့်နက္ခတ်တာရာ များစွာပါဝင်သည့်ကျယ်ပြန့်သော ကမ္ဘာကြီးကို သိပ္ပံပညာရှင်များက လေ့လာလေလေ မေးခွန်းများစွာ ထုတ်လေဖြစ်ကာ၊ ၎င်းသည် နားလည်၍ မရလောက်အောင် ရှုပ်ထွေးကြောင်းကို ပိုမိုသိရှိလာကြသည်။ ထိုသို့ သိပ္ပံပညာရှင်များက လူ့ကိုယ်ခန္ဓာ၏ အသေးစိတ်နှင့် DNA ၏ ရှုပ်ထွေးမှုများကို လေ့လာသည့် အခါတွင်လည်း ၎င်းသည် အလားတူနားလည်ရန် ခက်ခဲသောပုစ္ဆာတစ်ပုဒ်ဖြစ်လာကာ မေးခွန်းများအထပ်ထပ် ပေါ်လာပြန်သည်။ လူတို့သည် လူ့ပတ်ဝန်းကျင်ရှိ အရာအားလုံးကို လေ့လာသည့်အခါတိုင်း ထိုသို့သောအဖြစ်အပျက်များ ဖြစ်ပေါ်လာစမြဲဖြစ်ပါသည်။



ထိုအံ့ဖွယ်သော ရှုပ်ထွေးမှုများသာမက၊ အလှအပနှင့် အမျိုးစုံသောအရာများ အားလုံးသည်လည်း အံ့သြဖွယ်ရာများပင်ဖြစ်ကြသည်။ ကမ္ဘာတစ်ဝှမ်းရှိ ထောင်ချီသည့် လိပ်ပြာမျိုးစုံထဲမှ မြင်တွေ့ရသော အလှအပမျိုးစုံသည် အလွန်အံ့သြဖွယ်ကောင်းလှပေသည်။ လိပ်ပြာများသည်လည်း သန်းပေါင်းများစွာရှိသည့် ပိုးမွှားမျိုးစုံ၏ တစိတ်တပိုင်းသာ ဖြစ်ကြသည်။ ထိုပိုးမွှားများမှာလည်း အရွယ်အစား၊ ပုံသဏ္ဌာန်၊ ပုံစံ၊ အရောင်မျိုးစုံ ခြားနားကြသည်။ ပိုးမွှားတို့သည် ကမ္ဘာတစ်ဝှမ်းရှိ တိရစ္ဆာန်နှင့် အပင်မျိုးစုံထဲမှ တစ်စိတ်တစ်ပိုင်းများသာဖြစ်ကြသည်။ အပင်နှင့် တိရစ္ဆာန်များ၏ အပြင်ပန်းသဏ္ဌာန် အလှအပများသာမက၊ ၎င်းတို့ ထုတ်လုပ်သောအသံမျိုးစုံ၊ လှုပ်ရှားမှုများ၊ အကျင့်များ၊ ပြန်လည်မျိုး ပွားခြင်း နည်းလမ်းများသည်လည်း အံ့မခန်းပင်ဖြစ်ပါသည်။ လူတိုင်းသိကြသည်မှာ အံ့သြဖွယ်ရာနှင့် ရှုပ်ထွေးလှသောအရာများသည် သူ့ဖာသာသူ မဖြစ်လာပါ။ အတွေ့အကြုံများစွာအပေါ်မူတည်ပြီး၊ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုစွမ်းရည်နှစ်ခုလုံးပါဝင်သည့် ရှုပ်ထွေးသော ပုံစံဖော်ထုတ်မှုတိုင်းတွင် ပြုလုပ်သူဒီဇိုင်နာတစ်ဦး အမြဲတစေရှိတတ်စမြဲဖြစ်သည်။ ထို့ကြောင့် လောကကမ္ဘာကြီးကို ဖန်ဆင်း ပြုပြင်တော်မူသောသူသည် အခြားအရာအားလုံးထက်ပို၍ ဉာဏ်ပညာစွမ်းရည်ရှိရမည်သာဖြစ်သည်။ ထိုကြောင့် သမ္မာကျမ်းစာက "အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသောအရာများကို ထောက် ရှု့သဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင် ၏ အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ ထိုကြောင့်သူတို့သည် ကိုယ် အပြစ်ကို မဖုံးနိုင်ရာ။" (ရောမ ၁:၂၀) ဟု ဆိုထားပါသည်။

## သမိုင်း၌ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြခြင်း

ဘုရားသခင်သည် ဖန်ဆင်းခြင်း၌သာမက သမိုင်းတစ်လျှောက်၌လည်း သူ၏ကြီးမြတ်တော်မူခြင်းကို ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် သမိုင်းကို လေ့လာသည့်အခါ၊ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို နည်းလမ်းမျိုးစုံဖြင့် ဖော်ပြခဲ့ကြောင်း မြင်တွေ့နိုင်ပါသည်။ နှစ်ပေါင်းထောင်ကျော် လူ့သမိုင်းကို လေ့လာသည့်အခါ ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားကြောင်းတွေ့ရသည်။ လူတစ်ဦး တစ်ယောက်၏ အသေးစိတ်ကို လူ့သမိုင်းတစ်လျှောက်လေ့လာသည့်အခါတွင်လည်း အလားတူ အမှန်တရားကို တွေ့မြင်ရမည်ဖြစ်သည်။

ဘုရားသခင်သည် သူ၏ကြီးမြတ်တော်မူခြင်းကို အချိန်ကာလကြာရှည်သောအတွင်း၌လည်းအသေးစိတ်ကို ဖော်ပြခဲ့သည်။ ထို့အပြင် အသေးစိတ်အချက်အလက်တစ်ခုချင်းစီကိုပါ ပြသခဲ့သည်။ ဖန်ဆင်းခြင်း၌ဖြစ်စေ၊ သမိုင်း၌ဖြစ်စေ၊ ဘုရားသခင်သည် မိမိကိုယ်ကိုထင်ရှားစွာ ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် မိမိကိုယ်ကို သမ္မာကျမ်းစာ၌ အဓိကဇာတ်ကောင်တစ်ဦးဖြစ်သည့် အာဗြဟံအားဖြင့် ကြီးမားသောနည်းလမ်းနှင့် အသေးစိတ်နည်းလမ်း နှစ်ခုလုံးကို ဖော်ပြခဲ့သည်။ အာဗြဟံသည် ခန့်မှန်း ခြေနှစ်ပေါင်းလေးထောင်တိုင်အောင် ကျော်ကြားခဲ့သော လူတစ်ဦးဖြစ်သည်။ ဘုရားသခင်သည် အဗြ ဟံ၏ ဘဝအသက်တာ၌ ထူးဆန်းသောအဖြစ်အပျက်ကို လုပ်ဆောင်ပေးခဲ့ပြီး၊ လာမည့်နှစ်ပေါင်းများစွာအတွင်း ဘုရားသခင်ပြုလုပ်မည့်အကြံအစည်ကိုလည်း အာဗြဟံအား ပြသခဲ့သည်။ ဘုရားသခင်က အာဗြဟံအား "တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက်လာသည်ကား၊ ဤသူသည် သင်၏ အမွေခံမဖြစ်ရ။ သင်၏ ကိုယ်ထဲက ထွက်သောသူသည် သင်၏ အမွေခံဖြစ်လိမ့်မည်ဟု မိန့်တော်မူပြီးလျှင်၊ အာဗြံကိုပြင်သို့ ထုတ်ဆောင်တော်မူ၍၊ မိုဃ်းကောင်းကင်ကို မြော်ကြည့်လော့။ ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့။ သင်၏အမျိုးအနွယ်သည်ထိုသို့ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။" ဟု ဆိုသည်။ (ကမ္ဘာ ၁၅:၄-၅)

အာဗြဟံ၏ ဇနီးစာရာအတွက် အသက် ၉၀ ကျော်မှ သားမွေးခြင်းသည် တမူထူးခြားသော အဖြစ်အပျက် ဖြစ်ပါသည်။ ထိုအရာကို ဘုရားသခင်က အာဗြဟံသား၏မျိုးဆက်သည် ကောင်းကင် ကြယ်ကဲ့သို့ ဖြစ်လိမ့်မည်ဟု ဘုရားသခင်က အာဗြဟံအား မိန့်တော်မူခဲ့သည်။ ဤအရာမှာ ဘုရားသခင်သည် အာဗြဟံနှင့်စာရာထံ၌ တိကျသော မိမိကိုယ်ကို ထင်ရှားဖော်ပြခဲ့သည့်အရာဖြစ်ပြီး၊ ၄င်း သည် လာမည့်အချိန်တွင် မျိုးဆက်သစ်များစွာအတွက် ကြီးမားသောအကြံအစည်တစ်ခုဖြစ်ကြောင်း လည်းဖော်ပြခဲ့သည်။

## သမိုင်းအားလုံးအတွက် ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်

ဘုရားသခင်သည် ကမ္ဘာပေါ်တွင်တိရစ္ဆာန်များနှင့် လူသားများကိုမဖန်ဆင်းမီအာဗြဟံအတွက် ဘုရားသခင်ထားသောအကြံအစည်တော်သည် သမိုင်းတစ်လျှောက်တွင် လူသားများအတွက် ဘုရားသခင်၏ကြီးမားသော အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဘုရားသခင်၏ ဥာဏ်တော်နှင့် တတ်စွမ်းနိုင်ခြင်းသည် ကျွန်ုပ်တို့လူသားထက် အလွန်အမင်းကွာခြားသောကြောင့် ဘုရားသခင်၏ စိတ်တော်ကိုနားမလည်နိုင်ပေ။ ဘုရားသခင်သည် ကမ္ဘာကြီးကိုမဖန်ဆင်းခြင်းမီ သူ၏အကြံအစည် တော်ရှိကြောင်းကို ဧဖက်သြဝါဒစာ အခန်း ၁ မှ ၃ တွင် ဖော်ပြထားသည်။

• "ဤကမ္ဘာမတည်မရှိမှီ ငါတို့ကိုခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ။ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ခပ်သိမ်းသော မင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အားပေးသနား တော်မူသော ငါတို့သခင်

ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ထို ဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့်၊ ငါတို့အား ပေးတော်မူသော ကျေးဇူးတော် ၏ ဘုန်းအသရေကိုချီးမွမ်းစေခြင်းငှါ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကိုရမည်အကြောင်း၊ အလိုတော်ရှိသောစေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။ ခပ်သိမ်းသောသတိပညာ တော်နှင့်လျော်စွာ ငါတို့၌အတိုင်းထက်အလွန်များလှစွာသော ကျေးဇူးတော်သည်ကြွယ်ဝပြည့်စုံသည် နှင့်အညီ၊ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသောရွေးနှုတ်တော်မူခြင်း ကျေးဇူးကို ငါတို့သည်ခံရကြ၏။" (ဧဖက် ၁:၄-၈)။

- ကမ္ဘာကြီးကို မဖန်ဆင်းမီ ဘုရားသခင်သည် အကြံအစည်တော်ရှိခဲ့သည်။
- ထိုအကြံအစည်တော်ထဲတွင် ဘုရားသခင်အား ဆန့်ကျင်ပြင်းပယ်သော အကြံအစည်တော်တည်းဟူသော ကျေးဇူးတော်နှင့် အပြစ်ခွင့်လွှတ်ခြင်းများလည်း ပါဝင်သည်။
- ဘုရားသခင်၏ အကြံအစည်တော်ထဲတွင် သူ၏သနားကြင်နာခြင်းကျေးဇူးတော်နှင့် ၎င်း၏ ကြွယ်ဝခြင်းလည်း ပါဝင်သည်။

• "စစ်၍မကုန်နိုင်သော ခရစ်တော်၏ ကြွယ်ဝပြည့်စုံခြင်း၏ ဧဝံဂေလိတရားကို တပါးအမျိုး သားတို့အား ဟောပြောခြင်းငှါ၎င်း၊ အလုံးစုံတို့ကို ယေရှုခရစ်အားဖြင့်ဖန်ဆင်းတော်မူသော ဘုရားသခင်၌ ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာနှင့် စပ်ဆိုင်သော သာသနာ သည် အဘယ်သို့ ဖြစ်သည်ကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှါ၎င်း၊ သန့်ရှင်းသူအပေါင်းတို့တွင် အငယ်ဆုံးသောသူထက်သာ၍ ငယ်သောငါ့အား ထိုကျေးဇူးတော်ကို ပေးတော်မူပြီ။ အဘယ်ကြောင့် နည်းဟူမူကား၊ ငါတို့သခင်ယေရှုခရစ်ကို အကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့်အညီ၊ ကောင်း ကင်အရပ်တို့၌ အထွဋ်အမြတ်အာဏာစက်တို့သည်၊ ဘုရားသခင်၏ ထူးဆန်းသောပညတ်တော်ကို အ သင်းတော်အားဖြင့် ယခုသိကြရမည် အကြောင်းတည်း။" (ဧဖက် ၃:၈-၁၁)။

- ဘုရားသခင်သည် မမြင်ရသော ကောင်းကင်နိုင်ငံ (ဝိညာဏလောက) သားများထံသို့ မိ မိ၏ ဉာဏ်ပညာကို ဖော်ပြလိုသည်။
- ထိုထာဝရအကြံအစည်တော်သည် ခရစ်တော်၌ ပြီးပြည့်စုံခဲ့သည်။
- ဘုရားသခင်၏ အကြံအစည်တော်သည် (ဘုရားသခင်နှင့် ဆက်နွယ်သောလူ) အသင်းတော်ကို အသုံးပြု၍ မိမိ၏ကြီးမြတ်တော်မူခြင်းကို ဖော်ပြရန်ဖြစ်သည်။

ဘုရားသခင်သည် ဤကမ္ဘာကို မဖန်ဆင်းမီ သူ၏ဉာဏ်တော်နှင့် ကျေးဇူးတော်ကို ဖော်ပြရန်အတွက် မိမိ၏အကြံအစည်တော်ရှိနှင့်တော်မူသည်ကို သမ္မာကျမ်းစာက ဖော်ပြထားသည်။ ဘုရားသ ခင်သည် မိမိ၏တတ်စွမ်းနိုင်ခြင်းထက် မိမိ၏ဖြစ်တည်ခြင်းသဘောတော် (ဉာဏ်ပညာနှင့် ကျေးဇူး တော်) ကို ပို၍ဖော်ပြလိုသောဆန္ဒရှိသည်။ ထို့အတွက် လူသားများအား မိမိ၏ချစ်ခြင်းမေတ္တာကို လက် ခံရန် (သို့) ငြင်းပယ်ရန်ဟူသောရွေးချယ်ပိုင်ခွင့်ကိုပြုလုပ်နိုင်ရန်အတွက် ကမ္ဘာကြီးကိုဖန်ဆင်းပေးခဲ့ သည်။ အားလုံးနားလည်ထားသည့်အတိုင်း ချစ်ခြင်းမေတ္တာသည် လူတိုင်းလိုချင်သည့်နည်းလမ်းအတိုင်း လွတ်လပ်စွာ ချစ်ခြင်းမေတ္တာနဲ့ တုံ့ပြန်ခွင့်မရှိလျှင် ၎င်းသည် ချစ်ခြင်းမေတ္တာဟု မဆိုနိုင်ပါ။

ဤအကြံအစည်တော်ကြောင့်၊ ဘုရားသခင်သည် မိမိချစ်တော်မူသောလူသားများနှင့် ကမ္ဘာကြီးကို ဖန်ဆင်းပေးခဲ့ပြီး၊ သူ၏ချစ်ခြင်းမေတ္တာကို လက်ခံရန် (သို့) ငြင်းပယ်ရန်ဟူသော အခွင့်အလမ်းနှင့် အစွမ်းအစများကိုလည်း ပြင်ဆင်ပေးထားခဲ့သည်။ ဘုရားသခင်သည် မိမိ၏ဉာဏ်တော်နှင့် ကျေးဇူးတော်ကိုဖော်ပြရန် မိမိချစ်သောလူသားများအား ပြန်လည်သင့်မြတ်ခြင်းနှင့်ပြန်လည်တည်ဆောက် ခြင်းအတွက် အံ့ဖွယ်သောအကြံအစည်တော်

ကို ဖန်ဆင်းပေးခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏ ကြီး မားသောအကြံအစည်တော်ဖြစ်ပြီး၊ ၎င်းကို ကမ္ဘာဦး ကျမ်းမှ ဗျာဒိတ်ကျမ်းအထိပါ ကျမ်းစာ၌ ဖော်ပြ ထားသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ဘုရားသခင်သည် သူ၏ကြီးမြတ်သောအကြံအစည်တော်ကို အကောင်အထည်ကူညီပံ့ပိုး လုပ်ဆောင်ရန်အတွက် ထပ်မံအစီအစဉ်အချို့ကိုလည်း ရေးဆွဲဖန်တီးပေးခဲ့သည်။ ဘုရားသခင်၏ ဥာဏ်တော်နှင့် ကျေးဇူးတော်၏ နက်ရှိုင်းခြင်းနှင့်လှပခြင်းကို ကျွန်ုပ်တို့နားမလည်နိုင်သော်လည်း ထိုအစီအ စဉ်အချို့သည် နှစ်ပေါင်းထောင်ကျော်ကတည်းက ဆက်စပ်လျက်ရှိပြီး၊ ထိုကြီးမြတ်သောအကြံအ စည်တော်ကို အကောင်ထည်ဖော် ပြီးပြည့်စုံစေခဲ့သည်။ ယင်းသည် လူသားတို့၏ နားလည်နိုင်စွမ်း ထက်ကျော်လွန်သော်လည်း၊ ဘုရားသခင်၏ကြီးမြတ်ခြင်းနှင့် ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ တွေ့ကြုံခံ စားဖို့လေ့လာသင်ယူရန်ဖြစ်ပါသည်။

ရန်ငြိမ်းချမ်းခြင်းအတွက် ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်နှင့် ၎င်းကို ထောက်ပံ့ပေးသော အဓိက စီမံကိန်းသုံးခု၏ အကျဉ်းချုပ်ကို အောက်တွင် ဖော်ပြထားပါသည်။

## ပြန်လည်သင့်မြတ်ခြင်းအတွက် ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်

### ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်

ယခု ဘဝနှင့် နောင်တမလွန်ဘဝနှစ်ခုလုံးအတွက် ဘုရားသခင်နှင့် ဆက်နွယ်မှုရှိခြင်းကို ပြန်လည်တည်ဆောက်ခြင်းသည် ပြန်လည်သင့်မြတ်ခြင်းအတွက် ဘုရားသခင်၏ကြီးမြတ်သော အကြံအစည်တော်ဖြစ်ပါသည်။ ဤပြန်လည်သင့်မြတ်ခြင်းအတွက် ကြီးမြတ်သောအကြံအစည်တော်နှင့် ၎င်းကို ပြည့်စုံစေရန် ဆက်စပ်နေသောအစီစဥ်အားလုံးကို နားလည်လေ၊ ဘုရားသခင်၏ အံ့သြဖွယ်ကြီးမြတ်ခြင်းကို ထင်ရှားစွာမြင်လာလေဖြစ်လာပါမည်။ ကြီးမြတ်သောအကြံအစည်တော်နှင့် အခြားသောအကြံအစည်တော်များသည် ယနေ့တိုင် ပြီးပြည့်စုံလျက်ရှိပြီး၊ လောက၌ ယေရှုခရစ်တော်သည် ဘုရင် တကာတို့၏ ဘုရင်အဖြစ်ကြွလာသောအခါ၌ ပြန်လည်သင့်မြတ်ခြင်းအတွက် ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်သည် ဆက်လက်ပြီး ပြီးပြည့်စုံလာမည်ဖြစ်ပါသည်။

### ဘုရားသခင်၏ အခြားအကြံအစည်တော်များ

ဘုရားသခင်သည် ဖန်ဆင်းခြင်းအားဖြင့် မိမိကိုယ်ကိုထင်ရှားခဲ့ပြီး ဆက်လက်၍ ထင်ရှားဖော်ပြနေဆဲဖြစ်ပါသည်။ သို့သော်လည်း (ကမ္ဘာဦးကျမ်း ၃) ၌ လူသားသည် ဘုရားသခင်အား ဆန့်ကျင်ဖက်ပြုပြီးနောက် ဘုရားသခင်သည် ပြန်လည်သင့်မြတ်ခြင်းအတွက် အကြံအစည်တော်ကို ဖော်ပြရန် စတင်လုပ်ဆောင်ခဲ့ပါသည်။ ပြန်လည်သင့်မြတ်ခြင်းအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေရန် အခြားအကြံအစည်တော်များစွာကိုလည်း စီမံဖန်တီးပေးခဲ့သည်။

## ဘုရားသခင်၏ အခြားအကြံအစည်တော်များ

ဘုရားသခင်စီရင်တော်မူသော အောက်ပါအခြေခံ အခြားအကြံအစည်တော် သုံးခုကို အကျဉ်းချုပ်ဖော်ပြ ထားပါသည်။ ဤအခြေခံ အခြားအကြံအစည်တော်သုံးခုသည် ကျွန်ုပ်တို့ ယနေ့တိုင် သင် ယူနေသော ပြန်လည် သင့်မြတ်ခြင်းအတွက် ဘုရားသခင်၏ အကြံအစည်တော်ရဲ့အစိတ်အပိုင်းများ ဖြစ် ကြပါသည်။ ဤအခြားအကြံ အစည်တော်တိုင်းသည် ရှုပ်ထွေးမှုနဲ့ဆက်စပ်နေသော်လည်း ဘုရား သခင်၏ စွမ်းဆောင်နိုင်ခြင်းနှင့် ဂုဏ်အင်္ဂါ လက္ခဏာများကို ပိုမိုကောင်းမွန်အောင် ဖော်ပြပေးထားပါ သည်။

### ၁။ မိသားစုတစ်စု (ဣသရေလလူမျိုးများ) အားဖြင့် ဘုရားသခင်၏ အခြားအကြံအစည်တော်

၎င်းသည် ကမ္ဘာဦးကျမ်း ၁၂ တွင်အာဗြဟံနဲ့ စတင်ခဲ့ပြီး၊ ယေရှုခရစ်တော်သည် ဘုရင်တကာ တို့၏ဘုရင် အဖြစ် ပြန်လည်ကြွလာသည်အထိ သမိုင်းတစ်လျှောက် ဆက်လက်အကောင်အထည် ဖော်လုပ်ဆောင်နေမည် ဖြစ်ပါသည်။ ၎င်းလူမျိုးစုများသည် အာဗြဟံ၏မြေး ဣသရေလမှ ဆင်းသက်လာသူများဖြစ်ကြသည်၊ သူတို့သည် လည်း မြေကြီးပေါ်တွင်ရောက်ရှိလာကြပြီး ကြီးမြတ်သောအကြံအ စည်တော်ကို ပြည့်စုံစေခြင်းအလို့ငှာ ဘုရား သခင်သည် မိမိ၏အကြံအစည်တော်ကို တည်စေခဲ့သည်။

### ၂။ (ယေရှုခရစ်တော်) လူသားအဖြစ်သို့ ဆင်းသက်လာခြင်းအတွက် ဘုရားသခင်၏ အခြားသော အကြံအစည် တော်

၎င်းသည် ကမ္ဘာဦးကျမ်း ၃ တွင် စတင်ခဲ့ပြီး၊ ဗျာဒိတ်ကျမ်းနောက်ဆုံးခန်းအထိ ဆက်လက် ဖော်ပြထား သည်။ ဘုရားသခင်သည် ယေရှုခရစ်တော် မွေးဖွားလာသည်အထိ ၎င်းပြည့်စုံခြင်းအတွက် သူ၏အကြံအစည် တော်အား ရှင်းလင်းဖော်ပြခြင်းနှင့် ကြိုတင်ဟောပြောခြင်းများကို လုပ်ဆောင်ပေး ခဲ့သည်။ ယေရှုသည် ၃၃ နှစ် သာ မြေကြီးပေါ်၌ အသက်ရှင်နေထိုင်ခဲ့သော်လည်း၊ သူသည် သမိုင်းတစ် လျှောက် လူသားအားလုံးအတွက် အ လွန်အရေးပါသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။

### ၃။ (အသင်းတော်) ဝိညာဉ်လူစုများ၏ လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်၏ အခြားသောအကြံအစည်တော်

ယေရှုခရစ်တော်သည် ဘုရားသခင်၏ ထာဝရမိသားစုဝင်ထဲသို့ ဝိညာဉ်ရေး၌ မွေးဖွားသော ပထမဆုံး ခေါင်းဆောင်လူသစ်များကိုဆုံးမသွန်သင်ခြင်းဖြင့် ၎င်း၏အကြံအစည်တော်ကိုမြင်သာအောင် အကောင်ထည် ဖော်ပြသခဲ့သည်။ ရောမဩဝါဒစာ ၄ တွင် ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ကိုး စားသောသူတို့သည် သမိုင်းတစ်လျောက် ဝိညာဉ်ရေး၌ မိသားစုဝင်များ အမှန်တကယ်ဖြစ်လာခဲ့ကြသည်။ ထိုဝိ ညာဉ်ရေးရာ ဘုရားသခင်၏ မိသားစုဝင်များသည် ဘုရားသခင်၏ကြီးမြတ်သောအကြံအစည်တော်ကိုသယ် ဆောင်သော အဓိကလူပုဂ္ဂိုလ်များဖြစ်ကြသည်။


ပြန်လည်သင့်မြတ်ခြင်း၏ ကြီးမြတ်သောအကြံအစည်တော်နှင့် အခြားအကြံအစည်တော် အချို့တို့သည် မြင်သာထင်သာအောင်လည်းကောင်း၊ အစိတ်အပိုင်းအနည်းငယ်ဖြင့်လည်းကောင်း ဘုရားသခင်၏ ကြီးမြတ်

တော်မူခြင်းကိုထင်ရှားစွာဖော်ပြသည်။ ဤလက်စွဲစာအုပ်၏ “**နောက်ဆက်တွဲ**” ခေါင်းစဉ်၏ နောက်ကျောဖက်တွင် အခြားအကြံအစည်တော်သုံးခုနှင့်အတူ ပြန်လည်သင့်မြတ်ခြင်း၏ ကြီးမြတ်သောအကြံအစည်တော်အကြောင်းကို အသေးစိတ်ရှင်းပြထားသည်ကို ဖတ်ရှု့လေ့လာနိုင်ပါ သည်။

## ဘုရားသခင်၏ အကြံအစည်တော်နှင့် အခြားအကြံအစည်တော်များကို ဖော်ပြသော အချိန်ဇယား

**ပြန်လည်သင့်မြတ်ခြင်းအတွက် သူ၏အကြံအ စည်တော်အားဖြင့် ဉာဏ်ပညာနှင့် ကျေးဇူးတော်ကို ဖော်ပြရန် ဘုရားသခင်၏ ကြီးမြတ်သော အကြံအစည်တော်**

**ပြန်လည်သင့်မြတ်ခြင်းအတွက် သူ၏အကြံအစည်တော်အားဖြင့် ဉာဏ်ပညာနှင့်ကျေးဇူးတော်ကို ဖော်ပြရန် ဘုရားသခင်၏ ကြီးမြတ်သော အကြံအစည်တော်**



အထက်ပါ အချိန်ဇယားတွင် ဘုရားသခင်သည် မိမိလူတို့နှင့် ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပေးရန် အကြီးမြတ်ဆုံးသော အကြံအစည်တော်ကို အနှစ်ချုပ်ဖော်ပြထားခြင်းဖြစ်သည်။ (မှတ်ချက် - ကြီးမားသော၊ ပုံနှိပ်အသုံးပြုနိုင်သော အချိန်ဇယားကို ဤဖော်ပြချက်အပြီးတွင် ထပ်မံဖော်ပြ ပေးထားသည်။) ဤအချိန်ဇယားတွင်ဘုရားသခင်၏အခြားသောအကြံအစည်တော်များကိုလည်းဖော်ပြထားပြီး၊ ၎င်းတို့သည် ဘုရားသခင်၏ကြီးမြတ်သောအကြံအစည်တော်ကို အကောင်အထည်ဖော် လုပ်ဆောင်ရန် သမိုင်းတစ်လျှောက် တွဲလျက်ချုပ်နှောင်ပေးထားပါသည်။

ဘုရားသခင်သည် မိမိကိုယ်ကိုယ်ဖော်ပြသည့် အဓိကနည်းလမ်းများအဖြစ် ဘုရားသခင်၏ အခြားသောအကြံအစည်တော်များ အချိန်ဇယားတွင် ပါဝင်လျက်ရှိပါသည်။ အခြားသောအကြံအစည်တော်တိုင်းသည် အလျားလိုက် မျဉ်းတန်းအလား စတင်ထားသည့်အတိုင်း လာမည့်အနာဂတ်အတွက်လည်း ဆက်လက်ရှိနေသည်ကို ကိုယ်စားပြုဖော်ပြထားပါသည်။ ဖန်ဆင်းသည့်နေ့မှစ၍ အဆုံးမရှိသောအနာဂတ်တိုင်အောင်ဖန်ဆင်းခြင်းအားဖြင့် ဘုရားသခင်သည် မိမိ၏ဉာဏ်ပညာနှင့်အစွမ်းသတ္တိကို ထင်ရှားဖော်ပြခဲ့ပြီး ၎င်းကို စာမျက်နှာထိပ်ပိုင်းတွင် ဖော်ပြထားပါသည်။ အောက်ခြေရှိ အလျား လိုက်မျဉ်းတန်းသည် ရက်စွဲမျဉ်းများဖြစ်ပြီး၊ ထိုမျဉ်းအောက်တွင် အရေအတွက်အမှတ်ဖြင့်လူတစ်ဦး ချင်းစီနှင့်ဖြစ်ရပ်များ၏ ခန့်မှန်း နေ့ရက်များကို ဖော်ပြထားပါသည်။

အချိန်ဇယားပေါ်တွင် မျဉ်းလေးခု (ရက်စွဲမျဉ်းမပါ) ကို အောက်ပါအတိုင်း အနှစ်ချုပ်ဖော်ပြပြီး၊ သမိုင်းတလျှောက် ဘုရားသခင်သည် မိမိကိုယ်ကိုယ်ကို ထင်ရှားဖော်ပြသည့် အဓိကနည်းလမ်းကြီးများကို ပုံဖော်ပြထားသည်။

- **ဘုရားသခင်သည် ဖန်ဆင်းခြင်းအားဖြင့် မိမိကိုယ်ကို ထင်ရှားဖော်ပြသည်။**

"အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည် ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ ထိုကြောင့်သူတို့သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။" (ရောမ ၁:၂၀)

- **ဘုရားသခင်သည် (ဣသရေလ) မိသားစုတစ်စုအားဖြင့် မိမိကိုယ်ကို ထင်ရှားဖော်ပြသည်။**
- **ဘုရားသခင်သည် သိုးသငယ်တော် ယေရှုခရစ်တော်အားဖြင့် မိမိကိုယ်ကို ထင်ရှားဖော်ပြသည်။**
- **ဘုရားသခင်သည် အသင်းတော်အားဖြင့် မိမိကိုယ်ကို ထင်ရှားဖော်ပြသည်။**

ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို အသေးအမွှားထိ သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသည်။ ဤ အပိုင်းသည် သမ္မာကျမ်းစာတစ်လျှောက် ဘုရားသခင်၏ လုပ်ဆောင်မှုနှင့် အချိန်ဇယား အားလုံးကို အောက်ပါအတိုင်းဖော်ပြထားသည်။


- **တစ်ဦးချင်းစီ၏ အမည်နာမများ**
- **တိကျသော အဖြစ်အပျက်များ**

ဘုရားသခင်၏ အခြားသောအကြံအစည်တော်တိုင်းတွင် လူများနှင့် ဖြစ်ရပ်များစွာတို့၏ သက်ရှင်လှုပ်ရှားမှု အားလုံးပါဝင်သည်။ ၎င်းတို့၏ ဘဝအသက်ရှင်ပုံနှင့် ဖြစ်ရပ်များအားလုံးကို နားလည်လာလေလေ၊ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ပိုမိုအံ့သြလာလေဖြစ်သည်။ လူတစ်ဦးချင်းနှင့် ဖြစ်ရပ်တစ်ခုချင်းစီသည် အခြား


သောအကြံအစည်၏ သေးငယ်သောအစိတ်အပိုင်းများဖြစ်သကဲ့သို့ဘု ရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်၏ အစိတ်အပိုင်းများလည်း ဖြစ်ကြပါသည်။

ဘုရားသခင်သည် သမိုင်း၌ မိမိကိုယ်ကိုယ် မည်ကဲ့သို့ဖော်ပြခဲ့သည်ကို  သမ္မာကျမ်းစာဖတ်ရှု လေ့လာသည့်အခါ၊ ဘုရားသခင်အကြောင်း သင်လေ့လာတွေ့ရှိချက်များကို အဆင်ပြေသည့်အခန်း စာမျက်နှာပေါ်တွင် ရေးမှတ်ထားပါ။ ဤလမ်းညွှန်ချက်များ ခေါင်းစဉ်ကို အစောပိုင်းက ဖော်ပြထားခဲ့ပြီးဖြစ်ပါသည်။ ဤသို့ လေ့လာတွေ့ရှိချက်များကို ရေးမှတ်ထားခြင်းအားဖြင့်မှတ်မိနားလည်စေရန်ဘုရားသခင်မစဖို့သင်ဆုတောင်းပါ၊ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းတို့သည်သင့်စိတ်နှလုံးထဲ၌ထင်း ကျန်စွဲမြဲနေမည်ဖြစ်ပါသည်။


### ပြန်လည်သင့်မြတ်ခြင်းအတွက် သူ၏အကြံအစည်တော်အားဖြင့် ဥာဏ်ပညာနှင့် ကျေးဇူးတော်ကို ဖော်ပြရန် ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်



**အခြားအကြံအစည်တော် -** ဘုရားသခင်သည် သိုးသငယ်တော် ယေရှုခရစ်တော်အားဖြင့် မိမိကိုယ်ကိုဖော်ပြသည်။ (ဗျာ ၁၂း၇-၁၂)



## ပြန်လည်သင့်မြတ်ခြင်းအတွက် သူ၏အကြံအစည်တော်အားဖြင့် ဥာဏ်ပညာနှင့် ကျေးဇူး တော်ကို ဖော်ပြရန် ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်



# အဖြစ်အပျက် အချိန်ဇယားများအတွက် ကျမ်းချက်များ

၁။ ဖန်ဆင်းခြင်း – ကမ္ဘာဦးကျမ်း ၁:၁-၃၁
၂။ အာဒင်နှင့်ဧဝ – ကမ္ဘာဦးကျမ်း ၂:၈-၂၅
၃။ ကျဆင်းခြင်း – ကမ္ဘာဦးကျမ်း ၃:၁-၂၄
၄။ နောဧနှင့် ရေလွှမ်းမိုးခြင်း – ကမ္ဘာဦးကျမ်း ၆:၅- ၈:၂၂
၅။ ဗာဗုလုန်ရဲတိုက် – ကမ္ဘာဦးကျမ်း ၁၁:၁-၉
၆။ အာဗြဟံနှင့် ဘုရားသခင်၏ကတိတော် – ကမ္ဘာဦးကျမ်း ၁၂:၁-၇
၇။ ဣဇက်၊ ယာကုပ် – အာဗြဟံ၏ မျိုးဆက်များ – ကမ္ဘာဦးကျမ်း ၂၅:၁၉-၂၆

(ယာကုပ်ကို "ဣသရေလ" အဖြစ် အမည်ပြောင်းလဲခဲ့ပြီး၊ ဣသရေလနိုင်ငံကို စတင်ခဲ့သည်။ ဘုရားသခင်က ယာကုပ်၏မျိုးဆက်များသည် ပြည်တော်၌ အစဉ်အမြဲနေထိုင်ရမည်ဟု ကြိုတင်ဟောကြားခဲ့ပြီး၊ ဣသရေလလူမျိုးအားဖြင့်ကမ္ဘာကြီးအတွက် သူ၏အကြံအစည်တော်ကို လုပ်ဆောင်ခဲ့သည်။ (ဣသရေလလူတို့သည်အခြားသော လူမျိုးတကာထက် ထူးခြားသောပုဂ္ဂိုလ်များဟုဆိုလိုခြင်း မဟုတ်ဘဲ၊ သမိုင်းတစ်လျှောက် ဘုရားသခင်သည် သူ၏အုပ်စိုးတော်မူခြင်းကို ပြသစေလိုသောရည် ရွယ်ချက်ဖြစ်သည်။)

၈။ ယောသပ် – ၎င်း၏ ဘ၀က ဣသရေလသည် အဲဂုတ္တုပြည်သို့ မည်ကဲ့သို့ရောက်ရှိသွားသည်ကို ရှင်းပြသည်။ (ကမ္ဘာဦးကျမ်း ၃၇:၁-၃၆၊ ၄၁:၄၁-၄၉၊ ၄၅:၁-၁၁)

၉။ ဣသရေလသည် အဲဂုတ္တုပြည်သို့ နှစ်ပေါင်း ၄၀၀ နေထိုင်ခဲ့သည် – ယာကုပ်၏ မျိုးဆက်ပေါင်း ၇၀ ဦးသည် ခါနန်ပြည်မှ ယောသပ်ရှိရာ အဲဂုတ္တုပြည်သို့ ထွက်ခွာခဲ့ကြသည် – (ကမ္ဘာဦးကျမ်း ၄၆:၂၆-၂၇)

၁၀။ မောရှေ၊ ကပ်ရောဂါဘေးများနှင့် ပသခါပွဲ – (သိုးတစ်ကောင်သည် လူတစ်ဦးအစား၊ မသေစေရန် စွန့်လွှတ်ခံရသောအမှု။)(ထွက် ၁၁:၁ – ၁၂:၁၇၊၁၂:၂၉-၃၃)

၁၁။ ဣသရေလလူမျိုးအားလုံးသည် အဲဂုတ္တုပြည်မှ ခါနန်ပြည်သို့ပြန်သွားခဲ့ကြသည် (ယောကျာ်း ၆ သိန်း + မိန်းမနှင့် ကလေး) – (ထွက် ၁၂:၃၇)

၁၂။ ပညတ်တော် ၁၀ ပါး – (ထွက် ၂၀:၁-၂၁)

၁၃။ တဲတော် – ဘုရားသခင်နှင့် တွေ့ဆုံရန် ၎င်းကို ရည်ရွယ်သည်။ သိုးများသည် ပူဇော်ရန် အတွက်အဓိက အကောင်များဖြစ်ကြသည် – ထွက် ၂၅:၈-၉၊ ၂၉:၃၈-၄၆၊ တော ၂၈-၂၉

၁၄။ ဒါဝိဒ် – ၁ ရာ ၁၇:၁-၅၈

၁၅။ ဒါဝိဒ်သည် ဣသရေလနိုင်ငံ၏ ရှင်ဘုရင်ဖြစ်လာသည် – (၂ ရာ ၅:၁-၅)

ဒါဝိဒ်သည် ဘုရားသခင်ကိုချစ်ပြီး၊ ဓမ္မသီချင်းများစွာကို ရေးသားခဲ့သည်။ ဆာလံကျမ်း ၂၃ သည် ကောင်းသော ဥပမာတစ်ခုဖြစ်သည်။ (ဘုရားသခင်က ဒါဝိတ်၏ မျိုးဆက်များသည် အမြဲနန်း ထိုင်ရမည်ဟု မိန့်တော်မူခဲ့သည် – (ယေရမိ ၃၃:၁၄-၂၆)

၁၆။ ဗိမာန်တော် တည်ဆောက်ခြင်း – ရှောလမုန်မင်းကြီးသည် ဣသရေလနိုင်ငံတွင် တန်ခိုးဩဇာ အပြည့်အဝရှိပြီး ဘုရားသခင်ကို ကိုးကွယ်ရန် တဲတော်ကို အစားထိုး တည်ဆောက်ခဲ့သည် – (၃ ရာ  ၄:၂၀-၃၄)

၁၇။ ဣသရေလသည် အာရှုရိနိုင်ငံအားဖြင့် ခါနန်ပြည်မှဖယ်ရှားခြင်းခံရသည်။ နောက်မှ ယုဒသည် ဗာဗုလုန်မြို့မှ ဖမ်းဆီးခံရသော နောက်ဆုံးဣသရေလအမျိုးနွယ်ဖြစ်သည် – (ယေရမိ ၃၉ - ၄၄)

၁၈။ ဒံယေလ – သူသည် ရန်သူများ၏ ဖမ်းဆီးခြင်းကိုခံရပြီး လူများစွာကို လွှမ်းမိုးရန်  ဘုရားသခင်က အသုံးပြုခဲ့သည်။– (ဒံယေလ ၁- ၁၂)
(ဘုရားသခင်သည် ဣသရေလအားဖြင့်  ကမ္ဘာကြီးအတွက် သူ၏အကြံအစည်တော်ကို ပြင်ဆင်ပေးခဲ့သည် – ဒံယေလ ၇:၁၃-၁၄ – ယေရှုက ဤကျမ်းပိုဒ်ကို ကိုးကားပြီး ၄င်းကို ပြည့်စုံစေမည်ဟု မိန့်တော်မူခဲ့သည်။)

၁၉။ ဟေရှာယနှင့် မေရှိယအကြောင်း ဟောကြားချက်များ – ဟေရှာယ ၉:၆၊ ၅၃:၁-၁၂၊ မိက္ခာ ၅:၂ (ဘုရားသခင်က ဒါဝိဒ်၏ မျိုးနွယ်မှ ရှင်ဘုရင် (မေရှိယ)၊ ဘုရားသခင်ကို ဗက်လင်မြို့၌ မွေးဖွားမည်ဟု ပရောဖက်ပြု မိန့်တော်မူခဲ့သည်။)

၂၀။ ဣသရေလလူမျိုး (ဂျူး) များသည် ယေရုရှလင်မြို့နှင့် (ယုဒပြည်) ဣသရေလကို ပြန်လည်တည်ဆောက်ရန် ပြန်လာခဲ့ကြသည်  – နေဟမိ

၂၁။ ဗတ္တိဇံဆရာယောဟန်သည် ယေရှုနှင့် တစ်ချိန်တည်းအသက်ရှင်နေထိုင်ခဲ့သော်လည်း၊ ယေရှုမတိုင်မီ အမှုတော်လုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သည်။ (ယောဟန် ၁:၂၉-၃၁ တွင် ရှင်ယောဟန်က ဘုရားသခင်၏ သိုးသငယ်တော် ကြွလာပြီဟု ဆိုခဲ့သည်။)

၂၂။ ယေရှုခရစ်တော် – မိမိကိုယ်ကို ဘုရားဟုဆိုကြွေးကြော်ခဲ့သည်။ (ယောဟန် ၁၀:၂၂-၃၃) အပြစ် အတွက်ပေးဆပ်ရန် ရည်ရွယ်သည် – (မာကု ၁၀:၄၅)။  နောက်ဆုံးသော ပသခါပွဲ၌၊ ယေရှုက ဤ ခွက်သည် သိုးသငယ်တော်၏ အသွေးမဟုတ်ဘဲ ငါ့၏အသွေးတော်ကို ကိုယ်စားပြုသည် ဟုမိန့်တော်မူခဲ့သည် – (လုကာ ၂၂:၂၀)

၂၃။ အသေခံသော ယေရှုခရစ်တော် – လူကာ၂၃:၂၀-၅၆
(ပသခါ သိုးသငယ်တော်ကို တစ်ချိန်တည်း ပူဇော်ပသခဲ့သည်။)

၂၄။ ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း  – (လုကာ ၂၄:၁-၁၂၊ ၃၆-၅၃)

၂၅။ ယေရှုခရစ်တော် – ကောင်းကင်သို့တက်ကြွခြင်းနှင့် ပြန်ကြွလာမည့်ကတိတော် – (တမန် ၁:၁-၁၄၊ အသင်းတော်  (တမန် ၂:၄၂-၄၇)။

၂၆။ သန့်ရှင်းသောဝိညာဉ်တော် – ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားသူများအထဲ၌ အသက်ရှင်သည် – (ယောဟန် ၁၄:၁၇)

၂၇။ ရှင်ပေါလု – ယေရှုခရစ်တော်နှင့်အချိန်တူအသက်ရှင်နေထိုင်ခဲ့ပြီး၊ ထိုအချိန်တွင် အမြင့်မားဆုံးပညာကို ရရှိထားသူဖြစ်သည်။ သမ္မာသစ်ကျမ်းများစွာကိုလည်း ရေးသားခဲ့သည်။ သမ္မာသစ်ကျမ်းစာ၏ နောက်ခံသမိုင်းအကြောင်းကို အကျဉ်းချုပ်ဖော်ပြထားပြီး ယေရှုသည် အပြစ်ကို ခွင့်လွှတ်သောသူ ဖြစ်ကြောင်း ရှင်းပြပေးခဲ့သည်။ တမန် ၁၃:၁၆-၄၁ တွင် ၎င်း၏ ဟောပြောခြင်းအကြောင်းကို ဖော်ပြထားသည်။ (တမန် ၁၃:၃၈-၃၉ သည် အဓိကအရာဖြစ်သည်။)

၂၈။ ယေရုရှလင်မြို့ကို ရောမအစိုးရက အေဒီ ၇၀ တွင် ဖျက်ဆီးခဲ့သည်။ ဣသရေလလူမျိုးအားလုံးနီးပါး သတ်ဖြတ်ပြီး၊ ကျွန်အဖြစ်ဖမ်းဆီးခေါ်ဆောင်ခဲ့ကြသည်။ ၎င်းနေရာကို ဣသရေလဟုမခေါ်ကြတော့ဘဲ နိုင်ငံအဖြစ်ပါပျောက်ဆုံးခဲ့ရသည်။

၂၉။ ဒုတိယကမ္ဘာစစ်ပြီးပြီးချင်း ဣသရေလနိုင်ငံကို ၁၉၄၈ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း (UN)က ပြန်လည်တည်ထောင်ပေးခဲ့သည်။ အာရပ်လူမျိုးများသည် နိုင်ငံသစ်ကို ဖျက်ဆီးရန်ကြိုးပမ်းခဲ့ကြသော်လည်း၊ မအောင်မြင်ခဲ့ဘဲ၊ ၄င်းသည် ဒါဝိဒ်နှင့် ဂေါလျက် ဇာတ်လမ်းကဲ့သို့ပင်ဖြစ်သည်။

၃၀။ ရှင်ဘုရင်ကြီး ယေရှုခရစ်တော်၊ ကောင်းကင်သစ်နှင့် မြေကြီးသစ် – (ဗျာဒိတ် ၂၁:၁-၂၇) ယေရှုကို သိုးသငယ်တော်အဖြစ်ဖော်ပြထားပြီး၊ သူ၌ အသက်စာစောင်လည်း ရှိသည် (ဗျာဒိတ် ၂၁:၂၇)

## လူပုဂ္ဂိုလ်များနှင့် သမ္မာကျမ်းစာအဖြစ်အပျက်များအကြောင်း အသေးစိတ်

သမိုင်းတွင် ဘုရားသခင်သည် မိမိကိုယ်ကို မည်သို့ထင်ရှားဖော်ပြခဲ့သည်ကို သမ္မာကျမ်းစာဖတ်သည့်အခါ၊ ဘုရားသခင်အကြောင်း လေ့လာတွေ့ရှိချက် အခန်းစာမျက်နှာများတွင် တွေ့ရှိသည့်အရာများကို မှတ်သားထားပါ။ ဤသို့ လေ့လာတွေ့ရှိချက်များကို ရေးမှတ်ထားခြင်းအားဖြင့် မှတ်မိနားလည်စေရန် ဘုရားသခင်မစဖို့ သင်ဆုတောင်းပါ၊ ဘုရားသခင်၏ အံ့သြဖွယ်ကြီးမြတ်တော်မူခြင်းတို့သည် သင့်စိတ်နှလုံးထဲ၌ ထင်းကျန်စွဲမြဲနေမည်ဖြစ်ပါသည်။

**ဖန်ဆင်းခြင်း**

ကမ္ဘာဦးကျမ်း ၁-၂ ကို ဖတ်ရန်

• ဘုရားသခင်သည် စကြာဝဠာတစ်ခုလုံး၊ ကမ္ဘာကြီးနှင့် အရာအားလုံးကို ဖန်ဆင်းသောသူဖြစ်သည်။

• ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းသောသူဖြစ်သည်ဟုဆိုရာ၌ သူ၏ **တန်ခိုးတော်**ကို သင် မည်သို့ ပြောနိုင်မည်နည်း။

**"ဘုရားသခင်တွင် စွမ်းအား ဘယ်လောက် ရှိပါသလဲ?"** သူ၏ ဂုဏ်အင်္ဂါလက္ခဏာများ၊ ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများအခန်းတွင် သင်၏ လေ့လာတွေ့ရှိချက်ကို မှတ်သားထားပါ။

• ဖန်ဆင်းခြင်းက ဘုရားသခင်သည် အရာခပ်သိမ်းအလုံးစုံတို့ကို သိမြင်တော်မူကြောင်းကိုပြသသည်။ ဤခန်းတွင် ဘုရားသခင်၏ ဉာဏ်ပညာတော်အကြောင်းကို ဖော်ပြထားသည်။ ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊ ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများစသည့်အခန်းတွင် **"ဘုရားသခင်သည် ဘယ်လောက်ထိ သိနိုင်ပါသနည်း"** ဟူသော သင်၏ လေ့လာတွေ့ရှိချက်ကို မှတ်သားထားပါ။

• ကမ္ဘာဦးကျမ်း ၁ နှင့် ၂ တွင် ဘုရားသခင်အကြောင်း အခြား သင်၏လေ့လာတွေ့ရှိချက်များရှိပါ သလား။ သင်၏ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ" အခန်းတွင် ရေးသားထားပါ။

• စဉ်းစားရန် (သို့) ဆွေးနွေးရန် – ဘုရားသခင်သည် လူသားကို မိမိ၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခဲ့သည် (ကမ္ဘာဦးကျမ်း ၁:၂၆-၂၇)။ ဘာကို ဆိုလိုသနည်း။

• စဉ်းစားရန် (သို့) ဆွေးနွေးရန် – ဘုရားသခင်သည် လူသားကို မိမိဖန်ဆင်းထားသောကမ္ဘာကို ကူညီစောင့်ရှောက်ပေးဖို့ ဖန်ဆင်းခဲ့သည် (ကမ္ဘာဦးကျမ်း ၁:၂၆)။ ဤ အမှန်တရားအတွက် ကျွန်ုပ်တို့ ဘာလုပ်သင့်ပါသနည်း။

**အာဒံနှင့် ဧဝ**

ကမ္ဘာဦးကျမ်း ၂:၁၅ - ၃:၂၄ ကို ဖတ်ရန်

• ဘုရားသခင်သည် အာဒံနှင့်ဧဝအား ပညတ်ထားပြီး၊ နာခံလိုက်လျှောက်ခြင်းမရှိပါက သေရမည်ဟု မိန့်တော်မူခဲ့သည်။ (ကမ္ဘာ၂:၁၇)။

• ဘုရားသခင်သည် (အိမ်ထောင်) တည်းဟူသော နီးကပ်စွာအတူတကွ လက်တွဲရန် လူယောကျ်ား၊ လူ မိန်းမကို ဖန်ဆင်းခဲ့သည် (ကမ္ဘာ ၂:၁၈၊ ၂၃-၂၄)။

• ဘုရားသခင်သည် လူသားကို မိမိနှင့်ရင်းနှီးစွာ ဆက်သွယ်ရန် ဖန်ဆင်းပေးခဲ့သည် (ကမ္ဘာ ၂:၈-၉)။

• ဘုရားသခင်သည် အလွန်သန့်ရှင်းသောကြောင့် မည်သည့်အပြစ်မျှ မတည်ရှိနိုင်ရာ။ ဘုရားသခင်နှင့် အဆက်ပြတ်ခြင်းသည် ဝိညာဉ်သေခြင်းကို ဆိုလိုသည်။

• ဘုရားသခင်သည် ကျေးဇူးပြုတတ်သောသဘောရှိသည့်အတိုင်း အပြစ်ကျူးလွန်ပြီးသော်လည်း လူသားကို ဆက်လက်အသက်ရှင်ခွင့်ပေးခဲ့သည်။ (အာဒံနှင့်ဧဝသည်အပြစ်လွန်ကျူးသည့်အတိုင်းဝိညာဥ်သေခြင်းသို့ ရောက်ကြရသည်။ ဘုရားသခင်၏ သန့်ရှင်းမှုစံနှုန်းနဲ့ ရင်းနှီးကျွမ်းဝင်ဖို့ လူသားအား ပြန်၍ တောင့်တခြင်းသည် အလွန်ပင် အံ့သြဖွယ်ရာဖြစ်သည် မဟုတ်ပါလော။

• ကမ္ဘာဦးကျမ်း ၁ နှင့် ၂ တွင် ဘုရားသခင်အကြောင်း အခြားသင်၏ လေ့လာတွေ့ရှိချက်များ ရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို သင်တန်းလက်စွဲခေါင်းစဥ်များဖြစ်သော “ဘုရားသခင်၏ ကယ်တင်ခြင်း၊” “ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊” နှင့် “ဘုရားသခင်၏ ကတိတော်များ” အခန်းများတွင် ရေးသားထားပါ။)

**နောဧ**

ကမ္ဘာဦးကျမ်း ၆ - ၉ ကိုဖတ်ပါ

• ဘုရားသခင်သည် လူသားကို ချစ်သည်၊ လူသားတို့နှင့်ရင်းနှီးစွာ ချစ်လိုသော်လည်း၊ သူ၏ ချစ်ခြင်းသည် အတင်းအကျပ်မဟုတ်ပါ။ လူသားတို့ကို သူ့နှင့်အတူနေဖို့ ဘယ်တော့မှ အတင်းအကျပ်မလုပ် ပါ။

• ဘုရားသခင်၏ နှလုံးသည် နာကျင်ခဲ့သည် - လူတို့၏ အပြစ်ကြောင့် ဘုရားသခင်၏နှလုံးသည်နာ ကြည်းခဲ့ရသည်။ (ကမ္ဘာ ၆:၆)

• ဘုရားသခင်သည် လူကို ဖန်ဆင်းသည့်အခါ အပြစ်အတွက် သေရမည်ဟူသောလိုအပ်ချက်ကို မိန့်တော်မူခဲ့သည်။ (ကမ္ဘာ ၂:၁၇)

• ဘုရားသခင်သည် လူသားကို အပြစ်စီရင်သော်လည်း သူ၏ကျေးဇူးဂရုဏာတော်သည် အမြဲတည်လျက်ရှိသည်။ ဘုရားသခင်၏ ကျေးဇူးဂရုဏာတော်ကြောင့် လူသားသည် မိမိအတ္တ၊ အချင်းချင်းကြား ရိုင်းစိုင်းသောအပြုအမူများ၊ ဘုရားသခင်ကို ငြင်းဆန်သောအကျင့်များနဲ့ပြည့်နက်နေသော်လည်း၊ သူ ၏ကာကွယ်စောင့်ရှောက်ခြင်းကိုခံစားစေခဲ့သည်။

• ရေလွှမ်းမိုးခြင်းသည် လူတိုင်း မနှစ်မြို့ပ်သော်လည်း၊ လူများသည် ဘုရားသခင်ကို ဆန့်ကျင်သောကြောင့် သူတို့ကို မကယ်တင်ခဲ့ပါ။ သူတို့သည် ဘုရားသခင်ပေးသော ကောင်းသောအရာများကို လိုချင်ကြသော်လည်းဘုရားသခင်ကိုမူသူတို့မလိုကြပေ။

• နောနှင့် ရေလွှမ်းမိုးခြင်းအခန်း၌ ဘုရားသခင်အကြောင်း သင်၏ အခြားလေ့လာတွေ့ရှိချက်များရှိ ပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို သင်တန်းလက်စွဲခေါင်းစဥ်များဖြစ်သော “ဘုရားသ ခင်၏ ကယ်တင်ခြင်း၊” “ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊” နှင့် “ဘုရားသခင်၏ ကတိတော်များ” အခန်းများတွင် ရေးသားထား ပါ။)

**ဗာဗုလုန် ရဲတိုက်**

ကမ္ဘာဦးကျမ်း ၁၁:၁-၉ ကို ဖတ်ရန်

• လူတို့သည် ကောင်းကင်သို့ တက်ရန် ကြီးမားသောရဲတိုက်တစ်ခုကို စည်းလုံးစွာ တည်ဆောက်ကြသည်။ မိမိတို့ကြီးမြတ်အောင် ကြိုးစားလုပ်ဆောင်သော လူတို့၏ စိတ်ဆန္ဒကို ဘုရားသခင်သည် ချိုးဖျက်ပြီးဘာသာစကား

များကို ကွဲပြားစေခြင်းဖြင့်သူတို့ကိုကမ္ဘာအနှံ့တွင် ပြန့်နှံ့စေခဲ့သည်။ ဘုရားသခင်၏ လုပ်ဆောင်မှုတိုင်းသည် လူသားအနေနှင့် သူ့ကိုလိုအပ်ကြောင်း သိမြင်ကြရန်နှင့် သူ့ထံသို့ ပြန် လည်ရောက်ရှိစေရန်အမြဲရည်ရွယ်သည်။ (တမန် ၁၇:၂၆-၂၇)

• ဤစာပိုဒ်တွင် သင်သည် ဘုရားသခင်အကြောင်း အခြားတွေ့ရှိချက်များ ရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို သင်တန်းလက်စွဲခေါင်းစဥ်များဖြစ်သော "ဘုရားသခင်၏ ကယ်တင်ခြင်း၊" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊" နှင့် "ဘုရားသခင်၏ ကတိတော်များ" အခန်းများတွင် ရေး သား ထားပါ။)

**အာဗြဟံနှင့် စာရာ**

ကမ္ဘာဦးကျမ်း ၁၁:၂၇ မှ ၂၅:၁၁ ကို ဖတ်ရန်

ဘုရားသခင်သည် အာဗြံ (အစပိုင်းတွင် အာဗြဟံ) ကို ခါနာန်မြို့ (ယခု မြောက်ပိုင်း ဆီးရီးယားနိုင်ငံ) မှ ခါရန်ပြည် (ယခု အစ္စရေးနိုင်ငံ) သို့သွားရန် အမိန့်ပေးခဲ့သည်။ မိမိ မျိုးဆက်အတွက် ပေးမည်ဟု ဂတိထားသော မြေကို ပေးအပ်ခဲ့သည်။ (ကမ္ဘာ ၁၁:၃၁ – ၁၂:၁)

• အာဗြဟံသည် သူ၏တူ လောတအား သူလိုချင်သောမြေကို ရွေးချယ်ခွင့်ပေးခဲ့သည်။ (ကမ္ဘာ ၁၃:၅-၁၈)။ ဘုရားသခင်သည် မိမိကို စောင့်ရှောက်မည်ပေးဟု အာဗြဟံ အထူးယုံကြည်ခဲ့သည်။

• စာရာနှင့် အာဗြဟံတို့သည် မိမိတို့၏ အိမ်အကူ ဟာဂရမှ သားတစ်ဦး မွေးဖွားပေးရန် ဆုံးဖြတ်ကြသည်။ ဟာဂရမွေးသော ကလေးသည် ဣရှမေလဖြစ်သည်။ သို့သော် ထိုကလေးသည် ဘုရားသခင်၏ ကတိတော်ကို ပြည့်စုံစေမည့်သူ မဟုတ်ကြောင်းဆိုခဲ့သည်။ ဣရှမေလသည် အာရပ်လူမျိုးတို့၏ ဖခင်ဖြစ်လာခဲ့သည်။ (ကမ္ဘာ ၁၆)

• အာဗြဟံ အသက် ၁၀၀၊ စာရာ အသက် ၉၀ အထိ သူတို့ သားမရကြပါ။ (ကမ္ဘာ ၁၇:၁၇) သူတို့၏ တစ်ဦးတည်းသောသားသည် ဣဇာက် ဖြစ်သည်။ (ကမ္ဘာ ၂၁:၁-၇)။

• ဘုရားသခင်သည် အာဗြဟံအား မိမိတစ်ပါးတည်းသော သားဣဇာက်ကို ယစ်ကောင်အဖြစ် ပူဇော်ရန် ပြောခဲ့သည်။ (ကမ္ဘာ ၂၂:၁-၁၉)။ ၎င်းသည် ဘုရားသခင်၏ ကတိတော်နှင့် ဆန့်ကျင်သည့်အရာဖြစ်သော်လည်း၊ ဘုရားသခင်သည် မိမိ၏ကတိကို ပြည့်စုံစေရန်အတွက် ထူးခြားသော တစ်စုံ တစ်ခု ကိုပြုလုပ်မည်ဟု အာဗြဟံ ယုံကြည်ခဲ့သည်။ (ဟေဗြဲ ၁၁:၁၇-၁၉)။ ဘုရားသခင်သည် ဣဇာက် အစား သိုးတစ်ကောင်ကို ယစ်ကောင်အဖြစ် ပူဇော်ရန်ပြင်ဆင်ပေးခဲ့သည်။

• အာဗြဟံသည် မိမိသားကို ပူဇော်ရန်အတွက် မောရိတောင်သို့ သုံးရက်ခရီးသွားခဲ့သည်။ (ကမ္ဘာ ၂၂:၂)။ ထိုနေရာမှာ ယေရုရှလင်မြို့တည်ဆောက်ရာနှင့် ဘုရားသခင်၏ တစ်ဦးတည်းသော သားတော်ယေရှုကို အသေသတ်ခဲ့သည့်နေရာလည်း ဖြစ်သည်။ (၆ ရာ ၃:၁)။

• အာဗြဟံ၏ ဖြောင့်မတ်ခြင်းသည် ကြိုးစားလုပ်ဆောင်မှုကြောင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းကို အခြေခံသည်။ (ကမ္ဘာ ၁၅:၆)။ ထိုယုံကြည်ခြင်းကို ရောမ ၄:၁-၅ နှင့် ဂလာတိ ၃:၅-၈ တွင်လည်း ဖော် ပြထားသည်။ ကြိုးစားလုပ်ဆောင်မှု (နာခံမှုခြင်း) သည် ယုံကြည်ခြင်း၏ ရလဒ်ဖြစ်သည်။

• ဤကမ္ဘာဦးကျမ်းတွင် သင်သည် ဘုရားသခင်အကြောင်း အခြားတွေ့ရှိချက်များရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို သင်တန်းလက်စွဲခေါင်းစဥ်များဖြစ်သော "ဘုရားသခင်၏ ကယ်တင်ခြင်း၊" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊" နှင့် "ဘုရားသခင်၏ ကတိတော်များ" အခန်းများတွင် ရေးသားထားပါ။)

**ယာကုပ်နှင့်ယောသပ်**

ကမ္ဘာဦးကျမ်း ၂၈ – ၃၂ နှင့် ၃၇ – ၅၀ ကို ဖတ်ရန်

အာဗြဟံနှင့် စာရာတို့၏ တစ်ဦးတည်းသော သားဣဇာက်သည် ရေဗက္ကနှင့် လက်ထပ်ခဲ့ပြီး ၄င်းအိမ်ထောင်သည် ဆုတောင်းခြင်း၏ အဖြေလည်းဖြစ်သည်။ (ကမ္ဘာ ၂၄)။ သူတို့တွင် ဧသောနှင့် ယာကုပ်သားနှစ်ဦး မွေးဖွားသည်။ယာကုပ်(နောက်ပိုင်းတွင် ဣသရေလဟု အမည်ပြောင်း)၏ မျိုးဆက်အားဖြင့် မိမိ၏ကြီးမြတ်တော်မူခြင်းကို ဖော်ပြရန်သည် ဘုရားသခင်၏ အကြံအစည်တော်လည်းဖြစ်ပါသည်။

• ယာကုပ်သည် ဇနီးနှစ်ဦးမှ သား ၁၂ ယောက်ကိုမွေးဖွားခဲ့သည်။ ထိုသားများသည် ဣသရေလနိုင်ငံ အတွက်အခြေခံကျ တည်ဆောက်ထားသော ဣသရေလလူမျိုး ၁၂ မျိုးဖြစ် လာကြသည်။

• ယာကုပ်သည် ဘုရားသခင်ကို နပန်းလုံးထွေးရင်း ကိုယ်ခန္ဓာဖြင့် ထိတွေ့ခဲ့သည်။ လုံးထွေးပြီး နောက်သူ၏ နာမည် ယာကုပ် (လိမ်လည်လှည့်ဖြားသူ) မှ ဣသရေလ (ဘုရားသခင်နှင့် ပြိုင်ဆိုင် သောသူ) ဟု ပြောင်းလဲခဲ့သည်။ (ကမ္ဘာ ၃၂:၂၂-၃၂)။

• သား ယောသပ်အားဖြင့် ယာကုပ်၏ မိသားစုတစ်ခုလုံးကယ်တင်ခြင်းခံရပြီး၊ ယောသပ်သည် မိသားစုတစ်ခုလုံး၏ ကောင်းချီးမင်္ဂလာဖြစ်ခဲ့သည်။ ထိုနည်းတူ ဘုရားသခင်သည် ယေရှုအားဖြင့် လူသားအားလုံးကို ကယ်တင်ခြင်းရရှိစေသည့် ပုံဥပမာကို မြင်တွေ့ရမည်ဖြစ်ပါသည်။

• ယောသပ်၏ ဘဝအသက်တာ၌ မကောင်းသောအဖြစ်အပျက်များစွာရှိခဲ့သော်လည်း ဘုရားသခင်သည် အရာအားလုံးကိုထိန်းချုပ်ကာ ထိုအမှုများကို ယာကုပ်မိသားစုအတွက် ကြီးမားသောကောင်းချီးမင်္ဂလာအဖြစ် ယူဆောင်ပေးခဲ့သည်။

• ယာကုပ်နှင့် မိသားစုသည် အတ္တစိတ်နဲ့ လုပ်ဆောင်နေချိန် "အရာအားလုံးသည် ကျွန်ုပ်ကို ဆန့်ကျင်နေသည်" ဟု စဥ်းစားနေချိန်၌ပင် ဘုရားသခင်သည် သူတို့ကို အမြဲလို ပြုစုစောင့်ရှောက်ပေး ခဲ့သည်။ (ကမ္ဘာ ၄၂:၃၆)

• ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ အားထားသော ကတိတော်ကို ပြည့်စုံစေမည်ဟု ယောသပ်က အမြဲယုံကြည်စိတ်ချသည်။ ထို့ကြောင့် သူသည်မိမိအရိုးများကို ကတိပေးထားသောပြည်သို့ ပြန်သယ် သွားရန် မိသားစုအား အပ်နှံထားခဲ့သည်။ (ကမ္ဘာ ၅၀:၂၄-၂၆)။

• ဤ ယာကုပ်နှင့် ယောသပ်တို့အကြောင်းတွင် သင်သည် ဘုရားသခင်အကြောင်း အခြားတွေ့ရှိချက်များရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို သင်တန်းလက် စွဲခေါင်းစဥ်များဖြစ်သော "ဘုရားသခင်၏ ကယ်တင်ခြင်း၊" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊" နှင့် "ဘုရားသခင်၏ ကတိတော်များ" အခန်းများ တွင် ရေးသားထားပါ။)

**မောရှေ**

ထွက် – ၁–၂၀, ၃၂–၃၆, ၄၀

တောလည် – ၁၀:၁၁–၁၄:၄၅, ၂၁

တရား – ၂၇–၂၈, ၃၁:၁-၈, ၃၂:၄၈-၅၂, ၃၄:၁-၁၂ ကို ဖတ်ရန်

မောရှေ၏ မွေးဖွားခြင်းနှင့် ဘုရားသခင်၏ ခေါ်ခြင်းအကြောင်း – ထွက် ၁–၄

• အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ် (ဣသရေလ) တို့အား ဣသရေလမျိုးဆက်များကို ကတိတော်မြေသို့ ပြန်လည်ပို့ဆောင်မည်ဟု ကတိပြုခဲ့သော ဘုရားသခင်က မိမိကြံအစည်တော်ကို မေ့လျော့မည်မဟုတ်ကြောင်း မောရှေအား မိန့်တော်မူခဲ့သည်။

• ဘုရားသခင်ကို မကိုးကွယ်ဘဲ ငြင်းပယ်ရန်အတွက် ဣသရေလလူမျိုးများကို အတားအဆီး ပြုလုပ်သော အဲဂုတ္တုပြည်သားများအား ဘုရားသခင်သည် ပြစ်ဒဏ် ၁၀ ခု ဖြင့်အပြစ်ပေး တရားစီရင်ကာ သားဦးများကိုလည်း သတ်ခဲ့သည်။ (ထွက် ၇–၁၁)။ သို့သော် အသွေးသုတ်ထားသော အိမ်တံခါးထုပ် တံခါးတိုင်များကိုမူ ကျော်သွား၍ အသက်ချမ်းသာရခဲ့ကြသည်။ ထိုအခါ၌ ဘုရားသခင်သည် ထိုအဖြစ်အပျက်ကိုအမှတ်ရပြီး၊ နောင်ဆုံးတရားစီရင်ခြင်း၌လည်း လောကလူသားများ လွတ်မြောက် ရန်ဟူသော ပုံဆောင်ချက်အဖြစ် ပသခါပွဲကို အစပြုခဲ့သည်။ (ထွက် ၁၁:၁–၁၂:၁၇၊ ၁၂:၂၉- ၃၃၊ ယော ဟန် ၁:၂၉၊ ၁ ကော ၅:၇၊ ဗျာဒိတ်၅:၁၂-၁၃)။

☞ **မှတ်သားရန်** – ပသခါပွဲနှင့် သိုးသငယ်တော်ဖြစ်သော ယေရှုအကြောင်းကို ဖတ်သည့်အခါ ဘုရားသခင်၏ ကယ်တင်တော်မူခြင်း အကြောင်း သင်တွေ့ရှိသောအရာများကို မှတ်သားပါ။ “ဘုရားသခင်၏ ကယ်တင်ခြင်း” ခေါင်းစဉ်အောက်တွင် သင် လေ့လာတွေ့ရှိချက်များကို ရေးသားထားပါ။

• ဘုရားသခင်သည် အဲဂုတ္တုလူတို့အား ပြည့်စုံသောလွတ်မြောက်ခြင်းကို ပင်လယ်နီအရပ်၌ ပေးခဲ့သည်။ (ထွက် ၁၃:၁၇–၁၄:၃၁)။ ဤသည်မှာ ယနေ့တိုင်အောင် အမှတ်ရပြီး ဆွေးနွေးနေဆဲဖြစ် သောအံ့ဖွယ်သြနိမိတ်လက္ခဏာတစ်ခုဖြစ်သည်။

• ဘုရားသခင်သည် သဲကန္တာရတွင် သန်းနဲ့ချီသောလူများအား နေ့စဉ်အစာများကို ထောက်ပံ့ပေးခဲ့သည်။ (ထွက် ၁၆:၁-၃၆)။

• ဘုရားသခင်သည် မောရှေအား သိနတောင်ပေါ်၌ ပညတ်တော် ၁၀ ပါးကို ပေးခဲ့သည်။ (ထွက် ၁၉)။ ၎င်းကို ထွက်မြောက်ရာကျမ်း ၂၀:၁-၂၁ တွင်တွေ့နိုင်ပြီး၊ လူတို့သည် မည်ကဲ့သို့ အသက်ရှင်ကြရမည်ကို အချုပ်ဖော်ပြထားသည်။ ပထမ ပညတ်ချက် (၄) ချက်သည် ဘုရားသခင်နှင့်ဆိုင်သောဆက်ဆံရေးအတွက်ဖြစ်ပြီး၊ နောက်ပညတ်ချက် (၆) ချက်သည် လူလူချင်းအကြားဆက်ဆံရေးအတွက်ဖြစ်သည်။

**တဲတော်** – ထွက် ၃၆-၃၈ ။ ၎င်းကို မိမိလူတို့ တွေ့ဆုံရန်အတွက် ဘုရားသခင်ရည်ရွယ်သည်။ (မူလအစတွင် သန့်ရှင်းရာဌာနတော်နေရာ ဟုခေါ်သည်။ (ထွက် ၂၅:၈-၉, ၃၃:၇-၁၁)။ ၎င်းသည် သန့်ရှင်းသောဘုရားသခင်နှင့် အပြစ်ရှိသောလူတို့တွေ့ဆုံရန် လိုအပ်သည်ကို ဖော်ပြလိုခြင်း ဖြစ်သည်။ (ယစ်ပူဇော်ခြင်းနှင့်ဆေးကြောသန့်စင်ခြင်း၏လိုအပ်မှုရှိသည်။)

• များစွာသော ပညတ်ချက်နှင့် ပြစ်ဒဏ်များသည် ပြင်းထန်သောမတရားမှုနှင့် ဘုရားသခင်၏ သန့်ရှင်းခြင်းကို ဖော်ပြသည်။ သိုးနှင့် တိရိစ္ဆာန်တို့ကို အပြစ်အတွက် ပူဇော်ဆက်သကြသည်။ (ထွက် ၂၉:၃၈-၄၆)။ ၎င်းသည် ထာဝရအမှန်တရားများအတွက် နှိုင်းယှဉ်မှုများသာဖြစ်သည်။ (ဟေဗြဲ ၈:၁-၅)

☞ **မှတ်သားရန်** – သင်လေ့တွေ့ရှိချက်များကို “ဘုရားသခင်၏ ကယ်တင်ခြင်း” လက်စွဲ၏ စာမျက်နှာတွင် ရေးမှတ်ပါ။

• မောရှေသည် ခါနာန်ပြည်သို့ သူလျှို ၁၂ ယောက်ကိုစေလွှတ်ခဲ့ပြီး၊ အများစုသည် အန္တရာယ် စိန်ခေါ်မှုများအကြောင်း၊ မဖြစ်နိုင်သောသတင်းများကိုသာ ပြောသည်။(တောလည် ၁၃)

☞ **မေးခွန်း** – လူတို့သည် ပြဿနာကိုသာ အာရုံစိုက်ပြီး ဘုရားသခင်၏ ကတိတော်ကိုမေ့လျော့သည့်အခါ မည်သို့ဖြစ်သွားတတ်ကြသနည်း။ (တောလည် ၁၄)

• အာဖြဟံနှင့် ဣသရေလလူမျိုးများ ကတိတော်ပြည်သို့ ဝင်ရောက်ခြင်း - ဘုရားသခင်သည် မိမိကို ဆန့်ကျင်ဖက်ပြုသောလူများ၊ မကောင်းဆိုးဝါးနောက်လိုက်သူများ၊ သားသမီးများကို ယစ်ပူဇော်သူများကို တရားစီရင်ရန် ဣသရေလလူမျိုးများကို အသုံးပြုခဲ့သည်။ (ဝတ် ၂ဝ:၁-၂၄)။ ဘုရားသ ခင်၏ အလိုတော်အတိုင်းအသက်မရှင်သော ဣသရေလလူမျိုးများကို ပို၍ ဆိုးဝါးသော ပြစ်ဒဏ်ပေး မည်အကြောင်းကို မိန့်တော်မူခဲ့သည်။ (ဝတ် ၂၆:၁၄-၃၉, ယောရှု ၂၃:၉-၁၆)။

• သမ္မာကျမ်းစာက မောရှေသည် မြေကြီးပေါ်မှာရှိသော သူအပေါင်းတို့ထက်သာ၍ နူးညံ့သိမ် မွေ့သော သဘောရှိသူ ဟုဆိုသည်။ (တောလည် ၁၂:၃)

☞ **ဖတ်ရန်** – ရှင်မဿဲ ၁၈:၁-၄ နှင့် ၂ဝ:၂ဝ-၂၈ တွင် ယေရှုက နှိမ့်ချခြင်းအကြောင်းကို မိန့်တော်မူခဲ့ပြီး၊ ၄င်းကို ဖတ်၍ မောရှေနှင့် နှိုင်းယှဉ်ကြည့်ပါ။

• မောရှေအကြောင်းတွင် ဘုရားသခင်အကြောင်းနှင့်ပတ်သက်သော အခြားလေ့လာ တွေ့ရှိ ချက်များရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို “ဘုရားသခင်၏ ကယ်တင်ခြင်း၊” “ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊” နှင့် “ဘုရားသခင်၏ ကတိတော်များ” လက်စွဲခေါင်းစဥ် အောက်တွင် ရေးသားထားပါ။)

• မောရှေ၏ ခေါင်းဆောင်မှုနေရာကို ဆက်ခံသူမှာ ယောရှုဖြစ်သည်။ သူသည် ဘုရားသခင် ကတိထားတော်မူသော ကတိတော်ပြည်သို့ မိမိလူမျိုးများကို ဦးဆောင်ခဲ့သည်။ (ယောရှု ၁:၁-၁၈)

## ရုသ

ရုသဝတ္ထု ၁-၄ ကို ဖတ်ပါ။

• ရုသသည် ဣသရေလလူမျိုးမဟုတ်ပါ၊ တိုင်းတစ်ပါးသူ တစ်ယောက်ဖြစ်သည်။ သို့သော် သူမသည် ဘုရားသခင်၏ လူများနှင့် အတူနေဖို့ ရွေးချယ်သည့်အခါ၊ ဘုရားသခင်သည် သူ့မအသက်တာ၌ အထူးကောင်းမွန်သောအရာများကိုပြုလုပ်ပေးခဲ့သည်။ (ရုသဝတ္ထု၁)။

• စိတ်နှလုံးနှိမ့်ချပြီး ဘုရားသခင်ကိုရှာသောသူတို့အားဘုရားသခင်သည် အမြဲကူညီမစလျက် ရှိသည်။

• ဘုရားသခင်သည် လူများစွာကို ရွေးနှုတ်ကယ်တင်ရန် မေရှိယကို ယူဆောင်လာဖို့ သူ၏အကြံအစည်တော်ထဲ၌ ရုသကိုပါဝင်စေခဲ့သည်။ (ရုသ ၄:၁၆-၂၂ နှင့် မဿဲ ၁)

• ဘုရားသခင်သည် တကျွန်းတနိုင်သားများဖြစ်သော ကျွန်ုပ်တို့ကို သူနှင့် အိမ်ထောင် မိသားစုထဲသို့ ရောက်စေသည့်အကြောင်းအရာနှင့် ဆက်စပ်သောအရာ၌ သင်မည်သည့်အရာများကို မြင်ပါသနည်း။ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ ကယ်တင်ခြင်း" ခေါင်းစဉ်အောက်တွင် ရေးမှတ် ထားပါ။

• ရုသနှင့် ဗောဇဇာတ်လမ်း၌ ဘုရားသခင်အကြောင်းနှင့် ပတ်သက်သော အခြားလေ့လာ တွေ့ရှိချက်များ ရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို “ဘုရားသခင်၏ ကယ်တင်ခြင်း၊” “ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊” နှင့် “ဘုရားသခင်၏ ကတိတော်များ” ခေါင်းစဥ်အောက်တွင် ရေးသားထားပါ။)

## ဒါဝိဒ်

၁ ရာ ၁၆-၃၁၊ ၂ ရာ ၁-၂၄၊ ၃ ရာ ၁-၂ ကို ဖတ်ပါ။

ဒါဝိတ်သည် အသက်ငယ်စဉ်ကတည်းကပင် ရှင်ဘုရင်ဖြစ်သည်အထိဘုရားသခင်ကို ယုံကြည်ကိုးစားသော ဣသရေလလူမျိုးတစ်ဦးဖြစ်သည်။

• ဒါဝိဒ်သည် အာဗြဟံ၏ မျိုးဆက်အား ကတိတော်ပြည်သို့ ခေါ်ဆောင်မည်ဟု ဘုရားသခင် ကတိထားတော်မူသည်ကို ယုံကြည်သောကြောင့် ဣသရေလလူမျိုးကို ဆန့်ကျင်ဖက်ပြုသော ဂေါလျက်ကို ရင်ဆိုင်ခဲ့သည်။ (၁ ရာ ၁၇)။

• ဒါဝိဒ်၏ အောင်မြင်မှုကြောင့် ရှောလုရှင်ဘုရင်သည် ဒါဝိဒ်ကိုမုန်းတီးခဲ့ပြီး၊ သူ့ကို သတ်ဖို့ အကြိမ်ကြိမ်ကြိုးစား ချောင်းမြောင်းခဲ့သည်။ (၁ ရာ ၁၈-၃၁)။

• ဒါဝိဒ်သည် ရှောလုဘုရင် ရန်မှ ထွက်ပြေးရင်း ၈ နှစ်ခန့် ကြာခဲ့ရသော်လည်း ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်ရှိခဲ့သည်။ မျှော်လင့်ခြင်းဖြင့် အသက်ရှင်နေခဲ့သည်။ ဥပမာ–ဂူထဲ၌ပုန်းအောင်း ခဲ့ရသည်။ (၁ ရာ ၂၄:၁-၂၂)

• ဒါဝိဒ်သည် ဣသရေလ၏ ဘုရင်ဖြစ်လာပြီး ဘုရားသခင်အား ကိုးကွယ်ခြင်းကို အထူးလုပ်ဆောင်ခဲ့သည်။ (၂ ရာ ၅:၁-၅)။

• ဒါဝိဒ်၏ မျိုးဆက်သည် အစဉ်အုပ်စိုးရမည်အကြောင်းကို ဘုရားသခင် ကတိပေးခဲ့ပြီး၊ ၄င်းသည် ရှင်ဘုရင်မေရှိယ (ဂရိဘာသာစကားနဲ့ ခရစ်တော်) ဖြစ်သည်။ (၂ ရာ ၇:၁၁-၁၆)။

• ဒါဝိဒ်သည် ဗာသရှေဘနှင့်ပြစ်မှားခြင်း၊ သူမ၏ ယောကျ်ားကိုသတ်ခြင်း အပြစ်ကို ကျူးလွန်ခဲ့သည်။ (၂ ရာ ၁၁-၁၂) ဤအပြစ်ဝန်ခံခြင်းအတွက် ဒါဝိတ်သည် ဆာလံ ၅၁ ကို ရေးစပ်ခဲ့သည်။

• ဒါဝိဒ်၏ သားအဗရှလုံသည် နိုင်ငံတော်အုပ်ချုပ်မှုကို သူ့ဖခင်ထံမှ ခေတ္တအချိန်အတွင်းရယူခြင်းသည် ဒါဝိဒ်အဖို့ကြီးမားသော စမ်းသပ်မှုဖြစ်ခဲ့သည်။ (၂ ရာ ၁၅-၁၈)။

• ဒါဝိဒ်သည် ဘုရားသခင်အား မိမိခံစားချက်ကို ဖော်ကျူးသည့် ကဗျာများစွာကိုရေးဖွဲ့ခဲ့သည်။ ၂ ရာ ၂၂ သည် ဥပမာတစ်ခုဖြစ်သည်။ ဆာလံသီချင်း သီချင်းများစွာကိုလည်း ရေးသားခဲ့သည်။

• လူများသည် ဘုရားသခင်ကိုယုံကြည်ကိုးစားရန်နှင့် နာခံရန် ဒါဝိဒ်က ဦးဆောင်ပေးခဲ့သောကြောင့် ဘုရားသခင်က ဣသရေလကိုကောင်းချီးပေးတော်မူခဲ့သည်။

• ဒါဝိဒ်ရေးစပ်ထားသော ဆာလံကျမ်း ၁၄၅ ကို ဖတ်ပါ။ ဘုရားသခင်အကြောင်းနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက်များ ရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်အကြောင်းအခြေခံသိကောင်းစရာများ -ဘုရားသခင်၏ဂုဏ်အင်္ဂါလက္ခဏာများ၊" ခေါင်းစဉ်အောက်တွင် ရေးသားထားပါ။)

• ဆာလံကျမ်း ၂၇ ကိုလည်း အလားတူ လုပ်ဆောင်ပါ။

• ဒါဝိတ်အကြောင်းမှ ဘုရားသခင်အကြောင်းနှင့် ပတ်သက်သော အခြားလေ့လာတွေ့ရှိချက်များရှိ ပါသလား။ (သင်၏လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ကယ်တင်ခြင်း၊" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ၊" နှင့် "ဘုရားသခင်၏ ကတိတော်များ" ခေါင်းစဉ်အောက်တွင် ရေးသားထားပါ။)

## ရှောလမုန်

၃ ရာ ၁ - ၁၁ ကို ဖတ်ပါ။

ဒါဝိဒ်နန်းတော်ကို ပထမဆုံးအမွေစားအမွေခံဖြစ်သော ဒါဝိဒ်၏သားရှောလမုန်သည် ဣသရေလကိုထိပ်ဆုံးသို့ရောက်အောင် ဦးဆောင်ပေးခဲ့သောဘုရားသခင်ကောင်းချီးပေးသောသူဖြစ်သည်။

• ရှောလမုန်သည် ဒါဝိဒ်နှင့် ဗာသရှေဘ၏ သားဖြစ်သည်။ (၃ ရာ ၁:၁၁-၃၅)။

• သမိုင်းတွင် ရှောလမုန်သည် ချမ်းသာကြွယ်ဝမှုနှင့် ဉာဏ်ပညာအလွန်ကြီးမားသူဖြစ်သည်။ (၃ရာ ၁၀:၁-၂၉)။

• ရှောလမုန်၏ အုပ်စိုးမှုသည် ဣသရေလသမိုင်းတွင် အထွက်အထိပ်ထိ ရောက်ရှိခဲ့သည်။

• ရှောလမုန်သည် ဘုရားသခင်နှင့်အတူပူးပေါင်းလုပ်ဆောင်ခြင်းမရှိသောကြောင့် ဣသရေလနိုင်ငံသည် တဖြည်းဖြည်းပြိုလဲလာခဲ့သည်။ (၃ ရာ ၁၁: ၁-၂၆)။

• ရှောလမုန်၏ ဘဝနိဂုံး၌ ယေရောဗောင်နှင့် ရောဗောင်တို့သည် ဣသရေလနိုင်ငံကို နှစ်ခြမ်းခွဲပြီး အုပ်စိုးခဲ့ကြသည်။ (၃ ရာ ၁၁:၂၆ - ၁၂:၃၃)။ ရောဗောင်သည် ယေရုရှလင်မြို့အပါဝင် တောင်ပိုင်း မျိုးနွယ်နှစ်ခုဖြစ်သော ယုဒအမျိုးနှင့် ဗေရိမ်အမျိုးကို အုပ်စိုးခဲ့သည်။ ယေရောဗောင်သည် မြောက်ပိုင်း ဣသရေလနိုင်ငံ၏ အစိတ်အပိုင်းများနဲ့ ဖွဲ့စည်းထားသော မျိုးနွယ်ဆယ်ခုကို အစိုးတရပြုခဲ့သည်။ ၄င်း သည် ဣသရေလနိုင်ငံ၏ ပျက်စီးခြင်းအစဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံနှစ်ခုဖြစ်သော ဣသရေလ မြောက်ပိုင်းနိုင်ငံ (အစ္စရေး) နှင့် ဣသရေလ တောင်ပိုင်းနိုင်ငံ (ယုဒ) ဟူ၍ ခွဲခြားကာ ရှင်ဘုရင်များစွာ တို့က အုပ်စိုးခဲ့ကြသည်။ မြောက်ပိုင်းအုပ်စုကို အာဆီးရီးယားနိုင်ငံက (ဘီစီ ၇၂၂) တွင် သိမ်းပိုက်ခဲ့ပြီး၊ တောင်ပိုင်းနိုင်ငံကိုဗာဗုလုန်ပြည်က(ဘီစီ၅၈၇)တွင်သိမ်းယူခဲ့သည်။

• ရှောလမုန်အကြောင်းမှ ဘုရားသခင်အကြောင်းနှင့်ပတ်သက်သော အခြားလေ့လာတွေ့ရှိ ချက်များရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို “ဘုရားသခင်၏ကယ်တင်ခြင်း” “ဘုရားသခင်၏ ဂုဏ်အင်္ဂါ လက္ခဏာများ” နှင့် “ဘုရားသခင်၏ ကတိတော်များ” ခေါင်းစဥ်အောက်တွင် ရေးသားထားပါ။)

**ဟေရှာယ**

ဟေရှာယ အနာဂတ္တိကျမ်း ၁:၁-၃၁, ၆:၁-၁၃, ၉:၁-၇, ၁၁, ၁၂, ၂၆, ၄၀, ၄၂, ၄၉:၁-၂၆, ၅၃:၁-၁၂, ၆၁, ၆၆:၁-၂၄ ကို ဖတ်ပါ။

ဟေရှာယသည် ဣသရေလလူမျိုးတစ်ဦးဖြစ်ပြီး သူ့အချိန်ကာလတွင် အာဆီးရီယားနှင့် ဗာဗုလုန်နိုင်ငံသို့ ပြည်နှင်ဒဏ်ခံခဲ့ရသည်။ ဣသရေလပြည်သူများသည် နိုင်ငံခြားသို့လွှတ်ပေးခံခဲ့ရသည်။ ဟေရှာယအကြောင်းကို အများကြီးဖော်ပြမထားပါ။

• ဟေရှာယသည် (ဘီစီ ၇၁၀- ၆၈၁) တွင် ယုဒနိုင်ငံ၌ ရှင်ဘုရင် ၄ ပါး အုပ်စိုးမည့်အကြောင်းကို ပရောဖက်ပြုခဲ့သည်။ (ဟေရှာယ ၁:၁)။

• ဟေရှာယသည် ဗာဗုလုန် (ဟေရှာယ ၁၃-၁၄)၊ ဖိလိတ္တိပြည် (ဟေရှာယ ၁၄:၂၈-၃၂)၊ မောဘပြည် (ဟေရှာယ ၁၅-၁၆)၊ ဒမာသက်မြို့နှင့် ရှုရိပြည် (ဟေရှာယ ၁၇)၊ အဲသယောပိ (ဟေရှာယ ၁၈)၊ အဲဂုတ္တုပြည် (ဟေရှာယ ၁၉-၂၀) စသည့် အိမ်နီးချင်းနိုင်ငံများအကြောင်းကို ပရောဖက်ပြုခဲ့သည်။

• ဘုရားသခင်၏ ပရောဖက်ဟေရှာယသည် ဣသရေလနိုင်ငံ ပျက်စီးခြင်းနှင့် သိမ်းယူခြင်း (ယုဒနိုင်ငံကို ဗာဗုလုန်မှ သိမ်းယူခြင်း (ဟေရှာယ ၃၉:၁-၈) နှစ်ခုလုံးအတွက်နဲ့ ဣသရေလနိုင်ငံ ပြန်လာမည့်အကြောင်း (ဟေရှာယ ၄၉း ၁-၂၆၊ ဟေရှာယ ၅၁) ကို ပရောဖက်ပြုခဲ့သည်။

• ဘုရားသခင်သည် ဣသရေလလူမျိုးထဲတွင် ထူးခြားသည့်ကလေးမွေးဖွားမည်ကို ဟေရှာယ ဖွင့်ပြပေးတော်မူခဲ့သည်။ ထိုကလေးသည် “အံ့သြဖွယ်ဘုရား” “ထာဝရအဘ” ဟု ခေါ်တွင်ရမည်။ (ဟေရှာယ ၉:၆)။ လာမည့် မေရှိယ (ခရစ်တော်) သည် ဘုရားဖြစ်လင့်ကစား လူသားကဲ့သို့ မွေးဖွားလာမည်အကြောင်းကိုဘုရားသခင်သည်လူတို့အားနားလည်အောင်ကူညီပေးခဲ့သည်။

• ဟေရှာယက လာမည့်ယေရှုခရစ်တော်၏ ဒုက္ခဆင်းရဲခံခြင်း၊ အသေခံသတ်ခြင်းနှင့် ဘုရားသခင်ကျွန်၏ ဆင်းရဲဒုက္ခခံခြင်းအကြောင်းကို ရေးသားခဲ့သည်။ (ဟေရှာယ ၅၃)။

• လာမည့်အနာကပ်အတွက် ဣသရေလလူမျိုးများအား မျှော်လင့်ခြင်းကိုပေးရန် ဘုရားသခင်၏ အကြံအစည်တော်အကြောင်းနှင့် များစွာသောအရာတို့ကို ဘုရားသခင်သည် ဟေရှာယအား ဖွင့်ပြပေးခဲ့သည်။

• ဟေရှာယ၏ ဘဝအသက်တာအားဖြင့် ဘုရားသခင်အကြောင်းနှင့်ပတ်သက်သော အခြားလေ့လာ တွေ့ရှိချက်များ ရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ ကယ်တင်ခြင်း၊" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ" နှင့် "ဘုရားသခင်၏ ကတိတော်များ" လက်စွဲခေါင်းစဉ် အောက်တွင် ရေးသားထားပါ။)

## ဒံယေလ

ဒံယေလအနာဂတ္တိကျမ်း ၁ မှ ၁၀ ကို ဖတ်ရန်

ဒံယေလသည် ဗာဗုလုန်နိုင်ငံသို့ သိမ်းသွားခြင်းကိုခံရသော ဣသရေလလူမျိုးများထဲကတစ် ဦးဖြစ်သည်။ ထိုအချိန်မှာ ဗာဗုလုန်နိုင်ငံသည် ကမ္ဘာ့အင်ပါယာတစ်ခုဖြစ်ပြီး၊ ဗာဗုလုန်နိုင်ငံသားများက ယေရုရှလင်မြို့ကို ဖျက်ဆီးကာ ဣသရေလလူမျိုးများစွာကို ဗာဗုလုန်နိုင်ငံသို့ ဖမ်းဆီးသိမ်းပိုက်ခဲ့သည်။

• ဘုရားသခင်၏ လုပ်ဆောင်မှုသည် ပျက်စီးသွားသကဲ့သို့ထင်ရသည့်အချိန်၌ ဘုရားသခင်အပေါ် ဆက်လက်၍ ယုံကြည်ကိုးစားသော ဒံယေလသည် ကောင်းသောပုံသက်သေ တစ်ဦးဖြစ်ခဲ့သည်။

• ဒံယေလသည် သူ့၏အရည်အချင်းနှင့် ထက်မြက်သောစိတ်ထားတို့ကြောင့် ရာထူးတိုးမြှင့်ခြင်းခံရသည်။ ရန်သူ၏နိုင်ငံ၌ တာဝန်ဝတ္တရားကျေပွန်ပြီး၊ ဘုရားသခင်ကို ကျေနပ်စေသော ဘဝဖြင့် နေထိုင်ခဲ့သည်။ (ဒံယေလ ၁-၂)။

• ဗာဗုလုန်အင်ပါယာ၏ မင်းကြီး နေဗုခဒ်နေဇာသည် ဘုရားသခင်အား ယုံကြည်ကိုးကွယ်လာရန် ဒံယေလကို ဘုရားသခင်အသုံးပြုခဲ့သည်။ ထိုအကြောင်းကို ဒံယေလ ၂ – ၄ တွင်ဖတ်ရှုပါ။

• ဗာဗုလုန်အင်ပါယာပြိုကွဲပြီးနောက်၊ ဒါရိမင်းကြီးလက်ထက် ဒံယေလကို အာဏာရှင်များက ဆန့်ကျင်ပြီး၊ ခြင်္သေ့တွင်းထဲ၌ သတ်ဖြတ်ရန်ကြိုးစားခဲ့ကြသည်။ သို့သော်လည်း ဘုရားသခင်သည် သူ ၏ကြီးမြတ်တော်မူခြင်းကို သက်သေဖော်ပြပြီး ဒါရိမင်းကြီးကလည်း ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းကို အင်ပါယာတစ်လွှားကြေညာခဲ့ရသည်။ (ဒံယေလ ၆)။

• ဘုရားသခင်သည် ဒံယေလအား အနာဂတ်တွင်ဖြစ်ပျက်လာမည့် ကမ္ဘာ့ဖြစ်ရပ်များနှင့် ပတ်သက်သော ရူပါရုံများကို ပေးခဲ့သည်။ (ဒံယေလ ၇-၈)။

• ဘုရားသခင်သည် ဒံယေလအား ကမ္ဘာကြီး၏ နောက်ဆုံးတရားစီရင်ခြင်းအကြောင်းကို ဖော်ပြပြီး၊ လောကတွင် "ရှေးခေတ် ဘုရား" များနှင့်အတူ မြင့်မြတ်သောအခွင့်အာဏာရှိသူကဲ့သို့ ကိုးကွယ်ရန် "လူသား" ကြွလာမည့် ရူပါရုံကိုလည်း ဖော်ပြခဲ့သည်။ (ဒံယေလ ၇:၉-၁၄)။ ဤအမြင်ကို ဂျူးလူမျိုးများက ယေရှုဟုခေါ်သော မေရှိယကို ကြိုတင်ဟောကိန်းထုတ်ကြောင်း ယုံကြည်ကြသည်။ (မာကု ၁၄:၆၂)။

• ဒံယေလ၏ဘဝအသက်တာအားဖြင့် ဘုရားသခင်အကြောင်းနှင့် ပတ်သက်သောအခြားလေ့ လာတွေ့ရှိချက်များ ရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ ကယ်တင်ခြင်း၊" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ" နှင့်" ဘုရားသခင်၏ ကတိတော်များ" လက်စွဲခေါင်းစဉ် အောက်တွင် ရေးသားထားပါ။)

## ယေရှုခရစ်တော်

လုကာ ၁ မှ ၂၄၊ ယောဟန် ၁ မှ ၂၁ ကို ဖတ်ရန်

ယေရှုခရစ်တော်သည် သမိုင်းတလျှောက်အကြီးမားဆုံးသောပြောင်းလဲမှု၏ အဓိကပုဂ္ဂိုလ်ဖြစ်သည်။ ယ

ခု ကမ္ဘာအနှံ့သုံးနေသော ပြက္ခဒိန်စနစ်သည် ယေရှုမွေးဖွားချိန်ကို အခြေခံထားခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိလူတို့နှင့် လုပ်ဆောင်သည့်နည်းလမ်းကိုလည်း ယေရှုကအဓိက ပြောင်းလဲစေခဲ့သည်။ ယေရှု၏ ပထမဦးဆုံး တရားဒေသနာတော် (တောင်ပေါ်ဒေသနာ) တွင် ယေရှုက မကြာခဏ "သင်တို့ကြားရပြီ... ငါပြောသည် မဟုတ်လော့..." (မဿဲ ၅:၂၁၊ ၂၇၊ ၃၁၊ ၃၃၊ ၃၈၊ ၄၃) စသည်တို့ကို ပြောဆိုလေ့ရှိသည်။ ဓမ္မဟောင်းကျမ်း၌ လူတို့၏လုပ်ဆောင်မှုကို ပို၍အလေးထားသော်လည်း ယေရှုသည် လူ့အပြုအမူထက် လူတို့၏ စိတ်နှလုံးအတွင်းပိုင်း၌ ဖြစ်နေသောအရာကို အလေး ထားပြောဆိုလေ့ရှိသည်။

• ယေရှုခရစ်တော်သည် ဖန်ဆင်းရှင်ဘုရားသခင် ဖြစ်ကြောင်းသိရှိနိုင်သည့် အကြောင်းရင်း လေးခုရှိပါသည်။ ဤအကြောင်းအရာများသည် အကောင်းဆုံးသောသမိုင်းနဲ့ ဆိုင်သောအထောက် အထားများဖြစ်ကြသည်။

၁။ နှစ်ထောင်ပေါင်းများစွာက မိမိအကြောင်း (ဂျူးလူမျိုးများအတွက် မေရှိယ) နှင့်ဆိုင်သော အနာဂတ္တိကျမ်းခန့်မှန်းချက်များကို ပြီးပြည့်စုံစေခဲ့သည်။

၂။ မိမိကိုယ်တိုင် ဘုရားဖြစ်ကြောင်း ရန်သူတို့ရှေ့၊ တပည့်တော်များရှေ့၌ ပြောဆိုခဲ့သည်။

၃။ ဘုရားသခင်၏ သဘာဝထက်လွန်သော အံ့သြဖွယ်ရာတန်ခိုးတော်များကို ပြသခဲ့သည်။

၄။ သူ့နောက်လိုက်များက ယေရှုသည် ဘုရားဖြစ်သည်ဟု ကြွေးကြော်ခြင်း၊ မိန့်တော်မူသည့်အတိုင်း အသေခံပြီး ရှင်ပြန်ထမြောက်ခဲ့သော ယေရှုကို မျက်မြင်တွေ့ရှိခဲ့ကြသောကြောင့် မိမိတို့ပင် အသေခံလိုသောဆန္ဒများ ပြင်းပြနေကြသည်ကို တွေ့ရခြင်းဟူသော သက်သေအထောက်အထား များဖြစ်ပါသည်။

**မှတ်ချက်**

''ယေရှု'' ၏ သက်တော်စဥ်ရုပ်ရှင်တွင် ယေရှု၏ ဘဝအသက်တာကို ကောင်းစွာဖော်ပြထားပါသည်။ ဤဝက်ဆိုက် www.JesusFilmMedia.org တွင် ယေရှု၏သက်တော်စဥ်ကို ရာဂဏန်းမကသော ဘာသာစကားမျိုးစုံနဲ့ကြည့်ရှုနိုင်ပါသည်။ ၎င်းတွင် ဖန်ဆင်းခြင်း၊ ကျဆင်းခြင်း၊ အာဗြဟံအကြောင်း၊ ယေရှု၏ အသက်တာ၊ သတင်းကောင်းနှင့် ကယ်တင်ခြင်းအတွက် ယေရှုကို ကိုးစားယုံကြည်ခြင်းစသည်တို့ကို ရှင်းပြထားသည်။ လောက၌ ယေရှု၏အသက်တာအကြောင်း စိတ်ဝင်စားဖွယ်အချို့ကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

• ယေရှုသည် အာဗြဟံ၊ ဣသရေလနှင့် ဒါဝိဒ်တို့မှ ဆင်းသက်လာသည်။ (မဿဲ ၁: ၁-၁၇)။

• ယေရှု၏မွေးဖွားရာနေရာသည် ပရောဖက်ပြုချက်၏ ပြည့်စုံခြင်းဖြစ်သည်။ (မိက္ခာ ၅:၂၊ မဿဲ ၂:၁၊ လုကာ ၂:၁-၇)။

• ယေရှု၏ မွေးဖွားခြင်းအဖြစ်အပျက်သည် အံ့သြဖွယ်ဖြစ်သည်။ (မဿဲ ၁-၂၊ လုကာ ၁:၂၆ – ၂:၄၀)။

• ယခုကမ္ဘာအနှံ့သုံးနေသော ပြက္ခဒိန်စနစ်သည် ယေရှုမွေးဖွားချိန်ကို အခြေခံထားခြင်းဖြစ်ပြီး၊ ယေရှုသည် ဥရောပနိုင်ငံ၊ အနောက်နိုင်ငံယဥ်ကျေးမှုတို့၏ သြဇာလွှမ်းမိုးမှုအခံရဆုံးဖြစ်သည်။

• ယေရှုသည် အသက် ၁၂ နှစ်အရွယ်မှာပင် မိမိသည် ဘုရားဖြစ်ကြောင်း သိရှိခဲ့သည်။ (လုကာ ၂:၄၁-၅၂)

• ယေရှုကို ဗတ္တိဇံရှင်ယောဟန်က ရေနှစ်ခြင်းမင်္ဂလာပေးခဲ့သည်။ (ရှင်မဿဲ ၃း၁၃-၁၇)။

• ယေရှုသည် စည်းစိမ်ဥစ္စာမရှိ၊ ဆင်းရဲနုံချာစွာအသက်ရှင်ခဲ့သော်လည်း၊ အခြားသူများကိုအမြဲကူညီပေးတတ်သည်။ (မဿဲ၊ မာကု၊ လုကာနှင့် ယောဟန် တို့ကိုဖတ်ပါ)။

• ကျန်းမာခြင်းနှင့် သဘာဝတရားကို ထိန်းချုပ်ခြင်းနိမိတ်လက္ခဏာသည် လူသားသဏ္ဍာန်ထဲ၌ ဘုရားဖြစ်ခြင်းသဘောကို သက်သေဖော်ပြနေပါသည်။ (၎င်းကို ရှင်မဿဲခရစ်ဝင်ကျမ်း၊ ရှင်မာကုခရစ်ဝင်ကျမ်း၊ ရှင်လုကာခရစ်ဝင်ကျမ်းနှင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းတို့တွင်တွေ့ရမည်)။ နိမိတ်လက္ခဏာ အားလုံးသည် မိမိတန်ခိုး

တော်ကို ပြသဖို့မဟုတ်ဘဲ၊ ၄င်းသည် လူတို့ကိုကူညီပေးရန် ရည်ရွယ်ခြင်းဖြစ်ပြီး စိတ်ဝင်စားဖွယ် အထူးကောင်း လှပါသည်။

• ယေရှုကိုယ်တိုင်က ဘုရားဖြစ်ကြောင်းဆိုခဲ့သည်။ (ယောဟန် ၈: ၅၇-၅၉၊ ၁၀: ၃၀-၃၃)။ ယေရှုက မိမိ သည်ဘုရားနှင့် မေရှိယဖြစ်သည်ဟု ကြွေးကြော်သောကြောင့် ၄င်းသည် ဘာသာရေးဆရာများက အသေသတ် ရန် အကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်။ (ယောဟန် ၁၉း၇)။

• သုံးပါးတစ်ဆူ စကားလုံးကို မသုံးသော်လည်း ၄င်းအကြောင်းကို ယေရှုက သွန်သင်ပေးခဲ့သည်။ ယေရှု က ဖခမည်းတော်ဘုရားအကြောင်းကို အမြဲလိုလိုပြောဆိုခဲ့သည်၊ နောက်ဆုံးညစာစားပွဲ၌ ယေရှုကိုယ်စား ကြွ လာမည့် သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ရှင်းလင်းစွာ ရှင်းပြပေးခဲ့သည်၊ ဘုရားအကြောင်းအကျဉ်းချုပ် စွာ ဖော်ပြသည်။ (ယောဟန် ၁၄၊ ၁၆)။ ယေရှုသည် ကောင်းကင်ဘုံ၌ရှိတော်မူသော ဖခမည်းတော်ကို သိရှိသလို၊ ယေရှုကိုယ်တိုင်က မိမိသည် ဘုရားဖြစ်ကြောင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ဘုရားဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။

• ယေရှုက အကြီးမားဆုံးသောရန်သူ စာတန်အကြောင်းကို သွန်သင်ထားသည်။ (ယော ၈း၄၂-၄၆)။

• ယေရှုက ထာဝရတရားစီရင်ခြင်းအကြောင်းကို သွန်သင်ထားသည်။ (ယောဟန် ၃:၁၆-၁၈၊ မဿဲ ၂၅:၃ ၁-၄၆)။

• ယေရှုက အသက်ရှင်ခြင်း၏ ရည်ရွယ်ချက်သည် လူများကို အပြစ်မှ ရွေးချယ်ဖို့နှင့် ထာဝရတရားစီရင် ခြင်းမှ ကယ်တင်ရန် ဖြစ်ကြောင်းသိခဲ့သည်။ (မာကု ၁၀း ၄၅)။

• မာကု ၁၄:၁၂-၂၅၊ လုကာ ၂၂:၁၄-၂၀ တွင် ယေရှုသည် မြင့်မြတ်သော တော်ဝင်အသွင်ဖြင့် အနာဂတ် တွင် ကြွလာမည်ဟု ဆိုထားသည်။ ဘုရားသခင်၏ နိုင်ငံတော်ထဲ၌ ၄င်းသည် ပြီးပြည့်စုံလာ မည့်အကြောင်းကို လည်း ယေရှုမိန့်တော်မူခဲ့သည်။ (လုကာ ၂၂း၁၆)။ ဗျာဒိတ်ကျမ်းတွင် ယေရှုသည် သိုးသငယ်တော်အဖြစ်ဖော်ပြ ထားပြီး၊ လူသားတို့ကို ထာဝရသေခြင်းမှ ထာဝရအသက်ရှင်ခြင်းသို့ ကယ်တင်ရန် မိမိအသက်ကိုပေးခဲ့သည့်အ ကြောင်းတွေ့ရသည်။ (ဗျာ ၇း၉-၁၇)။ ၄င်းသည် တပည့် တော်များအား အပြစ်အတွက် ပေးဆပ်ခဲ့သောအရာကို အောက်မေ့သတိရသောအားဖြင့် မုန့်နှင့်စပျစ် ရည်ကို သုံးဆောင်ရန် မိန့်တော်မူရခြင်းဖြစ်သည်။ (လုကာ ၂၂း၁ ၉)။

• သူတို့သည် လူသားကို ရိုက်ပုတ်၍သတ်ကြလိမ့်မည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟု မိန့်တော်မူ၏။(လုကာ ၁၈:၃၃)။

• မောရှေမှ ဗျာဒိတ်ကျမ်းအထိ ယေရှုသည် သမိုင်းအားလုံး၏ အဓိကပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူ၏ သေ ခြင်းသည် ပသခါသိုးသငယ်တော် (သားဦးအသက်ကို ကယ်တင်ရန်ယစ်ပူဇော်ခြင်း) ၏ အ နက်အဓိပ္ပါယ်ကိုပြည့် စုံစေခြင်းဖြစ်ကြောင်းတပည့်တော်များအား မိန့်တော်မူခဲ့သည်။ (မာကု ၁၄း၁၂-၂၅၊ လု ကာ ၂၂း၁၄-၂၀)။ ဘုရားသ ခင်၏ နိုင်ငံတော်ထဲ၌ လုံးဝဥသုံပြီးပြည့်စုံခြင်းဖြစ်ပေါ် လာမည့် အ ကြောင်း မိန့်တော်မူခဲ့သည်။ (လုကာ ၂၂း၁၆)။ ယေရှုသည် လူသားအားလုံးကို ထာဝရသေခြင်းမှ ထာဝရအသက်ရှင်ခြင်းသို့ ကယ်တင်ပေးနိုင်သောသူဖြစ် ကြောင်း ဗျာဒိတ်ကျမ်း၌ ၄င်းကို မကြာခဏ သိုးသငယ်တော်အဖြစ်ဖော်ပြထားသည်။ (ဗျာဒိတ် ၇း၉-၁၇)။ ယေရှု သည် တပည့်တော်များအား ကျွန်ုပ်တို့အပြစ်အတွက် ပေးဆပ်ခဲ့သောအရာကို အောက်မေ့သတိရသောအားဖြင့် မုန့်နှင့် စပျစ်ရည်ကို သုံးဆောင်ရန် မိန့်တော်မူရခြင်းဖြစ်သည်။ (လုကာ ၂၂း၁၉)။

• ယေရှုသည် အသေခံပြီးနောက် သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်မည့် အကြောင်းကို ကြိုတင်ဟောခဲ့သည်ကို ရန်သူများကပင် နားလည်ခဲ့ကြသည်။ (လုကာ ၁၈း၃၃၊ မဿဲ ၂၇း၆၂-၆၆)။ ယေရှုသည် နိုင်ငံတော်ကို ချက်ချင်းတည်ထောင်လာမည်ဟု တပည့်တော်တို့သည် မျှော် လင့်ခဲ့ကြပြီး၊ ယေရှုကားတိုင်ပေါ်၌

အသေသတ်ခြင်းခံရသည့်အခါ အသက်ပြန်ရှင်လာမည်ဟုပင် မမျှော်လင့်ရဲတော့ဘဲ အံ့သြငေးမောခဲ့ကြရသည်။ (ယောဟန် ၂၀း၉)။

• ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် မိမိကိုယ်ကို ဘုရားဖြစ်သည်ဟု ကြွေးကြော်ခြင်းအတွက် အကြီးမားဆုံးသော သက်သေတစ်ခုဖြစ်သည်။ (၁ ကော ၁၅း၁-၈)။

• ယေရှုသည် ထမြောက်ပြီးနောက် ရက်ပေါင်း ၄၀ လူတို့နှင့်အတူ ရှိနေခဲ့သည်။ လူအုပ်တို့သည် ကြည့်နေစဥ် ယေရှုသည် ကောင်းကင်ပေါ်သို့ တက်ကြွတော်မူခဲ့သည်။ ကောင်းကင်တမန်တို့က ယေရှုသည်ကိုယ်ခန္ဓာနဲ့ လောကသို့ တဖန်ပြန်ကြွလာမည်ကို တပည့်တော်တို့အားမိန့်တော်မူခဲ့သည်။ (တမန် ၁း၁-၁၁)။

• ယေရှုက သူ့နောက်လိုက်များအား ရှင်ဘုရင်ကဲ့သို့ပြန်ကြွလာမည်အကြောင်းကို ကြိုတင် မိန့်တော်မူခဲ့သည်။ ထိုနေ့ရက်ကို မည်သူမှ မသိပါ။ (ရှင်မဿဲ ၂၄း၁-၅၄)။

ယေရှုအကြောင်းမှ ဘုရားသခင်အကြောင်းနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက်များရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ ကယ်တင်ခြင်း" "ဘုရားသခင်၏ဂုဏ် အင်္ဂါလက္ခဏာများ" နှင့် "ဘုရားသခင်၏ ကတိတော်များ" လက်စွဲခေါင်းစဥ် အောက်တွင် ရေးသားထားပါ။

## မှတ်ချက်

"ဘုရားသခင်၏ အခြားအကြံအစည်တော်- ဘုရားသခင်၏ သိုးသငယ်တော်- ယေရှုခရစ်တော်အားဖြင့် မိမိကိုယ်ကိုဖော်ပြခြင်း" တွင် လူသားတို့ ပြုသောအမှားများနှင့် ဝိညာဥ်လောကအရာ များအပါအဝင် သမိုင်းတစ်လျှောက်ဖြစ်ပျက်ခဲ့သည့် ဘုရားသခင်ထိန်းချုပ်သောအံ့ဖွယ်ရာများကို တွေ့ရပါသည်။

## သန့်ရှင်းသော ဝိညာဉ်တော်

တမန်တော်ဝတ္ထု ၁:၄-၁၁၊ ၂:၁-၄၁၊ ၁၀:၁-၄၈၊ ၁၉:၁-၇ ကို ဖတ်ပါ။

သန့်ရှင်းသောဝိညာဉ် အကြောင်းကို သမ္မာကျမ်းစာအစပိုင်း ကမ္ဘာဦးကျမ်း ၁:၂ တွင် ဖော်ပြထားသည်။ သမ္မာကျမ်းထဲ၌ သန့်ရှင်းသောဝိညာဉ်ကို ခမည်းတော်ဘုရား (ဘုရားသခင်) အဖြစ်လည်းကောင်း၊ သားတော်ဘုရား (ယေရှုခရစ်တော်) အဖြစ်လည်းကောင်း မဖော်ပြထားပါ။ သို့သော်လည်း သမ္မာကျမ်းက သန့်ရှင်းသောဝိညာဉ်သည် "ဝိညာဉ်တော်ဘုရား" ဖြစ်ကြောင်းကို ထင်ရှားစွာရှင်းပြ ထားပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို နားလည်ရန်အတွက် အောက်ပါကျမ်းပိုဒ်များ က ကူညီပေးမည်ဖြစ်ပါသည်။

• ဘုရားသခင်၊ ခရစ်တော်နှင့် ဝိညာဉ်တော်အကြောင်းကို ဖော်ပြထားပြီး၊ ၎င်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြသည်၊ သို့သော်လည်း သီးခြားစွာ လုပ်ဆောင်သောပုဂ္ဂိုလ်များဖြစ်သည်။ လူတို့၏ ကန့်သတ်ထားသော ဉာဏ်ပညာနဲ့နားလည်ရန် ခက်ခဲပါသည်။ ၎င်းသုံးပါးသည် တစ်ဆူတည်း သောဘုရားဖြစ်ပြီး လုပ်ဆောင်မှု၌ မတူညီသောပုဂ္ဂိုလ်များဖြစ်ကြသည်။ (ရောမ ၈:၉-၁၁)။

• ယေရှုသည် တပည့်တော်များအား သူတို့၏အသက်တာ၌ ယေရှုကိုယ်စား သန့်ရှင်းသောဝိညာဥ်တော်ကို စေလွှတ်မည့်အကြောင်း မိန့်မှာခဲ့သည်။ ဤကျမ်းပိုဒ် များတွင်သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်မည့်အရာများကို ဖော်ပြထားသည်။ (ယောဟန် ၁၄:၁၅-၁၇၊ ၂၅-၂၆ နှင့် ၁၆:၅-၁၅)။

• ယေရှုက သူ့၏သက်သေဖြစ်ရန် တပည့်တော်များအား ဝိညာဥ်တော်ကို စေလွှတ်မည်ဟု ကတိပေးခဲ့သည်။ (တမန်တော်ဝတ္ထု ၁:၈)။

• သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်သောသူတို့၏ အထဲ၌ အသက်ရှင်သည်။ (၁ ကော ၃:၁၆၊ ၆:၁၉၊ ဖေက် ၁:၁၃-၁၅)။

• သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများအား မတူညီသောဝိညာဥ်ဆုကျေးဇူးများကိုပေးပြီး၊ ယုံကြည်ခြင်း၌ ကြီးထွားအောင် ကူညီပေးသည်။ (၁ ကော ၁၂:၁-၃၁၊ ဂလာတိ ၅:၁၆-၁၈၊ ၂၂-၂၃၊ တိတု ၃:၅)။ ယောဟန် ၁၄:၁၇ နှင့် ၁၆:၅-၈ တွင်ဖော်ပြသည့်အတိုင်း ယေရှုအသေခံပြီး၊ ရှင်ပြန် ထမြောက်ကာ၊ ကောင်းကင်သို့ တက်ကြွသွားသည်အထိ သန့်ရှင်းသောဝိညာဉ်သည် ယုံကြည်သူတို့ ၏ အထဲ၌ အသက်မရှင်ပါ။ တမန်တော်ဝတ္တု၌ သန့်ရှင်းသောဝိညာဉ်တော် ဆင်းကြွလျှက် အမြဲကိန်း ဝပ်သည့်အကြောင်းကို တွေ့ရသည်။ ယခုတွင် လူတို့သည် ခရစ်တော်အတွက် နှလုံးသားကိုဖွင့်ဟ သူ တိုင်း၌ ဝိညာဥ်တော်သည် ချက်ချင်းဝင်လာပြီး အသက်ရှင်လာသည်။ ဘုရားသခင်သည် မိမိ၏သား သ မီးများကို ဆုံးမသွန်သင်ရန်အတွက်  မတူညီသော အဖြစ်အပျက်ကို အသုံးပြုကာ သန့်ရှင်းသော ဝိညာဥ်တော်၏ အသစ်သောအခန်းကဏ္ဍကို တမန်တော်ဝတ္တုစာအုပ်က ရေးသားထားသည်။ ခရစ် တော်မတိုင်မီ နှစ်ပေါင်းထောင်ကျော်က သန့်ရှင်းသောဝိညာဥ်တော်၏ အခန်းကဏ္ဍနှင့် ယေရှုကောင်း ကင်သို့ တက်ကြွပြီးနောက် ယုံကြည်သူတို့နှင့်အတူနေပြီး၊ ယုံကြည်သူတို့၏ အသက်တာထဲ၌ အသက်ရှင်ရန် စတင်ခဲ့သည့်အချိန်သည်  လုံးဝဥသုံပြောင်းလဲခဲ့ပါသည်။ ဤသို့ဖြစ်ပျက်လာသောအကြောင်း အရာများ၏ စိတ်ဝင်စားဖွယ်ရာများကို အောက်ပါတိုင်း တွေ့ရမည်ဖြစ်သည်။

ယေရှုကောင်းကင်သို့ တက်ကြွပြီးနောက် ဆယ်ရက်မြောက်နေ့၌ ဘုရားသခင်၏ဝိညာဥ်တော်သည် ယေရှုခရစ်တော်ကို ယုံကြည်သောသူတို့၏အထဲ၌ ဝင်ရောက်ကာအသက်ရှင်ခဲ့သည်။ (တမန် ၁-၂)။ ၄င်းသည် ပင်တေကုတ္တေပွဲနေ့ ယုဒလူတို့၏ ပွဲလမ်းသဘင်ရက်သတ္တပတ်ဖြစ်သည်။ အဦးသီးသောအသီးကို ပူဇော်ရာနေ့ (ယေရှုထမြောက်ရာနေ့) အပြီး ရက်ပေါင်း ၅၀ ပြည့်သောနေ့ဖြစ်သည်။

• ယုံကြည်သူတို့၏ အသက်တာ၌ ဝိညာဥ်တော်ဆင်းသက်အသက်ရှင်ခြင်း၏ ပထမဆုံးသက်သေ တစ်ခုသည် သင်ယူခြင်းမရှိသော ဘာသာစကားကို ပြောဆိုနိုင်သောစွမ်းရည်ဖြစ်သည်။ (တမန် ၂း၁-၁၃)။ ဤအရာသည် ထိုဘာသာစကားကို သင်ယူလေ့လာခြင်းမရှိဘဲ ပြောဆို၊ သိက္ခမ်းသော တ ပည့်တော်များအတွက် အလွန်ဂုဏ်ယူအံ့ဩစရာဖြစ်ခဲ့သည်။ ထိုနေ့၌ နိုင်ငံပေါင်းများစွာက ခရစ်တော် ကို ယုံကြည်ပြီး၊ သန့်ရှင်းသောဝိညာဥ်တော်ကို လက်ခံရရှိသူ ယုဒလူပေါင်း ၃၀၀၀ ကျော်ရှိခဲ့ ကြသည်။ (တမန် ၂း၅၊ ၄၁)။ ၄င်းနေ့တွင် ခရစ်တော်ကို ယုံကြည်သောတစ်ပါးအမျိုးသားများ မရှိခဲ့ကြောင်းကို နားလည်နိုင်ပါသည်။

• ရှမာရိမြို့ရှိ လူတို့ (ယုဒလူမျိုးနှင့် တပါးအမျိုးရောစပ်သူများ) သည် ယေရှုကိုယုံကြည် လက်ခံလာကြသည်။ (တမန် ၈:၁၄-၁၇ ကို ဖတ်ပါ)။ သူတို့ထံသို့ ပေတရုနှင့် ယောဟန်တို့ကို စေလွှတ်ပြီး ရှမာရိ လူတို့ကို ဆုတောင်းပေးသည့်အခါ သူတို့သည် သန့်ရှင်းသောဝိညာဥ်တော်ကို လက်ခံယုံကြည် လာခဲ့ ကြသည်။


• နောက်ထပ် တပါးအမျိုးသားတို့ (ယုဒလူမျိုးမဟုတ်သူများ) ၌ သန့်ရှင်းသောဝိညာဥ်တော် ဆင်းကြွလာခဲ့သည်။ ပေတရုနှင့် ကော်နေလိတို့တွင် ပထမဦးဆုံး ဖြစ်ပျက်ခဲ့သည်။ (တမန် ၁၀)။ တပါးအမျိုးသားတို့သည် ယေရှုကို ယုံကြည်လက်ခံလာသောအခါ၊ ပင်တေကုတ္တေပွဲနေ့၌ တပည့်တော် များတွေ့ကြုံသောအတွေ့အကြုံကဲ့သို့ သင်ယူခြင်းမရှိသော ဘာသာစကားကိုလည်း ပြောဆိုခဲ့ကြ သည်။ (တမန် ၁၀:၄၄-၄၈)။

• နောက်ဆုံးအုပ်စုမှာ ယေရှုခရစ်တော်အကြောင်းမကြားခဲ့ပေမဲ့ ဗတ္တိဇံဆရာယောဟန်အားဖြင့် ဘုရားသခင်၏စကားတော်ကို ယုံကြည်လက်ခံသောလူအချို့သည် သန့်ရှင်းသောဝိညာဥ်တော်ကို လက်ခံခြင်းဖြစ်သည်။ ယေရှုခရစ်တော်၏ ကယ်တင်ခြင်းကို ကြားပြီးနောက် သူတို့သည် ပထမဆုံး တပည့်တော်များကဲ့သို့ ယုံကြည်ပြီး သန့်ရှင်းသောဝိညာဥ်တော်ကိုလက်ခံကာ အခြားသောဘာသာစကားကိုလည်း ပြောဆိုခဲ့ကြသည်။ (တမန် ၁၉:၁-၇)။

**မှတ်ချက်** - သန့်ရှင်းသောဝိညာဉ်တော် ယုံကြည်သူများထဲ၌ အသက်ရှင်လာခြင်းသည် လူ့ မျက်စိနဲ့ မမြင်ရသော်လည်း သမိုင်းတွင် အကြီးမားဆုံးပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။ ယေရှုမတိုင်မီ အသက်ရှင်ခဲ့သော ယုံ

ကြည်သူများဖြစ်သည့် အာဗြဟံ၊ ဟေရှာယတို့ အသက်တာ၌ ဝိညာဉ်တော်သည် သူတို့အထဲ၌ အမြဲမရှိသည်ကို တွေ့ရသည်၊ သို့သော်လည်း ဘုရားသခင်သည် သူတို့နှင့်အတူရှိနေ ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ်တော်မူခြင်း၏ အသစ်သောကောင်းချီးမင်္ဂလာကို လူတို့ နားလည်အောင် ကူညီပေးရာတွင် သင်ယူခြင်းမရှိဘဲ ပြောနိုင်သောဘာသာစကားကို ဘုရားသခင် သည် သက်သေအဖြစ်ပေးထားခဲ့သည်ကိုတွေ့ရသည်။ ဤကိန်းဝပ်တော်မူခြင်း ပထမဆုံးဖြစ် ပျက်ခဲ့ သည့်အချိန် ပေးထားခဲ့သည်။ ထိုနောက် ယုဒလူမဟုတ်သော အခြားလူအုပ်စုများ (ရှမာရိလူမျိုး [ယုဒ လူမျိုးတစ်ဝက်၊ တစ်ပါးအမျိုးသားတစ်ဝက် စပ်သူများ] နှင့် ယေရှုမတိုင်မီ ဗတ္တိဇံဆရာ ယောဟန်ကို ယုံသူများကလည်း ထိုအံ့သြဖွယ် နိမိတ်လက္ခဏာများကို အလားတူ ခံစားတွေ့ကြုံခဲ့ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အခြားလူများ၏ အသက်တာထဲ၌လည်း ဝင်ရောက်နေထိုင်လာကြောင်းကို ယုဒလူတို့က သိလာခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မသင်ခဲ့ရသောဘာသာစကားတစ်ခုဖြင့် ပြောဆိုနေကြသည်ကို မြင်တွေ့ခဲ့ကြသောကြောင့်ဖြစ်သည်။ ဤဖြစ်ရပ် လေးခုပြီး နောက် ယေရှုကို ယုံကြည်သူတိုင်းသည် ယုံကြည်သည်နဲ့တစ်ပြိုင်နက် နိမိတ်လက္ခဏာများမလိုဘဲ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိခဲ့ကြသည်။ ဤအရာတို့သည် ကျွန်ုပ်တို့၌လည်းဖြစ်ပျက်ခဲ့ သည့် အရာများ ပင်ဖြစ်သည်။ (ဖေက် ၁:၁၃-၁၄)။

သမိုင်းတစ်လျှောက် သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့အသက်တာ၌ ရောက်ရှိလာသောအခါ နိမိတ်လက္ခဏာများဖြစ်ပျက်ခဲ့သကဲ့သို့ ယခုချိန်၌ ထိုသို့မရှိတော့ပါ။ ယနေ့အခါ၌လည်း ဘုရား သခင်သည် တစ်ဦးတစ်ယောက်ကို အထူးရည်ရွယ်ချက်အတွက် အံ့ဖွယ်သောစွမ်းရည်ကို ပေးနိုင်ပါ သည်။ သို့သော်လည်း မသင်ကြားသော ဘာသာစကားပြောခြင်းသည် သန့်ရှင်းသောဝိညာဉ်တော် ဝင် ရောက်နေထိုင်ခြင်းကို ပြသော နိမိတ်လက္ခဏာတော့ မဟုတ်ပါ။ အောက်ပါအချိန်ဇယားသည် သန့်ရှင်းသောဝိညာဉ်၏ လုပ်ဆောင်မှုအသစ်ကို နားလည်ရန် ဘုရားသခင်က မိမိသားသမီးများကို ကူညီ ပေးသော ဖြစ်စဉ်အဆင့်ဆင့်များကို ပြသပေးခြင်းဖြစ်သည်။




**မှတ်ချက်** - ယနေ့ခေတ်တွင် ခရစ်ယာန်တချို့နှင့် ခရစ်ယာန်မဟုတ်သူတချို့တို့သည် အခြားသော ဘာသာစကားပြောခြင်းကို မိမိတို့အသံများပြုကာ၊ ပြောဆိုခြင်းဖြင့် အံ့သြဖွယ်နိမိတ်လက္ခဏာဖြစ်သည်ဟုဆိုကာ အ

ခိပ္ပါယ်မဲ့သောအရာများကို ပြုလုပ်တတ်ကြသည်။ ထိုအရာသည် ဝိညာဉ်တော်ထံမှရသော အံ့ဩဖွယ်ရာဟု ဆိုတတ်ကြသည်။ သို့သော် သူတို့ပြောသမျှသည် တကယ့်ဘာသာစကား တစ်ခုမဟုတ်သောကြောင့်၊ တမန်တော်ခေတ်တုန်းကလို လူများသည် အံ့အားသင့်ခြင်း၊ နှစ်သက်ခြင်းမျိုးမရှိခဲ့ကြပေ။ ပေါလုသည် ဤနိမိတ်လက္ခဏာတုပသည့်အကြောင်းကို ကောရိန္သုမြို့၌ရှိသော ယုံကြည်သူတို့အား လိပ်မူပြီးရေးသားခဲ့သည်မှာ စကားပြောသူသည် မိမိပြောသောအရာကို နားလည်ပြီး၊ နားထောင်သူသည်လည်း ပြောခဲ့သည့် စကားလုံး၏ အဓိပ္ပါယ်ကို နားလည်ရမည်၊ ၎င်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု ဖော်ပြထားသည်။ (၁ ကော ၁၄)။ ယနေ့ခေတ်တွင် တချို့သောသူများအား မသင်ဖူးသော ဘာသာစကား (အခြားသောဘာသာစကား) ပြောနိုင်သောအခွင့်ကို ဝိညာဉ်တော်သည် ပေးစွမ်းနိုင်ပါသည်။ သို့သော်လည်း ထိုစကားကိုနားထောင်သူက မိမိဘာသာစကားနဲ့ နားလည်သည့်အခါ၌သာ ၎င်းသည် အံ့ဩဖွယ်ဖြစ်သည်။

• ဝိညာဉ်တော်သည် လူတစ်ဦး၏ စိတ်နှလုံးထဲ၌ အသက်ရှင်သည်ဟု သက်သေပြနိုင်သည့် အရေးကြီးဆုံးသောအချက်များမှာ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း သက်သေလက္ခဏာများဖြစ်သည်။ ဤအရာများကို ဝိညာဉ်အသီးများဟု ခေါ်သည်။ (ဂလာတိ ၅:၂၂-၂၃ တွင် ဖော်ပြထားသည်။) ရှင်ပေါလုကတစ်ဦးသည် အခြားသော ဘာသာစကားကို ပြောနိုင်သော်လည်း ချစ် ခြင်းမရှိပါက သူ၏ပြောစကားသည် အဓိပ္ပါယ်မရှိဟု ရှင်းလင်းဖော်ပြထားသည် (၁ ကော ၁၃:၁)။

• သန့်ရှင်းသောဝိညာဉ်တော်၏ "လုပ်ဆောင်ချက်" အကြောင်းကို ယေရှုသည် တပည့်တော်တို့နှင့်နောက်ဆုံးညစာ (ပသခါ) စားပွဲတွင် ပေးထားခဲ့သည်။ ယောဟန် ၁၄:၂၆ နှင့် ၁၆:၇–၁၅ တွင် ယေရှုမိန့်တော်မူသည့် ဝိညာဉ်တော်လုပ်ဆောင်ရမည့် အချက်များအကြောင်းကို ရေးသားထားပါ။ ထိုအရာများသည် မိမိဘဝအသက်တာထဲ၌ ဝိညာဉ်တော်လုပ်ဆောင်ခဲ့သောအရာများ၊ လုပ်ဆောင်ချင်သောအရာများဖြစ်ကြောင်းကို နားလည် သဘောပေါက်ရန် အထူးအရေးကြီးပါသည်။

• ခရစ်တော်၏ ခန္ဓာကိုယ် ဖြစ်သည့်အတိုင်း မတူညီသော ခရစ်ယာန်များအား ဝိညာဉ်တော်သည် မတူညီသောအရည်အချင်းများနှင့် စွမ်းရည်အမျိုးမျိုးကို ဝိညာဉ်ဆုကျေးဇူးအဖြစ် အသီးသီးပေးထားသည်။ ၎င်းဆုကျေးဇူးများအကြောင်းဖော်ပြသော ကျမ်းပိုဒ်နှစ်ခုမှာ ရောမ ၁၂:၆–၈ နှင့် ၁ ကော ၁၂:၁–၃၁ ဖြစ်သည်။ ဤ ဆုကျေးဇူးများ၏ ရည်ရွယ်ချက်မှာ ၁ ကော ၁၂:၇ တွင်ဖော်ပြထားသည့်အတိုင်း တခြားသူများကို တည်ဆောက်ပေးရန်ဖြစ်သည်။

ဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်သည်ကို သတိရပါ။ ဝိညာဉ်တော်အထဲ၌ ဘုရားသခင်၏ မည်သည့်အရည်အချင်းများကို သင်တွေ့မြင်နိုင်ပါသနည်း။ (သင်၏ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ ကယ်တင်ခြင်း" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ" နှင့် "ဘုရားသခင်၏ ကတိတော်များ" ခေါင်းစဉ်အောက်တွင် ရေးသားထားပါ။)

**ပေတရု**

ရှင်လုကာခရစ်ဝင်ကျမ်း ၅:၁–၁၁ ကို ဖတ်ရန်၊
ရှင်လုကာခရစ်ဝင်ကျမ်း ၆ မှ ၂၄ ကို ဖတ်ရန်၊
ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၃၊ ၂၀ –၂၁ ကို ဖတ်ရန်

ပေတရု (သို့မဟုတ် ရှိမုန်ပေတရု) သည် တပည့်တော်များ၊ တမန်တော်များအဖြစ် ယေရှုရွေး ချယ်ထားသောလူ ၁၂ ယောက်အနက်မှ တစ်ဦးဖြစ်သည်။ ပေတရုသည် မိမိစဥ်းစားသည့်အရာများကို မြန်မြန်ဆန်ဆန်တို့

ပြန်ပြောဆိုတတ်သူဖြစ်သည်။ သူသည် ရှင်ပေတရုဩဝါဒစာ ပထမစောင်နှင့် ရှင် ပေတရုဩဝါဒစာ ဒုတိယစောင်ကိုလည်း ရေးသားခဲ့သည်။

• ပေတရုသည် ယေရှုနှင့်မတွေ့မီ ငါးဖမ်းခြင်းအလုပ်၌ အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ ယေရှုက ပေတရု မျှော်လင့်ထားတာထက် ထူးခြားစွာသော ငါးအရေအတွက်များစွာကို ပိုက်ကွန်ထဲသို့ ထည့်ပေးခြင်းဖြင့် မိမိ၏ကြီးမြတ်တော်မူခြင်းကို ဖော်ပြပေးခဲ့သည်။ (လုကာ ၅:၁-၁၁)။ ယေရှု ရှင်ပြန် ထမြောက်ခဲ့ပြီးနောက် ပေတရုသည် စိတ်ရှုပ်ထွေးနေကာ ငါးဖမ်းခြင်းအလုပ်ကို ပြန်၍ လုပ်ဆောင်ခဲ့ပြီး၊ ယေရှုသည် ငါးများစွာကို ထပ်မံနိမိတ်လက္ခဏာနဲ့ ပေးခဲ့သည်။ (ယောဟန် ၂၁:၁-၁၄)။ ထိုအ ချိန်၌ပင် ပေတရုသည် ယေရှုကို မသိဘူးဟုငြင်းပယ်ခဲ့သည်။ (ယောဟန် ၁၈:၁၅-၂၇)။ ထို့နောက် ယေရှုက "သင်သည် ငါ့ကိုချစ်လျှင် ငါ၏သိုးတို့ကို ကျွေးမွေးလော့" ဟု ပေတရုအား အမိန့်ပေးခဲ့သည်။ (ယောဟန် ၂၁:၁၅-၁၇)။

• ယေရှုက ပေတရုအား သင်သည် "ကျောက်" ဖြစ်သည်ဟု ဆိုလျက် “ဤ ကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည်” ဟုဆိုသည်။ (မဿဲ ၁၆:၁၇-၁၉)။ ယေရှုက ပေတရုအား ဤစကားကို အဘယ်ကြောင့်ပြောဆိုရသနည်း။ ထိုအဓိပ္ပါယ်ကိုနားလည်ရန် အကောင်းဆုံးနည်းမှာ ယေရှုသည် မိမိအသင်းတော်ကို ကျောက်ပေါ်မှာတည်ဆောက်ခြင်းအကြောင်း ပေတရု၏ ပြန်လည်ပြောဆိုချက်ကို ကြည့်ခြင်းဖြင့်သိနိုင်ပါသည်။ ၄င်းကို သူ၏ဩဝါဒစာစောင် ၁ ပေ ၂:၄-၈ ထဲတွင် ရှင်းပြထား ပါသည်။

• ပေတရုက စာတန်မာရ်နတ်သည် အလွယ်တကူ လွှမ်းမိုးနိုင်ကြောင်း မိမိ၏အတွေ့အကြုံကို ပြောပြခဲ့သည်။ ရှင်မာကုခရစ်ဝင်ကျမ်း ၈ တွင်၊ ပေတရုသည် ယေရှုအကြောင်း ထူးခြားသော နားလည်မှုတစ်ခုကို ရရှိခဲ့သည်။ သို့သော် များမကြာမီ ထပ်မံ၍ ယေရှုကိုပြောသောစကားတစ်ခုကြောင့် ယေရှုက “အချင်း စာတန်၊ ငါ့နောက်သို့ ဆုတ်လော့” ဟု ပြောဆိုခဲ့သည်။ (မာကု ၈:၂၇-၃၃)။

• ပေတရုသည် မိမိတို့လုပ်ဆောင်မှု (သို့) ပညတ်တော်ကို ကောင်းစွာစောင့်ရှောက်ခြင်းတို့ ကြောင့်မဟုတ်ဘဲ ဘုရားသခင်ရှေ့ စိတ်နှိမ့်ချသောသူတို့အား ဘုရားသခင်သည် ကယ်တင်ခြင်းတော်မူခြင်းကို ပေးတော်မူသည့်အကြောင်း ကနဦးအသင်းတော်ခေါင်းဆောင်များအား နားလည်အောင် ကူညီပေးခဲ့သည်။ (တမန် ၁၅:၈-၁၁)။ ဤအရာသည် ယုဒလူမျိုးများသာမက လူတိုင်းအတွက်လည်း မှန်ကန်လျက်ရှိပါသည်။

• ဘုရားသခင်သည် ယုဒလူမျိုးမဟုတ်သောသူများ (တပါးအမျိုးသားများ) ထံသို့ ဧဝံဂေလိသတင်းစကားတံခါးကိုဖွင့်ပေးရန်အတွက်  ပေတရုကို အသုံးပြုခဲ့သည်။ ယခင်က ခရစ်ယာန်များက ယေရှုကို လက်ခံရန်အတွက် ယုဒလူဖြစ်ရန်လိုအပ်သည်ဟု ထင်ခဲ့ကြသည်။ (တမန် ၁၀:၁ - ၁၁:၁၈)။

ပေတရု၏ အသက်တာအားဖြင့် ဘုရားသခင်အကြောင်းနှင့်ပတ်သက်သော လေ့လာတွေ့ရှိချက်များရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို “ဘုရားသခင်၏ ကယ်တင်ခြင်း၊” “ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ” နှင့် “ဘုရားသခင်၏ ကတိတော်များ” လက်စွဲခေါင်းစဥ် အောက်တွင် ရေးသားထားပါ။)

**ယောဟန်**

လုကာ ၅:၁-၁၁ ကို ဖတ်ရန်
ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁ -၂၁ ကို ဖတ်ရန်
၁ ယော၊ ၂ ယော၊ ၃ ယော ကို ဖတ်ရန်
ဗျာဒိတ် ၁ - ၅၊ ၂၁-၂၂ (ဗျာဒိတ်ကျမ်း တစ်အုပ်လုံး ဖတ်ရန်)

• ယေရှုက တပည့်တော်များအဖြစ်မခေါ်မီ ယောဟန်နှင့် ပေတရုသည် တံငါသည်မိတ်ဆွေများ ဖြစ်ကြသည်။ ယောဟန်၏ အစ်ကိုယာကုပ်သည်လည်း တံငါသည်တစ်ဦးဖြစ်ပြီး၊ ယေရှု၏ နောက်လိုက်တပည့်တော်တစ်ဦးဖြစ်ခဲ့သည်။

• ယောဟန်က ရှင်ယောဟန်ခရစ်ဝင်ကျမ်းကိုရေးသားသည့်အခါ မိမိကိုယ်ကို "ယေရှုချစ်တော်မူသောတပည့်တော်" ဟုဖော်ပြလေ့ရှိသည်။ (ယောဟန် ၁၃:၂၃)

• ယောဟန်သည် ရှင်ယောဟန်ဩဝါဒစာစောင်ပဌမစောင်၊ ဒုတိယစောင်၊ တတိယစောင် ၃ စောင်ကိုရေးသားခဲ့ပြီး၊ ၄င်းတို့သည် သမ္မာကျမ်းစာ၏ အစိတ်အပိုင်းများဖြစ်ကြသည်။

• ယေရှုခရစ်တော်ကို ယုံကြည်ခြင်းဖြင့်သာ ထာဝရအသက်ကိုရမည့်အကြောင်း ယောဟန်က အလေးထားပြောကြားခဲ့သည်။ (ယောဟန် ၃:၁၆၊ ၅:၂၄၊ ၂၀:၃၀-၃၁၊ ၁ ယော ၅:၁၁-၁၃)။

• နောက်ဆုံးကျမ်းစာအုပ်ဖြစ်သော ဗျာဒိတ်ကျမ်းကို ယောဟန်က အသက်ဆုံးခါနီးအချိန် ပတ်မုကျွန်း၌ရေးသားခဲ့သည်။ (ဗျာ ၁:၉)။ ဤစာအုပ်သည် နောက်ဆုံးသောအချိန်၌ ယေရှုခရစ်တော် လုပ်ဆောင်မည့်အရာများကို ရေးသားထားသော ဗျာဒိတ်တော်စာအုပ် ဖြစ်သည်။ (ဗျာ ၁း၁-၂)။

• ယောဟန်ခရစ်ဝင်ကျမ်းတွင် ယေရှုခရစ်တော်၏ အသက်တာ၊ အသေခံခြင်း၊ ဆုံးမသွန်သင်ခြင်းအကြောင်းကို ရေးသားထားပြီး၊ ယေရှု၏ ဘုရားဖြစ်ခြင်းအကြောင်းကိုအထူးအလေးထား ဖော်ပြထားပါသည်။ ယောဟန်က ၄င်းရည်ရွယ်ချက်ကို (ယော ၂၀:၃၀–၃၁) တွင် ရှင်းပြထားပါသည်။

• ယောဟန်၏ အသက်တာအားဖြင့် ဘုရားသခင်အကြောင်းနှင့်ပတ်သက်သော လေ့လာတွေ့ရှိချက်များရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ ကယ်တင်ခြင်း" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ" နှင့် "ဘုရားသခင်၏ ကတိတော်များ" လက်စွဲခေါင်းစဉ် အောက်တွင် ရေးသားထားပါ။)

## ပေါလု

တမန်တော် ၇:၅၄ – ၈:၃၊ ၉:၁ – ၃၁၊ ၁၁:၁၉ – ၃၀၊ ၁၂:၂၅ – ၂၈:၃၁ ကိုဖတ်ရန်
ဂလာတိ ၁:၁၃–၂၄ ကိုဖတ်ရန်

• ယေရှုခရစ်တော် အသေခံပြီးနောက် တပည့်တော်များက ယေရှုသည် ဘုရင်တကာတို့၏ ဘုရင်၊ အပြစ်မှကယ်တင်သူဖြစ်သည်ကို လူတို့အား မျှဝေခဲ့ကြသည်။ ပေါလု (ယခင်က ရှောလု) သည် အစပိုင်းတွင် ယေရှုကိုဆန့်ကျင်သောသူဖြစ်ခဲ့သည်။ သို့သော် ယေရှု ကိုယ်ယောင်ထင်ပြပြီးနောက်  ရှောလုသည် ယေရှုအကြောင်းကိုပို၍ စိတ်အားပြင်းပြစွာ ကြားပြောသောသူတစ်ဦးဖြစ် လာခဲ့သည်။ (တ မန် ၉:၁–၃၁)။

• ပေါလုသည် သူ့အချိန်ကာလရှိ ယုဒလူများထံမှ အမြင့်မားဆုံးသောပညာရပ်ကို ရရှိထားသူတစ်ဦးဖြစ်ပြီး၊ သမ္မာဟောင်းကျမ်းစာကို တင်းကြပ်စွာလေ့လာဆည်းပူးခဲ့သူလည်းဖြစ်သည်။ (ဖိလိပ္ပိ ၃:၄–၆)။

• ပေါလုသည် မိမိနားလည်သဘောပေါက်သည့်အတိုင်း ဘုရားသခင်ကို အကောင်းဆုံး နာခံလိုက်လျှောက်ရန် သူ၏ပြင်းပြသောဆန္ဒကို ဘုရားသခင်သိရှိပြီး၊ ယေရှုသည် ထမြောက်သောတန်ခိုးတော်နှင့် သူ့အားမိမိကိုယ်ကို ဖော်ပြခဲ့သည်။  ၄င်းသည် ပေါလု၏ ဘဝကို ပြောင်းလဲစေသော အဓိကအချက် ဖြစ်ခဲ့သည်။ (တမန် ၉:၁–၃၁၊ ၁ တိ ၁:၁၂–၁၃)။

• အန္တိအုတ်မြို့၌ရှိသော အသင်းတော်မှ ပေါလုကို သာသနာပြုအဖြစ်စေလွှတ်ခဲ့ကြသည်။ (တမန် ၁၃:၁–၃)။ ဤကျမ်းချက်တွင် မိမိလူတို့အားဖြင့် ဘုရားသခင်၏လုပ်ဆောင်ချက် မည်သည့်အရာကို သင်တွေ့မြင်ရပါသနည်း။ "ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ - သူ၏ဂုဏ်အင်္ဂါ လက္ခဏာများ" အခန်းအောက်တွင် သင်၏လေ့လာတွေ့ရှိချက်များကို ရေးသားထားပါ။)

• ကယ်တင်တော်မူခြင်းသည် လုပ်ဆောင်မှုကြောင့်မဟုတ်ဘဲ ဘုရားသခင်၏ကျေးဇူးတော် အပေါ်တွင် အခြေခံသည်ကို ရှင်းလင်းစွာနားလည်သဘောပေါက်အောင် အသင်းတော်ခေါင်းဆောင်များ ကိုကူညီပေးရန် ဘုရားသခင်က ပေါလုကိုအသုံးပြုခဲ့သည်။ သမ္မာဟောင်းပညတ်ကျမ်းများသည် ကယ်တင်ခြင်းအတွက်လိုအပ်သည်ဟု အလေးထားသူများ ယေရုရှလင်ကောင်စီ၊ ပေတရုနှင့် အခြားခေါင်း ဆောင်များအား ဤအကြောင်းအရာကို ပေါလုက ရှင်းပြခဲ့သည်။ (တမန် ၁၅း၁၉-၂၁၊ ဂလာတိ ၂:၁၁-၂၁)။

• ပေါလုနှင့်သူ့အပေါင်းအ ပါများသည် အန္တိအုတ်မြို့နှင့် ဂရိတ်မြို့များမှ များစွာသောမြို့များသို့ ဧဝံဂေလိကို ပထမ ဦးဆုံးသယ်ဆောင်သူများဖြစ်ကြသည်။ (တမန် ၁၃-၂၁)။ တမန် ၁၇:၂၆-၂၇ တွင် ဘုရားသခင်သည် လူတို့၏ အသက်တာ၌ မည်သို့အလုပ်လုပ်သည့်အကြောင်း ပေါလု၏ နားလည်သဘောပေါက်မှုသည် အဘယ်နည်း။ "ဘုရားသခင်အကြောင်းအခြေခံသိကောင်းစရာများ - သူ၏ ဂုဏ်အင်္ဂါလက္ခဏာများ" အခန်းအောက်တွင် သင်၏ လေ့လာတွေ့ရှိချက်များကို ရေးသားထားပါ။)

• ပေါလုသည် သူစတင်တည်ထောင်ခဲ့သော အသင်းတော်များသို့ သွားရောက်လည်ပတ်ခဲ့ပြီး ယေရှုခရစ်တော်၌ အသက်ရှင် ကြီးထွားဖို့အတွက် ကူညီပေးရန် ဩဝါဒစာစောင်များကိုလည်း ရေးသားခဲ့သည်။ (၂ ပေ ၃:၁၄-၁၆)။ အချို့စာစောင်များ (ဥပမာ - ဖိလိပ္ပိဩဝါဒစာ) သည်ထောင်ထဲတွင် ရေးသားခဲ့ပြီး၊ ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများနှင့် ပတ်သက်ပြီး သင်မည်သည့်အရာကို လေ့လာတွေ့ရှိပါသနည်း။ အဆင်ပြေသည့်အခန်းတွင် မိမိ၏လေ့လာတွေ့ရှိချက်များကို ရေးသားနိုင်ပါ သည်။

• ပေါလု၏ အသက်တာသည် နည်းမျိုးစုံနဲ့ ကျွန်ုပ်တို့လိုက်လျှောက်ဖို့အတွက် ပုံသက်သေကောင်းတစ်ခုဖြစ်သည်။ (ဖိလိပ္ပိ ၃:၁၂-၁၇)။ သူ၏ ပုံကောင်းသက်သေဖြစ်သည့် လူများအားသတင်း ကောင်းဝေငှပေးခြင်း၊ အသင်းတော်တည်ထောင်ခြင်းလုပ်ငန်းများသည် သမိုင်းတစ်လျှောက် ဆက် လက်လုပ်ဆောင်နေဆဲဖြစ်ပါသည်။

• ပေါလုသည် ရောမဩဝါဒစာနှင့် ဂလာတိဩဝါဒစာစောင်များတွင် သီဩလော်ဂျီနှင့် ယုံကြည်ခံယူချက်များအကြောင်းကို အထူးရေးသားသင်ကြားပေးသည်။

ပေါလု၏ အသက်တာအားဖြင့် ဘုရားသခင်အကြောင်းနှင့်ပတ်သက်သောအခြားလေ့လာတွေ့ရှိချက်များ ရှိပါသလား။ (သင်၏ လေ့လာတွေ့ရှိချက်များကို "ဘုရားသခင်၏ကယ်တင်ခြင်း၊" "ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ"နှင့်"ဘုရားသခင်၏ ကတိတော်များ" လက်စွဲခေါင်းစဉ် အောက်တွင် ရေးသားထားပါ။)

## ဘုရားသခင်၏ ကယ်တင်ခြင်း

### (မှတ်တမ်း စာမျက်နှာများ)

ယေရှုခရစ်တော်က ငါသည် လောကကို တရားစီရင်ဖို့မဟုတ်ဘဲ၊ ကယ်တင်ရန်ကြွလာသည်ဟု မိန့်တော်မူခဲ့သည်။ (ယော ၃:၁၇)။ ထိုကယ်တင်ခြင်းသည် မည်သို့ဖြစ်ပေါ်လာသနည်း။ ယေရှုက ဘာသာရေးခေါင်းဆောင်တဦးနဲ့ စကားပြောရာ၌ "ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါ အမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။" (ယော ၃:၃)။ နိကောဒင်က ထိုအရာသည် မည်သို့ဖြစ်နိုင်မည်နည်းဟု မေးသည်။ ကယ်တင်ခြင်း (သို့) ဒုတိယအကြိမ်မွေးဖွားခြင်းဟုဆိုရာတွင် ဘုရားသခင် ပြင်ဆင်ပေးသော ထာဝရအသက်သည် လိုချင်သူတိုင်း ရရှိနိုင်သည့် နည်းလမ်းကို သမ္မာကျမ်းစာက အကျဉ်းချုပ်ဖော်ပြထားပါသည်။ အောက်ပါခေါင်းစဉ် ၅ ချက်သည် ဘုရားသခင်၏ ကယ်တင်ခြင်းကိုနားလည်နိုင်ရန် အဓိက

အချက်များဖြစ်သည်။ အောက်တွင် မိမိတို့သိရှိသည့် သမ္မာကျမ်းပိုဒ်ကိုဖြည့်စွက်ရေးသားနိုင်ရန် နေရာလည်း ပါဝင်သည်။

၁။ လူတို့၏ ပြဿနာများ
၂။ လူတို့၏ မပြည့်စုံမှုများ
၃။ ဘုရားသခင်၏ ထောက်ပံ့ခြင်းများ
၄။ ဘုရားသခင်အား လူတို့၏ တုံ့ပြန်မှုများ
၅။ မိမိလူတို့အား ဘုရားသခင်၏ အာမခံချက်များ

ဤအကြောင်းအရာ ငါးခုသည် အောက်ပါစာမျက်နှာတွင် ဥပမာနှင့်အတူ တစ်ခုချင်းစီကို ဖော်ပြပေးထားသည်။ ဥပမာတစ်ခုချင်းစီအတွက် ခေါင်းစဥ်ငါးခုနှင့်ဆက်စပ်သော ကျမ်းပိုဒ်များနှင့် ရှင်းပြချက်များကို အလွတ်စာမျက်နှာတွင် ရေးချပါ။ ဘုရားသခင်သည် လူတို့ကို အခြေနေအမျိုးမျိုး၌ ကူညီမစခြင်း၊ သခင်ယေရှုခရစ်တော်အားဖြင့် ထောက်ပံ့ပေးခဲ့သော အပြစ်တရားနှင့်သေခြင်းတရားမှ ထာဝရ ကယ်တင်ခြင်းအကြောင်းကို နားလည်စေရန် ခေါင်းစဥ်တိုင်းက ကူညီပေးပါသည်။

**၁။ လူတို့၏ ပြဿနာများ**

- အာဒံနှင့် ဧဝသည် အပြစ်ကိုကျူးလွန်သောကြောင့် ဘုရားသခင်နှင့် ဆက်ဆံရေးပျောက်ဆုံးခဲ့ရသည်။ (ကမ္ဘာဦးကျမ်း ၂:၁၅-၁၇၊ ၃:၁-၁၉)
- ဘုရားသခင်ကို နာမခံခြင်းအပြုအမူသည် သူ့ထံမှ ခွဲထွက်ခြင်းဖြစ်သည်။ (ယာကုပ် ၂:၁၀)
- ဘုရားသခင်ရှေ့၌ မှားယွင်းသော အတွေးအခေါ်သည် မှားယွင်းသော လုပ်ဆောင်မှုနဲ့ အတူတူပင် ဖြစ်သည်။ (မဿဲ ၅:၂၁-၂၂၊ ၂၇-၂၈)

ဘုရားသခင်နှင့် ခွဲကွာစေသောအပြစ်သည် ဝိညာဉ်သေခြင်းကိုလည်းဖြစ်စေသည်။ အောက်ပါကျမ်းချက်များသည် ၎င်းကို ရှင်းပြသည့် အချက်များဖြစ်သည်။

- “အပြစ်တရား၏ အခကား သေခြင်းပေသည်” (ရောမ ၆:၂၃)။
- အပြစ်အားလုံး၏ အကျိုးဆက်သည် ကိုယ်ခန္ဓာသေခြင်းသာမက ထာဝရသေခြင်းလည်း ဖြစ်စေသည် (၂ သက် ၁:၉၊ ဗျာ ၂၀:၁၁-၁၅၊ ၂၁:၈)၊ ထိုသေခြင်းသည် ထာဝရမီးအိုင်ထဲ၌ ဘုရားသခင်နဲ့ ခွဲခွာခြင်းဖြစ်သည်။

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ၂။ လူတို့၏ အားနည်းချက်များ

- ကောင်းမှုကုသိုလ်မည်မျှပင် လုပ်စေကာမူ၊ ဝိညာဉ်သေခြင်းအတွက် လုံလောက်သောပေးဆပ်မှုမရှိနိုင်ပေ။ (ယာကုပ် ၂:၁၀)
- ဘာသာရေးကိုင်းရှိုင်းသူဖြစ်နေပါစေ၊ ထာဝရသေခြင်းအပြစ်ဒဏ်အတွက် ပေးဆပ်ဖို့ မဖြစ်နိုင်ပါ။ (ဂလာတိ ၂:၁၆၊ ၂၀-၂၁)
- လူတစ်ဦးသည် တခြားသူတစ်ဦးအတွက် ထာဝရသေခြင်းတည်းဟူသောအပြစ်ရဲ့ဒဏ်ကို ပေးဆပ်၍မရနိုင်ပါ၊ မိမိအပြစ်အတွက် မိမိသာခံရမည်ဖြစ်သည်။ (ဆာလံ ၄၉:၇-၉)

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ၃။ ဘုရားသခင်၏ ထောက်ပံ့ပေးခြင်း

- ဘုရားသခင်သည် လူတို့ကို မဖန်ဆင်းမီကပင် ကယ်တင်ခြင်းအတွက် အကြံအစဉ်ရှိခဲ့သည်။ (ဧဖက် ၁:၃-၁၀)
- လူသားများသည် ဘုရားသခင်နှင့် ရန်သူကဲ့သို့ဖြစ်ပြီး၊ မိမိကိုယ်ကိုကယ်တင်ရန် မစွမ်းနိုင်သော်လည်း၊ ဘုရားသခင်သည် ချစ်ခြင်းအားဖြင့် တုံ့ပြန်ပြီး ကယ်တင်ခြင်းကို ဖန်ဆင်းပေးခဲ့သည်။ (ရောမ ၅:၆-၁၁)
- တိရစ္ဆာန်ကို ယစ်ပူဇော်ခြင်းသည် လူသားတစ်ဦး၏ အပြစ်ဒဏ်ပေးဆပ်မှုအတွက် လုံလောက်ခြင်းမရှိပါ။ (ဟေဗြဲ ၁၀:၈)
- ဘုရားသခင်သည် တရားသူကြီးဖြစ်သောကြောင့်၊ ပြစ်ဒဏ်အတွက် စုံလင်သောလူတစ်ဦးက တခြားလူများအတွက်အစားထိုး၍ ဆောင်ရွက်နိုင်သည်ဟု ဆိုထားသည် (ဟေဗြဲ ၁၀:၈-၁၄)။ ထိုသို့ဖြစ်စေရန်၊ ဘုရားသခင်သည် လူ့ဇာတိကို ခံယူပြီး၊ လူသားအဖြစ်သို့ မာရိအားဖြင့် နှစ် ပေါင်း နှစ်ထောင်ကျော်က မွေးဖွားခဲ့သည်။ မာရိ၏ကလေးကို ယေရှုဟူသော အမည်ဖြင့်မှည့် ကာ ကြီးပြင်းလာသည့်အခါ (မေရှိယ)၊ ယေရှုခရစ်တော်ဟူသော နာမနဲ့ခေါ်ကြပါသည်။ ယေရှုက လူသားတိုင်းသေရမည့် အပြစ်ကြွေးကိုဆပ်ပေးရန်အတွက် လောကသို့ ကြွလာသည့် အကြောင်းကို တပည့်တော်တို့အား မိန့်တော်မူခဲ့သည်။ (မာကု ၁၀:၄၅)။
- ယေရှုခရစ်တော်သည် ကားတိုင်ပေါ်၌ ရိုက်နှက်ခြင်းကို ခံရစဉ် “ကျွန်ုပ်၏ ဘုရားသခင်၊ ကျွန်ုပ်၏ ဘုရားသခင်၊ အဘယ်ကြောင့် ကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း” ဟု ငိုကြွေးခဲ့သည် (မဿဲ ၂၇:၄၆)။ ထိုအချိန်တွင် သူသည် လူသား၏အပြစ်အတွက် ဘုရားသခင်၏ တရားမျှတသော အမျက်တော်ကို အပြည့်အဝခံစားခဲ့ရသည်။ (ရောမ ၈:၃-၄၊ ၂ ကော ၅:၂၁)။
- ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်ကြွေးအတွက် အစားထိုးဖြေရှင်းခြင်း (ယစ်ပူဇော်ခြင်း) ဖြစ်သည်။ ၎င်းကို သမ္မာကျမ်းစာ၏ အစမှ အဆုံးထိ ပုံဥပမာအဖြစ် များစွာဖော်ပြထားသည်။
    - အာဗြဟံအား မိမိသားကိုယ်စားပူဇော်ရန် သိုးတစ်ကောင်ကို ဘုရားသခင်ပြင်ဆင်ပေးခဲ့သည်။ (ကမ္ဘာ ၂၂)။

- သားဦးအသေမခံရစေရန် ပသခါသိုးတစ်ကောင်ကို ပူဇော်ရသည် (ထွက် ၁၂:၁-၁၃)။
- ဗိမာန်တော်၌ ပူဇော်သော တိရစ္ဆာန်များသည် အပြစ်ဖြေရာယစ်ကို ကိုယ်စားပြုသည်။ (ဝတ် ၄:၃ ၂-၃၅၊ ၅:၁-၁၉)။
- ဘုရားသခင်၏ကျွန် (မေရှိယ) သည် ကျွန်ုပ်တို့၏ အပြစ်များကို ယူဆောင်ပေးသည်။ (ယေရှယ ၅၃)
- ယေရှုခရစ်တော်သည် "ဘုရားသခင်၏သိုးသငယ်တော်" ဖြစ်သည်ဟု ဗျာဒိတ်ကျမ်း၌ (၃၁) ကြိမ် ဖော်ပြထားသည်။ (ဗျာ ၇:၁၇၊ ၁၅:၃၊ ၂၁:၂၃)။

- ယေရှုခရစ်တော်သည် အပြစ်အတွက် ယစ်ပူဇော်ခြင်းနှင့် မိမိ၏စကားတော်သည် မှန်ကန်ကြောင်း အထောက်အထားပေးခဲ့သည်။ သူသည် အသေခံပြီးနောက် ၃ ရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်မည်ဟု တပည့်တော်တို့အား မိန့်တော်မူခဲ့သည်။ (မဿဲ ၁၆:၂၁)။ ဤအ ရာများသည် ထင်ရှားသော သက်သေအထောက်အထားများဖြစ်ကြပြီး၊ သူသည် ကျွန်ုပ်တို့ကို ကယ်တင်ရန် လူသားအဖြစ်ကြွလာသောဘုရားစင်စစ်ဖြစ်ပါသည်။ (ယော ၅:၃၆)။ ရန်သူများက ရှင်ပြန်ထမြောက်ခြင်းကို တားဆီးရန် ကြိုးစားခဲ့ကြသော်လည်း သုံးရက်မြောက်သောနေ့တွင် တပည့်တော်များနှင့် အခြားသောသူများထံသို့ ကိုယ်ထင်ပြခဲ့သည်။ ရက်ပေါင်း ၄၀ လူတို့ နှင့်တွေ့ဆုံပြီး မိုးတိမ်ပေါ်သို့ တက်ကြွသွားခဲ့သည်။ သူမထွက်ခွါ မီ လောကကို အုပ်စိုးသော ရှင်ဘုရင်အဖြစ် ပြန်ကြွလာမည်အကြောင်းနှင့် လူသားအားလုံးအတွက် နောက်ဆုံးသောတရားစီရင်ခြင်းရှိမည်အကြောင်း မိန့်တော်မူခဲ့သည်။ (မဿဲ ၂၇:၆၂-၆၆၊ တမန် ၁:၁-၁၁)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

**၄။ ဘုရားသခင်အား လူတို့၏ တုံ့ပြန်မှုများ**

ယေရှုခရစ်တော်အားဖြင့် အပြစ်ကြွေးကိုဆပ်ပေးခြင်းသည် ဘုရားသခင်ပေးသနားတော်မူ သောဆုကျေးဇူးတော်ဖြစ်ကြောင်း ဖော်ပြထားသည်။ (ရောမ ၅:၁၅-၁၇၊ ၆:၂၃၊ ဧဖက် ၂:၈-၉)။

- ကယ်တင်ခြင်းရရန် လိုအပ်သောအချက်မှာ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကို ယုံကြည်ခြင်းနှင့် လက်ခံခြင်းဖြစ်သည်။ (ယော ၁:၁၂၊ ရောမ ၁၀:၉-၁၃)။
- ဘုရားသခင်၏ လက်ဆောင်ကိုလက်ခံခြင်းသည် ဘုရားနဲ့အချင်းချင်း ဆက်သွယ်ခြင်းဖြင့် ဖော်ပြရသည်။ ၄င်းကို နှုတ်အားဖြင့်လည်းကောင်း၊ စိတ်နှလုံးအားဖြင့်လည်းကောင်း ဖော်ပြနိုင်ပါသည်။ (ရောမ ၁၀:၉-၁၃၊ တမန် ၁၆:၃၁)။
- ယေရှု၏ ဘေးတဖက်ရှိ ကားတိုင်ပေါ်က လူဆိုးတစ်ဦးသည် ကယ်တင်ခြင်းဆုကျေးဇူးကို မည်သို့ လက်ခံနိုင်သည်ကို ပြသပေးသော ဥပမာကောင်းဖြစ်သည်။ (လုကာ ၂၃:၄၀-၄၃)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

### ၅။ မိမိလူတို့အပေါ် ဘုရားသခင်၏ အာမခံချက်များ

ယေရှုခရစ်တော်သည် အပြစ်အားလုံးအတွက် အပြစ်ကြွေးကိုပေးဆပ်ခဲ့သည်ကို ယုံကြည် လက်ခံပြီး နောက် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရမိသားစုဝင်များဖြစ်ကြောင်း အတည်ပြုသည့် ကျမ်းချက် များကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

- ယော ၅:၂၄
- ရောမ ၈:၁-၄
- ၁ ယော ၅:၁၁-၁၃
- ဟေဗြဲ ၁၀:၁၀-၁၄
- ဆာလံ ၁၀၃:၁၂

ထပ်မံလေ့လာရန် ကျမ်းချက်များ

### သမိုင်း၏ ဗဟိုအချက်

ယေရှုခရစ်တော်၏ ရွေးနှုတ်ကယ်တင်ခြင်းသည် သမိုင်းတစ်လျှောက်လုံး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာ ဂတ်ကို ဗဟိုပြုသည်။ ဘုရားသခင်၏ ကယ်တင်တော်မူခြင်းသည် ယေရှုခရစ်တော် ဆင်းရဲနွမ်းပါးစွာ လောက၌ ၃ နှစ်ခန့် အမှုတော်ထမ်းဆောင်ခြင်းဖြင့် ရောက်ရှိလာသည်။ သူ၏အသက်ရှင်ခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထ မြောက်ခြင်းသည် လူ့သမိုင်းတွင် အလွှမ်းမိုးဆုံးသောအရာဖြစ်ခဲ့သည်။ ကြိုတင်ပရောဖက်ပြုခြင်းဖြင့် ယေရှုကြွ လာဖို့ လောကကို ဘုရားသခင်ပြင်ဆင်ပေးခဲ့သည်။ (လုကာ ၂၄း၂၅-၂၇)။ ဘုရား၏သားတော်၊ လူသား၊ လောက ကိုကယ်တင်သော ယေရှုခရစ်တော်အဖို့ အထူး လုပ်ဆောင်ရမည့်အရာများအတွက် ဘုရားသခင်သည် လူတို့ကို ပြင်ဆင်စေခဲ့သည်။

- မေရှိယ (ခရစ်တော်) သည် အာဗြဟံမှစ၍ ဣဇက်၊ ယာကုပ်၊ ယုဒ၊ ရုသ၊ ဒါဝိဒ်၊ ရှောလမုန်စသည့် မိသား စုမှ မွေးဖွားလာမည်ကို တိကျစွာ ဘုရားသခင် ဖော်ပြခဲ့သည်။
- မေရှိယ (ခရစ်တော်) မွေးဖွားမည့်မြို့အကြောင်းကို ဘုရားသခင်သည် နှစ်ပေါင်း ၄၀၀ မ တိုင်မီက ကြို တင်ခန့်မှန်းခဲ့သည်။ (မိက္ခာ ၅:၂)။
- ဣသရေလအမျိုး မိသားစုမှ မွေးဖွားလာမည့် ထူးခြားသော သူငယ်တော်သည် "ကြီးမြတ်သောဘုရား" ဖြစ်မည်ကို နှစ်ပေါင်း ၄၀၀ မတိုင်မီက ဘုရားသခင်ကြိုတင်ဟောကြားခဲ့သည်။ (ဟေရှာယ ၉:၆)။
- ယေရှုခရစ်အသေခံခဲ့သည့်နေရာသည် အံ့သြဖွယ်ရာဖြစ်သည်။ အကြောင်းမှာ ၄င်းသည် အာဗြဟံ၏ သား ဣဇက်ကို ယစ်ပူဇော်မည့်အစား သိုးတစ်ကောင်ကို ပူဇော်ခဲ့သည့် မောရိတောင်၌ ဖြစ်သည်။

- ယေရှုအသေခံသည့်အချိန်သည်လည်း အံ့ဩဖွယ်ရာဖြစ်သည်။ အကြောင်းမှာ ယုဒလူတို့သည် ပသခါပွဲအတွက် သိုးများကို သတ်သည့်အချိန်နှင့် အဲဂုတ္တုပြည်၌ ပသခါသိုးသငယ်များကို သတ်သည့်အချိန်သည် ကိုက်ညီလျက်ရှိနေသည်။
- လူ့သမိုင်းတွင် ယေရှုခရစ်တော်သည် သိုးသငယ်တော်အဖြစ်ဖော်ပြသည်ကို နားလည်သဘော ပေါက်ကြသည်။ သမ္မာကျမ်းစာ၏ နောက်ဆုံးကျမ်းဖြစ်သော ဗျာဒိတ်ကျမ်းတွင် ယေရှုခရစ်တော်ကို "သိုးသငယ်တော်" ဟု ၃၁ ကြိမ် ရေးသားထားပြီး၊ ဘုရားသခင်၏ နောက်ဆုံး လုပ်ဆောင်ချက်ကို ဖော်ပြထားသည်။ သမိုင်းတွင် သိုးသည် အဓိကယစ်ကောင်ဖြစ်သည်။ သူ၏ ယစ်ပူဇော်ခြင်းသည် အပြစ်သားများအတွက် ဖန်ဆင်းရှင်နှင့် ထာဝရဆက်နွယ်မှုကို ပြန်လည် တည်ဆောက်ပေးသောကြောင့် ယေရှုကို ယစ်ကောင်အဖြစ် ခေါ်ခြင်းဖြစ်သည်။

ဤထူးခြားသောဖြစ်ရပ်များသည် အသက်ရှင်ခဲ့သောလူသားများနှင့် အသက်ရှင်မည့် လူသား အားလုံးအတွက် ထာဝရကယ်တင်ခြင်းရရှိနိုင်ရန် ဘုရားသခင်ပြည့်စုံစေသည့်အရာဖြစ်သည်။ သမိုင်း ၌ ထူးခြားသောအဖြစ်အပျက်များလုပ်ဆောင်ခြင်းကိုဖော်ပြခြင်းသည် လူတို့နားမလည်နိုင်သော ကြီးမြတ်တော်မူသော ဖန်ဆင်းရှင်ဘုရားသခင်၏ ဉာဏ်ပညာတော်နှင့် တတ်စွမ်းနိုင်ခြင်းကြောင့် ဖြစ် သည်ကို နားလည်နိုင်ပါသည်။ လူတစ်ဦးသည် ရိုးသားစွာ သေချာလေ့လာသုံးသပ်လေ၊ ဖြစ်ပျက်သမျှ ကို အံ့ဩလာလေလေဖြစ်မည်။ ယေရှုခရစ်တော်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ဒုက္ခဆင်းရဲခြင်း၊ နာကျင်ခြင်းနှင့် ရှုပ်ထွေးနေသောလောကကြီး၌ လူတိုင်းအားမျှော်လင့်ခြင်းကိုပေးသည်။

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ဘုရားသခင်၏ ဂုဏ်အင်္ဂါ လက္ခဏာများ

*(မှတ်စု စာမျက်နှာများ)*

ကမ္ဘာကြီးစတင်ဖန်ဆင်းသည့် အချိန်ကစ၍ လာမည့်အနာဂတ်တွင် ကမ္ဘာသစ်ဖန်ဆင်းမည့် အချိန်အထိ ဘုရားသခင်လုပ်ဆောင်မည့်အရာများကို ကျမ်းစာက ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အကြောင်းကို အောက်ဖော်ပြပါ နည်းလမ်းများဖြင့် လေ့လာနိုင်ပါသည်။

၁။ သမိုင်းတွင် ဘုရားသခင်လုပ်ဆောင်ခဲ့သောအရာများကို ကျမ်းစာမှ လေ့လာခြင်း
၂။ ဘုရားသခင်အကြောင်း ဖော်ပြထားသည့် ကျမ်းစာပိုဒ်များကို လေ့လာခြင်းတို့ဖြစ်သည်။

ဤလက်စွဲစာအုပ်၏နောက်ဆုံးအခန်းတွင် ဖော်ပြထားမည့်ဘုရားသခင်၏ ကတိတော်များကို လေ့လာခြင်းအားဖြင့် ဘုရားသခင်အကြောင်းကို သိရှိနိုင်ပါသည်။ ကျမ်းစာကိုဖတ်ရှုသည့်အခါ၊ ဘုရားသခင်အကြောင်း ဖော်ပြချက်များနှင့် ဘုရားသခင်၏အဖြစ်တော်ကို ဖော်ပြသည့်အရာများကို ရေးသားပါ။ ထို ကိုးကားထားသော

ကျမ်းစာ အရင်းအမြစ်ကိုဖော်ပြပြီး၊ အတိုချုံးဖော်ပြချက်ဖြင့် ထိုအရည်အချင်းများကို စာမျက်နှာပေါ်တွင် ရေးထားပါ။ ဤနည်းဖြင့် နောင်တချိန် ပြန်လည်သုံးသပ်ရာတွင် အထောက်အကူဖြစ်ပါလိမ့်မည်။

အောက်တွင် ဖော်ပြသည့် စာမျက်နှာများတွင် ဘုရားသခင်၏အဖြစ်တော်အမျိုးမျိုးကို စုစည်းဖော်ပြထားပြီး၊ ဆက်စပ်သည့်ကျမ်းစာအညွှန်းများကို သီးသန့် စာရွက်တွင်ရေးသားပါ။ ကျမ်းစာမှ ၄င်းအချက်အလက်များ၏ ဥပမာအချို့ကိုလည်း ပေးထားပြီးဖြစ်ပါသည်။ ထပ်မံတွေ့ရှိပါက ဆက်၍ရေး သားနိုင်ပါသည်။

၁။ ဘုရားသခင်၏ တန်ခိုးတော်
၂။ ဘုရားသခင်၏ အတူပါရှိခြင်း
၃။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ
(ဂရုဏာတော်၊ ကြင်နာသနားခြင်းနှင့် ကျေးဇူးတော်)
၄။ ဘုရားသခင်၏ ဥာဏ်ပညာ
၅။ ဘုရားသခင်၏ တရားမျှတခြင်း
၆။ ဘုရားသခင်၏ ထိန်းချုပ်ခြင်းနှင့် အုပ်စိုးတော်မူခြင်း
၇။ ဘုရားသခင်၏ ထာဝရတည်ရှိခြင်း
၈။ ဘုရားသခင်၏ သစ္စာတော်
၉။ ဘုရားသခင်၏ စုံလင်ခြင်းနှင့် သန့်ရှင်းခြင်း
၁၀။ ဘုရားသခင်၏ ကူညီမစခြင်း

အထက်ပါဂုဏ်အင်္ဂါ လက္ခဏာတိုင်း၏ အောက်စာမျက်နှာတွင် စာမျက်နှာသီးသန့် ပြုစုထားပါသည်။ အထက်ပါ ဂုဏ်အင်္ဂါလက္ခဏာတိုင်း၏ ကိုးကားသည့် အချက်အလက်များကိုလည်း ရေးသားထားပါ။ တစ်ခုချင်းစီကို စာမျက်နှာတစ်ခုစီတွင် ဖော်ပြထားပြီး သင်ရှာဖွေတွေ့ရှိသောကျမ်းစာအချက်အလက်များကို ထပ်မံဖြည့်စွက်နိုင်ပါသည်။ ဘုရားသခင်သည် မည်သူဖြစ်ကြောင်းနားလည်လာလေလေ သင့်ဘဝပိုမိုပြောင်းလဲလာမည်ဖြစ်ပါသည်။

## ၁။ ဘုရားသခင်၏ တန်ခိုးတော်

သမ္မာကျမ်းစာတွင် ဘုရားသခင်ကို ဖန်ဆင်းရှင်အဖြစ် မကြာခဏ ဖော်ပြထားသည်။ ဖန်ဆင်းရှင်သည် ဖန် ဆင်းခံရသောအရာထက် ပို၍ တန်ခိုးရှိသောသူဖြစ်သည်။ ဘုရားသခင်၏ ခွန်အားနှင့် တန်ခိုးတော်ကို ဖော်ပြသောအကြောင်းအရာများစွာလည်းရှိပါသည်။

- "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။" (ကမ္ဘာ ၁:၁)
- "ယာကုပ်အမျိုး၏ ဘုရားသခင်မစတော်မူသော သူ၊ မိမိဘုရားသခင် ထာဝရဘုရားကို မြော်လင့်သောသူသည် မင်္ဂလာရှိ၏။ ထိုဘုရားသခင်သည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် တကွ အရပ်ရပ်၌ ရှိသမျှတို့ကို ဖန်ဆင်းတော်မူ၏။ သစ္စာတော်ကို အစဉ်အမြဲစောင့်တော်မူ၏။ …" (ဆာလံ ၁၄၆:၅-၆)

- “ပင်လယ်ကို ကုန်းဖြစ်စေတော်မူ၏။ သူတို့သည် ရေစီးရာအရပ်ကို ခြေဖြင့် ရှောက်သွားကြသည်ဖြစ်၍၊ ငါတို့သည် ဘုရားသခင်၌ ဝမ်းမြောက်ကြ၏။” (ဆာလံ ၆၆:၅-၇)

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ၂။ ဘုရားသခင်၏ အတူပါရှိခြင်း

- “ယာကုပ်သည်အိပ်ပျော်ရာမှ နိုးလျှင်၊ အကယ်စင်စစ် ထာဝရဘုရားသည် ဤအရပ်၌ ရှိတော်မူ၏။ ရှိတော်မူကြောင်းကို ငါမသိ။ ဤအရပ်ကား၊ အဘယ်မျှလောက် ကြောက်မက်ဘွယ် ဖြစ်သည်တကား။ ဤအရပ်ကား၊ အခြားမဟုတ်၊ ဘုရားသခင်၏ ဘုံဗိမာန်၊ ကောင်းကင်တံခါးဝ ဖြစ်သည် တကားဟု၊ ကြောက်ရွံ့ခြင်းသို့ ရောက်၍ ဆို၏။” (ကမ္ဘာ ၂၈:၁၆-၁၇)
- “ဝိညာဉ်တော်နှင့်လွတ်ခြင်းအလိုငှါ အဘယ် အရပ်သို့ သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်းအလိုငှါ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။ သင့်ဝိညာဉ်ထံမှ ငါဘယ်သို့ဝေး နိုင်မလဲ? သင့်ရှေ့မှ ငါဘယ်ကို ထွက်ပြေး နိုင်မလဲ?”... (ဆာလံ ၁၃၉း၇)

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ၃။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ

(ဂရုဏာတော်၊ ကြင်နာသနားခြင်းနှင့် ကျေးဇူးတော်)

- “အဘတို့၏ အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဖြစ်၏ဟု မိန့်တော်မူသည်အတိုင်း၊ အကျွန်ုပ်တို့၏ ဘုရားရှင် တန်ခိုးတော်သည် ကြီးပါစေသော။” (တောလည် ၁၄: ၁၈)။
- **ယောနဝတ္ထု** – တစ်ပါးမျိုးသားဖြစ်သော နိနေဝေမြို့သားများကို ဘုရားသခင်သည် ကူညီမစခဲ့ပြီး၊ သူ့ထံသို့ခေါ်ဆောင်ရန်အလိုတော်ရှိခဲ့သည်။
- ဘုရားသခင်သည် သူ့ကို မုန်းသောသူ၊ ဆန့်ကျင်သောသူ အားလုံးအပါ လူသားတိုင်းကို ချစ်တော်မူသည်။ “အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည် ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့်ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာ ငါအလိုရှိ၏။ သင်မူကား အလိုမရှိ။” ဟု ယေရှုကမိန့်တော်မူခဲ့သည်။ (လုကာ ၁၃:၃၄)

ကျမ်းစာထဲတွင် ဘုရားသခင်၏ ဂုဏ်အင်္ဂါ လက္ခဏာများဖြစ်သော ချစ်ခြင်းမေတ္တာကို ဖော်ပြသည့်အရာများစွာရှိသည်။ သင်သိရှိသော အခြားကျမ်းချက်များကိုလည်းဖော်ပြရေးသားနိုင်ပါသည်။

- ကယ်တင်ရှင်
- ဖခင်
- ခင်ပွန်း
- မိတ်ဆွေ
- ဘုရားသခင်သည် လူတို့ကို ချစ်ပြီး၊ အချင်းချင်းရင်းနှီးလိုသော ဆန္ဒရှိသော်လည်း လူတို့ကို မိမိအလိုဆန္ဒမရှိဘဲ သူ့ကို ချစ်ရန်၊ အတူအသက်ရှင်ရန် အတင်းမလုပ်ဆောင်ပါ။ (ကမ္ဘာ ၆-၉)။ ဘုရားသခင်သည် ကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းဖြင့် တရားစီရင်သည်ကို ဤအချက်ဖြင့် တွေ့ မြင်ရမည်ဖြစ်သည်။
- လူတို့၏ အတ္တစိတ်ကြောင့် ဘုရားသခင်၏ စိတ်နှလုံးသည် နာကျင်ဝမ်းနည်းရသည်။ (ကမ္ဘာ ၆:၆)

ထပ်မံလေ့လာရန် ကျမ်းချက်များ

**ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ (၃ အဆက်)**
*(ဂရုဏာတော်၊ ကြင်နာသနားခြင်းနှင့် ကျေးဇူးတော်)*

**ဘုရားသခင်သည် လူသားများကို မည်မျှချစ်တတ်ပါသနည်း။ (၃ အဆက်)**
(ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတွင် ဂရုဏာတော်၊ ကြင်နာသနားခြင်းနှင့် ကျေးဇူးတော်တို့ပါဝင်သည်။)

**၄။ ဘုရားသခင်၏ ဥာဏ်ပညာ**

ထာဝရဘုရားနှင့် ကောင်းကင်တမန်နှစ်ဦးသည် အဗြဟံထံသို့ ကြွလာကြည့်သည့်အခါ၊ ဘုရားသခင်သည် စာရာ၏စိတ်ထဲတွင် တွေးတောနေသည့် အရာကိုပင် သိတော်မူခဲ့သည်။ (ကမ္ဘာ **၁၈:၁၀-၁၅**)။

- “ငါတို့၏ဘုရားရှင်သည် ကြီးမြတ်တော်မူ၏။ တန်ခိုးတော်လည်းကြီး၏။ ဥာဏ်တော်သည် အနန္တဖြစ်၏။ ဘုရားသခင်၏နားလည်မှုသည် အကန့်အသတ်မရှိ။” (ဆာလံ ၁၄၇:၅)။
- ယေရှုက “သင်တို့ ဆံပင်သည်လည်း အကုန်အစင် ရေတွက်လျက်ရှိ၏။ သင်တို့သည် စာငှက်အများတို့ထက်သာ၍ မြတ်ကြ၏။” ဟုဆိုသည်။ (လုကာ ၁၂:၆-၇)။
- ဘုရားသခင်သည် လူတို့၏ အတွေးအခေါ်အားလုံးကို သိတော်မူသည်။ (ဆာလံ ၁၃၉:၁-၄)။
- ဘုရားသခင်သည် လူတို့၏နှလုံးသားကို သိတော်မူသည်။ “ယေရှုကလည်း၊ သင်တို့သည် လူများရှေ့မှာ ဖြောင့်မတ်ဟန်ဆောင်သော်လည်း၊ ဘုရားသခင်သည် သင်တို့၏ စိတ်နှလုံးကို သိမြင်တော်မူ၏။” (လုကာ ၁၆:၁၅)

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ၅။ ဘုရားသခင်၏ တရားမျှတခြင်း

ဘုရားသခင်သည် လူတို့ကို ချစ်ပြီး၊ အချင်းချင်းရင်းနှီးလိုသော ဆန္ဒရှိသော်လည်း လူတို့ကို မိမိအလိုဆန္ဒမရှိဘဲ သူ့ကို ချစ်ရန်၊ အတူအသက်ရှင်ရန် အတင်းမလုပ်ဆောင်ပါ။

အာဒံနှင့်ဧဝသည် အပြစ်လုပ်မိလျှင် သေရမည်ဟု ဘုရားသခင် မိန့်တော်မူခဲ့သည်။ (ကမ္ဘာ ၂:၁၇)။

ဘုရားသခင်သည် ကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းဖြင့် တရားစီရင်သည်ကို ဤအချက်ဖြင့် တွေ့ မြင်ရမည်ဖြစ်သည်။ (ကမ္ဘာ ၆–၉)

- လူတို့၏ အတ္တစိတ်ကြောင့် ဘုရားသခင်၏ စိတ်နှလုံးသည် နာကျင်ဝမ်းနည်းရသည်။ (ကမ္ဘာ ၆:၆)။
- နောသည် လူတို့အား ဘုရားသခင်အကြောင်းကို ပြောခဲ့သည်။ ဘယ်တစ်ဦးတစ်ယောက်ကမှ နားမထောင်ခဲ့သောကြောင့် ဘုရားသခင်သည် ရေလွှမ်းမိုး၍ သူတို့ကိုအပြစ်စီရင်ခဲ့သည်။ (၂ ပေ ၂:၅)။
- လူတိုင်းက ရေလွှမ်းမိုးခြင်းကို မုန်းတီးကြသော်လည်း သူတို့သည် ဘုရားသခင်ကို မချစ်ကြသောကြောင့် ဘုရားသခင်သည် သူတို့ကို မကယ်တင်ခဲ့ပါ။ ဘုရားပေးသော ကောင်းသောအရာကို လူတို့သည် လိုချင်ကြသော်လည်း ဘုရားသခင်ကိုမူ မလိုအပ်ကြပေ။

ထပ်မံလေ့လာရန် ကျမ်းချက်များ

သမိုင်း၌ နိုင်ငံများအပေါ်ဘုရားသခင်၏ တရားမျှတမှုရှိခြင်း

ဘုရားသခင်သည် ပါလက်စတိုင်းရှိ ကာနာန်လူမျိုးများကို ဖျက်ဆီးရာတွင် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာမရှိသော၊ တရားမျှတမှုမရှိသော ဘုရားဖြစ်ကြောင်းကို လူများစွာတို့က ပြောဆိုကြသည်။ အောက်ပါကျမ်းချက်များကို ဖတ်ပါ၊ ဆုတောင်းပါ၊ ဆုံးဖြတ်ချက်ချမှတ်ပါ။

- ဘုရားသခင်သည် လူအုပ်စုများစွာကို ဖျက်ဆီးရခြင်း၏ အကြောင်းရင်းများ (တရား ၉:၄-၆၊ ၁၈:၉-၁၃၊ ဆာလံ ၁၀၆:၃၄-၃၈)။
- ကာနာန်လူတို့သည် အမှားကို ဆက်လက်လုပ်ဆောင်ပါက ဘုရားသခင်သည် သာ၍ ပြင်းထန်သောအပြစ်ဒဏ်ကို ပေးတော်မူမည်။ (ဝတ် ၂၆:၁၄-၃၉၊ တရား ၂၈:၁၅-၆၈)။
- ဘုရားသခင်သည် သမိုင်း၌ လူသားအားလုံးအတွက် တူညီသောစံနှုန်းကိုထားရှိသည်။ (ကမ္ဘာ ၂:၁၅-၁၇၊ ရောမ ၆:၂၃၊ ဗျာဒိတ် ၂၁:၈)။

### ၆။ ဘုရားသခင်၏ ထိန်းချုပ်ခြင်းနှင့် အုပ်စိုးတော်မူခြင်း

ယောသပ်၏ ဘဝ၌ ဖြစ်ပျက်ခဲ့သောအရာများသည် တစ်ခုချင်းချိတ်ဆက်လျက်ရှိပြီး သူသည် ဖာရောဘုရင်ကို နန်းဆက်ခံမည်သူဖြစ်လာကာ၊ မိမိညီအစ်တို့ကိုလည်း ကယ်တင်ဖို့ဖြစ်လာခဲ့သည်။ ယောသပ်ကို ဣရှမေလလူတို့အား ညီအစ်ကိုတို့သည် ရောင်းပြီးနောက် ပေါတိဖာအိမ်၌ ထပ်မံကျွန် အဖြစ်ရောင်းစားခဲ့ကြသည်။ ဖလားတော်ဝန်၊ စားတော်ဝန်တို့နဲ့အတူ ယောသပ်သည် အကျဉ်း ကျခံခဲ့ရသည်။ သူတို့သည် အိပ်မက်ကိုယ်စီ မြင်မက်ကြပြီး၊ ဖာရောဘုရင်သည်လည်း အိပ်မက်မက်ခဲ့သည်။ (ကမ္ဘာ ၃၇–၄၇)။

- “ဘုရားသခင်သည် ကောင်းသောအရာအဖို့အလို့ငှာ မကောင်းမှုကိုလည်း အသုံးပြုလျက်ရှိသည်။” (ကမ္ဘာ ၅၀:၁၉-၂၀)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

### ၇။ ဘုရားသခင်၏ ထာဝရတည်ရှိခြင်း

- ဘုရားသခင်သည် ပြောင်းလဲခြင်းရှိတော်မမူ။ (၁ ရာ ၁၅:၂၉)။
- “ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲမပြောင်းလဲနေတော်မူ၏။” (ဟေဗြဲ ၁၃:၈)။
- ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိ။ (ယာကုပ် ၁:၁၇)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

### ၈။ ဘုရားသခင်၏ သစ္စာတော်

- အာဗြဟံသည်သူ၏သားစဉ်မြေးဆက်များအားဖြင့်ဂတိတော်ပြည်ကို အမွေခံရမည့်အကြောင်းကို ဘုရားသခင် ကတိပေးခဲ့သည်။ ဣသရေလလူတို့သည် ပျက်စီးခြင်း၊ အသေသတ်ခြင်းစသည့် မျိုးစုံကြုံတွေ့ကြရသော်လည်း ၄င်းဂတိတော်သည် ယနေ့ထိတိုင် မှန်ကန်လျက်ရှိပါသည်။ (ကမ္ဘာ ၁၃:၁၄-၁၇)။
- ကမ္ဘာ ၄၉:၈-၁၀ နှင့် ဗျာဒိတ် ၅:၅ ကိုနှိုင်းယှဉ်ကြည့်ပါ။ ဘုရားသခင်သည် ယာကုပ်အား မေရှိယ (ကယ်တင်ရှင်) သည် ယုဒမျိုးဆက်မှ ဆင်းသက်လာမည့်အကြောင်းကို မိန့်တော်မူခဲ့သည်။ ယေရှုသည် ယုဒမျိုးဆက်မှ ဆင်းသက်လာသည့်အကြောင်းကို ဗျာဒိတ်ကျမ်း၌ ရေးသားထားပါသည်။

- "...ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့်တကွ အရပ်ရပ်၌ ရှိသမျှတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်သည် အစဉ်အမြဲသစ္စာစောင့်တော်မူသောဘုရားဖြစ်သည်။" (ဆာလံ ၁၄၆:၆)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

**၉။ ဘုရားသခင်၏ စုံလင်ခြင်းနှင့် သန့်ရှင်းခြင်း**

- ဘုရားသခင်သည် ဣသရေလလူတို့အား ယေရိခေါမြို့ကို လုံးဝဥဿုံ ဖျက်ဆီးကာ မည်သည့် အရာကိုမှ မယူမိရန် မိန့်ကြားခဲ့သည်။ သို့သော်လည်း စစ်သားတစ်ဦးသည် မိမိအဖို့ တစ်စုံတစ်ခုကို ယူမိသောအခါစစ်ပွဲတစ်ခု၌ ဘုရားသခင်သည် သူတို့ကို မကူညီသောကြောင့် ရှုံးနိမ့်ခဲ့ကြရသည်။ အာခန်၏ အပြစ်မထင်ရှားမချင်း ဘုရားသခင်သည် သူတို့ကို နောက်တစ်ကြိမ်မကူညီခဲ့ပါ။ (ယောရှု ၇:၁-၂၆)။
- "ထာဝရအရှင်ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏ ပြောဆိုကြ၏။.. " (ဗျာဒိတ် ၄:၈)။
- "...ကိုယ်တော်သည် ဒုစရိုက်ကို ကြည့်ရှုတော်မမူ။ သန့်ရှင်းသော မျက်စိရှိတော်မူ၏။ .. " (ဟဗက္ကုတ် ၁:၁၃)

ထပ်မံလေ့လာရန် ကျမ်းချက်များ

**၁၀။ ဘုရားသခင်၏ ကူညီမစခြင်း**

ဘုရားသခင်သည် လူတိုင်း၏ ဘဝအသက်တာ၌ အမြဲသွန်သင်ဆုံးမတော်မူသည်။ သူ၏ ကြွယ်ဝပြည့်စုံခြင်းကို ခံစားရန်နှင့် သူ့ကို သာ၍သိကျွမ်းရန် အမြဲကူညီဖေးမပေးသည်။

- ဘုရားသခင်သည် ဒုက္ခဆင်းရဲခြင်းကို အသုံးပြုကာ ဆုံးမသည်။ (ဟေဗြဲ ၁၂:၄-၁၁)။
- ဘုရားသခင်သည် ငယ်ရွယ်စဉ်က ဆာလံဆရာကို ဆုံးမသွန်သင်ခဲ့သည်။ (ဆာလံ ၇၁:၁၇)။
- ဘုရားသခင်သည် လူတို့ကို သွန်သင်ဆုံးမတော်မူသည်။ (ဆာလံ ၉၄:၁၀-၁၄)။
- "ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဦးဆောင်လမ်းပြတော်မူသည်။" (ဆာလံ ၃၂:၈)။
- "ဘုရားသခင်သည် ကျွန်ုပ်တို့ကို သွန်သင် ဆုံးမတော်မူသည်။" (တရား ၈:၂-၅)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ဘုရားသခင်၏ ကတိတော်များ

ဘုရားသခင်၏ ကတိတော် အရေးကြီးပုံကို ပေတရုက ကောင်းမွန်စွာအနှစ်ချုပ် ဖော်ပြထားပါသည်။

"ထိုသို့နှင့်အညီ ငါတို့ကိုဘုန်းတန်ခိုးတော်နှင့် ခေါ်တော်မူသောဘုရားကို သိသောဉာဏ်အားဖြင့်၊ ငါတို့အား အသက်ရှင်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သောအရာရှိသမျှတို့ကို ဘုရားတန်ခိုးတော်သည် ပေးသနားတော်မူပြီ။ ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍ အဘိုးထိုက်သော ဂတိများကို ငါတို့၌အပ်ပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုဂတိတော်များကိုအမှီပြု၍ သင်တို့သည်လောကီတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်သဖြင့်၊ ဘုရားပကတိကို ဆက်ဆံရသောသူဖြစ် ကြမည် အကြောင်းတည်း။ ထိုသို့အလိုငှါ၊ သင်တို့သည် ယုံကြည်ခြင်း၌ သီလကိုဖုင်း၊ သီလ၌ ပညာကိုဖုင်း၊..." (၂ ပေတရု ၁:၃-၅)။

အောက်တွင် ဘုရားသခင်ပေးထားသော ကတိတော်များကို အမျိုးအစားအလိုက် အနှစ်ချုပ်ဖော်ပြထားပါသည်။

၁။ ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်း ကတိတော်များ
၂။ ဘုရားသခင်၏ အတူပါရှိခြင်း ကတိတော်များ
၃။ ဘုရားသခင်၏ ဦးဆောင်ခြင်းနှင့် လမ်းပြခြင်း ကတိတော်များ
၄။ ဘုရားသခင်၏ စောင့်ရှောက်ခြင်း ကတိတော်များ
၅။ ဘုရားသခင်၏ ဉာဏ်ပညာနှင့်ဆိုင်သော ကတိတော်များ
၆။ ဘုရားသခင်၏ ထောက်ပံ့ခြင်းနှင့် ဆုကျေးဇူးများဆိုင်ရာ ကတိတော်များ
၇။ ဘုရားသခင်၏ အနာငြိမ်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ကတိတော်များ
၈။ ဘုရားသခင်၏ ကူညီမစခြင်းနှင့် ခွန်အားပေးခြင်းဆိုင်ရာ ကတိတော်များ
၉။ ဘုရားသခင်၏ စုံစမ်းစစ်ဆေးခြင်းနှင့် ဒုက္ခဆင်းရဲခြင်းနှင့်ဆိုင်သော ကတိတော်များ
၁၀။ ဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးနှင့်ဆိုင်သော ကတိတော်များ

သမ္မာကျမ်းစာဖတ်သည့်အခါ ကျွန်ုပ်တို့လိုအပ်သည့် ဘဝအခြေအနေမျိုးစုံနှင့်ဆိုင်သော ကတိတော်များကို တွေ့ရှိပါက ရေးမှတ်သားပါ။ ထိုနည်းတူ သင်တွေ့ရှိသော ကိုးကားချက်များနှင့် အနှစ် ချုပ်ကိုလည်း ရေးသားထားပါ။ ၄င်းသည် နောင်အချိန်၌ ပြန်လည်သုံးသပ်ရာတွင် အထောက်အကူ ဖြစ်ပါလိမ့်မည်။ ကတိတော်နဲ့ဆိုင်သောသင်တွေ့ရှိချက်များကိုရေးသားနိုင်သော စာမျက်နှာကိုအောက် တွင်ဖော်ပြထားပါသည်။ ၄င်းစာမျက်နှာတိုင်းတွင် ကတိတော်တစ်ခုချင်းစီအတွက် ရေးသားဖို့နေရာပေးထားပါသည်။ ဥပမာအချို့ကိုလည်း ကြိုတင်ဖော်ပြထားပြီးဖြစ်ပါသည်။ သင်ရှာဖွေတွေ့ရှိသည့် အတိုင်း ဆက်လက်ဖြည့်စွက်နိုင်ပါသည်။

**၁။ ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်း ကတိတော်များ**

- “ငါ၏လူမျိုးဖြစ်စေခြင်းငှါ၊ သင်တို့ကို ငါသိမ်းယူမည်။ ငါသည်လည်း သင်တို့၏ ဘုရားသခင်ဖြစ်မည်။ ” (ထွက် ၆:၇)
- “ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။” (ယောဟန် ၁:၁၂)
- “အပြစ်တရား၏ အခကားသေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။” (ရောမ ၆:၂၃)
- “သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကိုမရ။ ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကိုကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။” (၁ ယောဟန် ၅:၁၁-၁၃)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

**၂။ ဘုရားသခင်၏ အတူပါရှိခြင်း ကတိတော်များ**

- “ငါသည် သင့်ဘက်မှာရှိ၏။ သင်သွားလေရာရာ၌ ငါစောင့်မမည်။ ဤပြည်သို့ တဖန်ဆောင်ခဲ့ဦးမည်။ ဂတိထားသည်အတိုင်း မပြည့်စုံမှီ၊ သင့်ကိုငါမစွန့်ဟု မိန့်တော်မူ၏။” (ကမ္ဘာ၂၈:၁၅)
- “… သွားလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည်ဟု မိန့်တော်မူ၏။” (ယောရှု ၁:၉)
- “.. ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။” (မဿဲ ၂၈:၂၀)

ထပ်မံလေ့လာရန် ကျမ်းချက်များ

**၃။ ဘုရားသခင်၏ ဦးဆောင်ခြင်းနှင့် လမ်းပြခြင်း ကတိတော်များ**

- "သင့်ကိုငါသွန်သင်မည်။ သင်သွားရမည့်လမ်းကို ပြညွှန်မည်။ သင့်ကိုကြည့်ရှုပြုစုမည်။ ဥာဏ်ပညာမဲ့သော မြင်းလားကဲ့သို့ မဖြစ်နှင့်။" (ဆာလံ ၃၂:၈)
- "ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဥာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။" (သုတ္တံ ၃:၅-၆)

ထပ်မံလေ့လာရန် ကျမ်းချက်များ

**၄။ ဘုရားသခင်၏ စောင့်ရှောက်ခြင်း ကတိတော်များ**

"ဖြောင့်မတ်သောသူသည် များစွာသော ဒုက္ခဆင်းရဲကို ခံရသော်လည်း၊ ထာဝရဘုရားသည် ခပ်သိမ်းသောဒုက္ခဆင်းရဲ ထဲက ကယ်လွှတ်တော်မူ၏။" (ဆာလံ ၃၄:၁၉)။

- "ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍၊ ခွန်အားကို ပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏။" (ဆာလံ ၄၆:၁)။
- "သို့သော်လည်း၊ သခင်ဘုရားသည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ သင်တို့ကိုမြဲမြံစေ၍၊ မကောင်းအမှုအရာနှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူလိမ့်မည်။" (၂ သက် ၃:၃)

ထပ်မံလေ့လာရန် ကျမ်းချက်များ

**၅။ ဘုရားသခင်၏ ဉာဏ်ပညာ နှင့်ဆိုင်သော ကတိတော်များ**

- "ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသောဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူ၏။" (ယောဟန် ၁၄:၂၆)။
- "သင်တို့တွင် တစုံတယောက်သောသူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ၊ တောင်းလျှင်ရလိမ့်မည်။" (ယာကုပ် ၁:၅)။

ထပ်မံရေးသားရန် ကျမ်းစာကိုးကားများ

## ၆။ ဘုရားသခင်၏ ထောက်ပံ့ခြင်းနှင့် ဆုကျေးဇူးများဆိုင်ရာ ကတိတော်များ

- "ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း၊ သင်တို့ အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့် မည်။" (ဖိလိပ္ပိ ၄:၁၉)။
- "ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်း အကြောင်းဟူမူကား၊ ငါတို့သည်အလိုတော်နှင့်အညီ တစုံတခုသောဆုကို တောင်းလျှင်၊ ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူသည်ကိုငါတို့သိလျှင်၊ အထံတော်၌တောင်း သောဆုတို့ကို ရမည်ဟုသိရကြ၏။" (၁ ယော ဟန် ၅:၁၄-၁၅)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ၇။ ဘုရားသခင်၏ အနာငြိမ်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ကတိတော်များ

- "…. ငါသည်လည်း သင်တို့ကို အဲဂုတ္တုလူတို့လက်မှ လွှတ်၍၊ သူတို့၏ ညှဉ်းဆဲခြင်းထဲက နှုတ်ယူမည်။ လက်ဆန့်ခြင်း၊ ကြီးစွာသော ဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။" (ဤ ကတိတော်သည် ဣသရေလလူတို့အတွက်ဆိုသော်လည်း၊ ကျွန်ုပ်တို့အတွက်လည်း အသုံးပြုနိုင်ပါသည်။) (ထွက် ၆:၆)။
- "ငါသည် သင်တို့၏ ရောဂါကို ငြိမ်းစေသော ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။" (ထွက် ၁၅:၂၆)။
- "အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော်အပေါင်းကို မမေ့လျော့နှင့်။ သင်၏အပြစ်အလုံးစုံတို့ကို ဖြေလွှတ်၍၊ သင်၏ အနာရောဂါရှိ သမျှတို့ကိုလည်း ပျောက်စေတော်မူ၏။" (ဆာလံ ၁၀၃:၂-၃)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ၈။ ဘုရားသခင်၏ ကူညီမစခြင်းနှင့် ခွန်အားပေးခြင်းဆိုင်ရာ ကတိတော်များ

- "သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည်ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည် အတိုင်း၊ လူများ အသက်ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည် ကြံတော်မူ၏။" (ကမ္ဘာ ၅၀:၂၀)
- "…လက်ဆန့်ခြင်း၊ ကြီးစွာသော ဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။"(ဣသရေလလူတို့အတွက်ဖြစ်ပြီး၊ ကျွန်ုပ်တို့နဲ့လည်း သက်ဆိုင်သည်။) (ထွက် ၆:၆)။
- "ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်ငါတို့ကို အဘယ်သူကွာစေမည်နည်း။ အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ်အသေသတ်ခြင်းကို ခံရကြပါ၏။ သတ်ဘို့ရာထားသောသိုးကဲ့သို့ အ

ကျွန်ုပ်တို့ကို သူတပါး မှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်နှင့် အညီ၊ ဆင်းရဲပြိုပြင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့် တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းခံရသော်လည်း၊ ထိုအမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်နှင့် ငါတို့ကို ကွာစေမည်နည်း။ မကွာစေသည်သာမက၊ ငါတို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏။" (ရောမ ၈:၃၅-၃၇)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

## ၉။ ဘုရားသခင်၏ စုံစမ်းစစ်ဆေးခြင်းနှင့် ဒုက္ခဆင်းရဲခြင်းနှင့်ဆိုင်သော ကတိတော်များ

- " ...ယခု ခဏခံရသော ဆင်းရဲခြင်းဒုက္ခသည် အလွန်ကြီးမြတ် လေးလံသော နိစ္စထာဝရဘုန်းအသရေကို ငါတို့အဖို့ ဖြစ်စေတတ်၏။" (၂ ကော ၄:၁၆-၁၇)။
- "... သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက်၊ အထူးထူးအပြားပြားစုံစမ်းနှောင့်ရှက်ခြင်းနှင့်တွေ့ကြုံသောအခါ၊ ဝမ်းမြောက်စရာအကြောင်း သက်သက်ဖြစ်သည်ဟု မှတ်ကြလော့။" (ယာကုပ် ၁:၂-၄)
- "ကျွန်ုပ်တို့၏ အားနည်းခြင်း၌ ထာဝရဘုရား၏ တန်ခိုးသည် စုံလင်လျက်ရှိသည်။" (၂ ကော ၁၂:၇-၁၀)

ထပ်မံရေးသားရန် ကျမ်းစာကိုးကားများ

## ၁၀။ ဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးနှင့်ဆိုင်သော ကတိတော်များ

- "ငါ့ပညတ်တို့ကိုရ၍ စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည်ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်ဟု မိန့်တော်မူ၏။" (ယောဟန် ၁၄:၂၁)။
- "ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။" (ယောဟန် ၁၄:၃)။
- "ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကိုပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်။" (ယောဟန် ၁၄:၁၂)။

ထပ်မံလေ့လာရန် ကျမ်းချက်များ

# နောက်ဆက်တွဲ

## သမိုင်း ထိန်းချုပ်မှုအကြောင်းကို သမ္မာကျမ်း စာရေးသူက ဖော်ပြသည်။

သမ္မာကျမ်းစာရေးသူက ဘုရားသခင်သည် နှစ်ပေါင်းထောင်ကျော်က သမိုင်းတစ်ခုလုံးထိန်း ချုပ်ထားသည့်အကြောင်းကို ဖော်ပြထားသည်။

• ယေရှုခရစ်တော်ကို အဓိကဇာတ်ကောင်အဖြစ်သုံး၍ ဤအရာကို သမ္မာကျမ်းစာက ဖော်ပြသည်။

• ယေရှုခရစ်တော် ပိုင်ဆိုင်သောလူမျိုးနွယ်စုများအတွက်လည်း ဤအရာကို သမ္မာကျမ်းစာက ဖော်ပြသည်။


"**ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်နှင့် အခြားသောအကြံအစည်များရှင်းပြချက်**" အခန်းကဏ္ဍတွင် ဘုရားသခင်သည် သမိုင်းတစ်ခုလုံးထိန်းချုပ်ထားသည်ကို သမ္မာကျမ်းစာကအကျဉ်းဖော်ပြထားသည်။

## ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်နှင့် အခြားသောအကြံအစည်များ ရှင်းပြချက်

အောက်တွင်ဖော်ပြထားသော ဇယားပုံပေါ်တွင် ဘုရားသခင်၏ ပြန်လည်တည့်မြတ်ခြင်း၏ ကြီးမားသောအကြံအစည်တော်နှင့် အခြားသောအကြံအစည်များကို မြင်တွေ့ရမည်ဖြစ်သည်။ ကမ္ဘာမဖန်ဆင်းမီကတည်းက ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်း၏ ကြီးမားသောအကြံအစည်တော်သည် သူ၏စိတ်ထဲတွင်ရှိပြီးဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိနိုင်ပါသည်။ (ဖေက် ၁:၄၊ ၂ တိ ၁:၉၊ ဖေက် ၃:၇-၁၁)။ ဘုရားသခင်၏ အခြားသောအကြံအစည်တော်တိုင်းသည် သူ၏ကြီးမားသောအကြံအစည်တော်ထဲမှ ဆင်းသက်လာသည်။

အောက်တွင်ဖော်ပြထားသော ပုံ၏အချိန်ဇယားကို သတိပြုပါ။ ထိုအစီအစဉ်များအားလုံးသည် ယနေ့တိုင် ဆက်လက်တည်ရှိနေပြီး ဘုရင်တကာတို့၏ ဘုရင်အဖြစ် ယေရှုခရစ်တော်သည် ပြန်ကြွလာသည်အထိ ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ထိုအခါ၌ ယေရှုသည်ဘုရားသခင်၏နိုင်ငံတော်နှင့် ကမ္ဘာသစ်ကိုဖန်ဆင်းမည်ဖြစ်သည်။ ဤပုံသည် ကျမ်းစာတစ်အုပ်လုံးနှင့် သမိုင်းတစ်လျှောက်လုံးကို တစ်ခေါက်တည်းမြင်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။

### ပြန်လည်သင့်မြတ်ခြင်း၌ ဘုရားသခင်၏ကြီးမြတ်သော အကြံအစည်တော်




သမိုင်းတစ်လျှောက်လုံးနှင့် ကမ္ဘာအနှံ့ရှိ လူသားများအပေါ် ဘုရားသခင်၏ ပြန်လည်တည့် မြတ်ခြင်း၏ ကြီးမားသောအကြံအစည်တော်ကို သမ္မာကျမ်းစာက အစမှအဆုံး ရှင်းလင်းဖော်ပြထား သည်။ အောက်ဖော်ပြပါ စာမျက်နှာများတွင် ဘုရားသခင်၏ ပြန်လည်တည့် မြတ်ခြင်း၏ ကြီးမားသော အကြံအစည်တော်နှင့် အကောင် ထည်ဖော်ဆောင်ရွက်ရန် အသုံးပြုသောအခြားသောအကြံအစည် သုံးခု အကြောင်းကိုအကျဉ်းချုပ်ဖော်ပြထား သည်။ အဆိုပါကြီးမားသောအကြံအစည်တော်နှင့် အခြားသောအကြံအစည်တော်များသည် ယနေ့တိုင်ဆက် လက် တည်ရှိပြီး၊ ဘုရင်တကာတို့ဘုရင်၊ အရှင်တကာတို့ ၏အရှင်အဖြစ် ပြန်လည်ကြွလာသည့်တိုင် ဆက်လက် တည်ရှိနေမည်ဖြစ်သည်။ ထိုအချိန်၌ ဘုရားသခင်သည် သူ၏အကြံအစည်တော်အားလုံးကို ပြီးပြည့်စုံအောင်လုပ် ဆောင်မည်ဖြစ်သည်။

## ပြန်လည်သင့်မြတ်ခြင်း၌ ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်

ကမ္ဘာကို မဖန်ဆင်းမီ လူသားများအား သူ၏ချစ်ခြင်းမေတ္တာကိုလက်ခံရန် သို့မဟုတ် ငြင်းပယ်နိုင်သော စွမ်းရည်နဲ့ လူတို့ကို ဖန်ဆင်းခဲ့ပြီး၊ သူ့ကိုငြင်းပယ်ပြီးနောက် ပြန်လည်သင့်မြတ်စေရန် အ တွက်လည်း ဘုရားသ ခင်သည် အကြံအစည်ရှိပြီးသားဖြစ်သည်။ ဖေက် ၁:၃-၁၀ တွင် ဤအကြံအစည် တော်အကြောင်းကို ဖော်ပြထား သည်။ ပထမဆုံးလူယောကျ်ားနှင့် လူမိန်းမတို့သည် ရွေးချယ်မှုအမှား ကို လုပ်ဆောင်ကြသောကြောင့် ဘုရားသ ခင်သည် ဤအကြံအစည်ကို စတင်အကောင်အထည် ဖော်ခဲ့ သည်။ (ကမ္ဘာ ၃:၁၄-၁၉)။

လူသားနှင့် ဘုရားသခင်သည် စကြာဝဠာတွင်ရှိသည့် တစ်ခုတည်းသော သက်ရှိသတ္တဝါများ မဟုတ်သည် ကို သတိရပါ။ အရာဝတ္ထုများကိုလည်း စဉ်းစားရမည်။ ဗျာဒိတ် ၅:၁၁ တွင် “ထိုအခါ ငါကြည့်၍ ပလ္လင်တော်မှစ သောသတ္တဝါတို့နှင့် အသက်ကြီးသူတို့၏ ပတ်ဝန်းကျင်၌ ကုဋေသချေမက အတိုင်းမသိများစွာသောကောင်းကင် တမန်တို့၏ အသံကို ငါကြား၏။” ဟုဖော်ပြထားသည်။ ဖေက် ၃:၁၀-၁၁ တွင် “အဘယ်ကြောင့်နည်းဟူမူကား၊ ငါ တို့သခင်ယေရှုခရစ်ကို အကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့်အညီ၊ ကောင်းကင်အရပ်တို့၌ အထွဋ်၌ အ မြတ်အာဏာစက်တို့သည်၊ ဘုရားသခင်၏ထူးဆန်းသောပညတ်တော်ကို အသင်းတော်အားဖြင့် ယခုသိကြရမည်

အကြောင်းတည်း” ဟု ဖော်ပြထားသည်။ ပြန်လည်သင့်မြတ်ခြင်း၌ ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်သည် တခြားသောဝိညာဉ်လောက၌ သူ၏ ဥာဏ်ပညာကိုဖော်ပြရန်အတွက်ရည်ရွယ်ချက်တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

ပြန်လည်သင့်မြတ်ခြင်း၌ ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်သည် နှစ်ပေါင်းထောင်ကျော်ကာလကတည်းက ရှိခဲ့သည်။ ထိုရှည်လျားသည့်အချိန်ကာလကို လူသားတို့၏ ကန့် သတ်သောစိတ်နှလုံးနှင့် နားလည်နိုင်ခြင်းမရှိသော်လည်း၊ လူတစ်ဦး၏ စိတ်ခံစားချက်နှင့် တန်ဖိုးထားမှုကို နားလည်နိုင်သည်။

- သစ္စာရှိသော ချစ်ခြင်းမေတ္တာသည် လူတို့အဖို့ဆက်လက် ကြာလာလေ အံ့ဖွယ်ခိုင်မြဲလာလေဖြစ်တတ်သည်။
- ပြည့်စုံသော ပရောဖက်ပြုချက်များသည် အချိန်ကြာရှည်လာသလောက် ပို၍ အံ့မခန်းဖြစ်လာ လေဖြစ်သည်။
- အသေးစိတ်အချက်အလက်များနှင့် ကတိတော်များကို အောက်မေ့သတိရခြင်းများသည် အချိန်ကြာရှည်လာလေ အံ့သြစရာဖြစ်လာသည်။

၎င်း၏ ရှုပ်ထွေးမှုကို ကျွန်ုပ်တို့သင်ယူသည့်အတိုင်း ပြန်လည်သင့်မြတ်ခြင်း၌ ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်၏ အံ့သြဖွယ်ဖြစ်ခြင်းသည် ပို၍ ကြီးထွားလာလေဖြစ်သည်။ ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်ကို သယ်ဆောင်ရန် အနည်းဆုံး အခြားသော အကြံအစည်တော် သုံးခုကို သိရှိရန် လိုအပ်သည်။

- **အခြားအကြံအစည်တော်** – မိသားစုတစ်စု (ဣသရေလလူမျိုးများ) အားဖြင့် ဘုရားသခင်၏ အခြားအကြံအစည်တော်ကို ဖော်ပြသည်။
- **အခြားအကြံအစည်တော်** – (ယေရှုခရစ်တော်) လူသားအဖြစ်သို့ ဆင်းသက်လာခြင်းအတွက် ဘုရားသခင်၏ အခြားသော အကြံအစည်တော်ကို ဖော်ပြသည်။
- **အခြားအကြံအစည်တော်** – (အသင်းတော်) ဝိညာဉ်လူစုများ၏ လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်၏ အခြားသောအကြံအစည်တော်ကို ဖော်ပြသည်။

ထိုအခြားသောအကြံအစည်တော်သုံးခုသည် အချင်းချင်းဆက်စပ်လျှက်ရှိပြီး၊ ကြီးမားသောအကြံအ စည်တော်ကို အောင်မြင်အောင် အကောင်ထည်ဖော်ဆောင်ရွက်ပေးသည်။ ပြန်လည်သင့်မြတ်ခြင်း၌ ဘုရားသခင်၏ ကြီးမားသောအကြံအစည်တော်၏ ရှုပ်ထွေးခြင်းနှင့် အံ့သြဖွယ်တို့ကို ပေါင်းစပ်ပေးသည့် အရေးကြီးသော အခြားအချက်နှစ်ခုလည်းရှိသည်။ ၎င်းတို့ မှာအောက်ပါအတိုင်းဖြစ်သည်။

- ဘုရားသခင်သည် လူသားများကို လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်နဲ့ ဖန်ဆင်းပေးခဲ့ပြီး သူ့ကို ငြင်းပယ်ရန်နှင့် သူ၏အကြံအစည်တော်များကို ဆန့်ကျင်ပိုင်ခွင့်လည်းပေးထားခဲ့သည်။
- ဘုရားသခင်သည် သူ့ကိုဆန့်ကျင်သော ဝိညာဉ်လောကရှိ (စာတန်မာရ်နတ်နှင့် ထောင်ဂဏန်းသော မကောင်းသော ဝိညာဉ်များ) ကိုလည်း လွတ်လပ်စွာ သူ့ကိုငြင်းပယ်ရန်နှင့် သူ၏ အကြံအစည်တော်များဆန့်ကျင်ပိုင်ခွင့်လည်း ပြုထားသည်။

ဤအရာအားလုံးတွင် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းနှင့် သူ၏ ဂုဏ်အင်္ဂါလက္ခဏာ၊ တတ်စွမ်းနိုင်ခြင်းတို့သည် အံ့ဖွယ်သက်သေများဖြစ်ကြသည်။ သမ္မာကျမ်းစာသည် အတိတ်ကဘုရားသခင်လုပ်ဆောင်ခဲ့သောအခြားအကြံအစည်တော်နှင့် ကြီးမားသောဆန့်ကျင်မှုစသည့် သမိုင်းအကြောင်းအရာ များနဲ့ ပြည့်နှက်လျှက်ရှိသည်။ ဘု

ရားသခင်သည် အံ့သြဖွယ်နည်းလမ်းနှင့် သူ၏အကြံအစည်တော် ပြည့်စုံစေဖို့ ဆန့်ကျင်သောအရာများကို အမြဲအသုံးပြုသည်ကို တွေ့ရသည်။ အနာဂတ်တွင် ဖြစ်လာ မည့် အံ့သြဖွယ်ရာများစွာလည်း ရှိနေဆဲဖြစ်သည်။ ဘုရားသခင်၏အကြံအစည်တော်ကို ဆန့်ကျင် သောအရာများသည် ပို၍မြင့်မားလာမည်ဖြစ်ကြောင်း ၄င်းသည် အဆုံးသို့ရောက်လုနီးသည်ကို ကျမ်း စာက ဖော်ပြထားသည်။ (မဿဲ ၂၄:၁–၃၅၊ ဗျာဒိတ် ၁၂–၁၈)။

ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်၊ အခြားသောအကြံအစည်များနှင့် သူ့ရည်ရွယ်ချက်ကို ဆန့်ကျင်ခွင့်ပေးသည့်အကြောင်း သမ္မာကျမ်းစာက အကျဉ်းချုပ်ဖော်ပြထားသည်။ ဤ စာအုပ်သည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် ကျွန်ုပ်တို့အတွက် ရေးသားထားပြီး၊ ကျွန်ုပ်တို့၏ နားလည်မှု ကန့်သတ်ချက်အတွင်း၌သာ ရေးသားထားသည်။ ရောမဩဝါဒစာ ၁၁:၃၃ တွင် ပေါလုက "ဘုရားသခင်၏ပညာနှင့် ဥာဏ်တော်သည်အလွန်ကျယ်ဝန်းနက်နဲစွတကား။ စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍ မကုန်နိုင်" ဟု ဖော်ပြသည်။

## အခြားအကြံအစည်တော်
## မိသားစုတစ်စု (ဣသရေလလူမျိုးများ) အားဖြင့် ဘုရားသခင်၏ အခြားသောအကြံအစည်တော်ကို ဖော်ပြသည်

ဘုရားသခင်သည် ကမ္ဘာကြီးကို ကယ်တင်ရန်အတွက် မူလကတည်းက အကြံအစည်တစ်ခုရှိ ပြီးဖြစ်သည်။ ထိုအချိန်ကပင်၊ သူ၏ကြီးမြတ်တော်မူခြင်းကို ကမ္ဘာသူ၊ ကမ္ဘာသားများအား ဖော်ပြပေးခဲ့သည်။ ကျမ်းစာအစပိုင်း၌ ဘုရားသခင်သည် အာဗြဟံထံသို့ ကတိတော်သုံးခုပေးပြီး၊ ထိုကတိတော် များသည် လူသားအားလုံးအတွက် ပြန်လည်သင့်မြတ်ခြင်းကိုဖြစ်စေရန် သူ၏အကြံအစည်တော်ကို တည်စေခဲ့သည်။ ထိုကတိများ၏ ပြည့်စုံခြင်းသည် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို နည်းမျိုးစုံဖြင့် ဖော်ပြပေးသည်။ အောက်ပါ ကတိတော်သုံးခုမှာ –

၁။ "ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။" (ကမ္ဘာ ၁၂:၂)။
၂။ "သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်" (ကမ္ဘာ၁၂:၃)။
၃။ "ငါသည် သင်မြင်သော မြေတပြင်လုံး (ခါနန်ပြည်) ကို သင်နှင့်သင်၏ အမျိုးအနွယ်အား၊ ငါသည်ကာလအစဉ်အမြဲပေးမည်။" (ကမ္ဘာ ၁၃:၁၄-၁၇)။

ဤ ကတိတော်သုံးခုကို ကမ္ဘာဦးကျမ်းတွင် စုစုပေါင်း ငါးကြိမ်ခန့်ပြောထားသည်ကို တွေ့ရသည်။

- ဘုရားသခင်သည် အာဗြဟံအား ကတိပြုသည့်အကြိမ် သုံးကြိမ်တွေ့ရသည်။ (ကမ္ဘာ ၁၇:၃-၈၊ ၁၈:၁၈-၁၉၊ ၂၂:၁၊ ၆-၁၈)
- ထို့နောက် ဤကတိတော်များကို ဣဇက်(ကမ္ဘာ ၂၆:၃-၄) နှင့် ယာကုပ် (ကမ္ဘာ ၂၈:၁၄) တို့အား နောက်ထပ်ကတိပြုခဲ့သည်။ သူတို့နှစ်ဦးလုံး၏ မျိုးဆက်တို့သည် ထိုကတိတော်မြေ၌ အစဉ် အမြဲနေရမည်အကြောင်း ကတိပြုပေးခဲ့သည်။

ကမ္ဘာတစ်ဝှမ်းရှိ ဖြစ်ပျက်နေသောအရာအားလုံးကို ထိန်းချုပ်သောသူဖြစ်ကြောင်းကို ပြသရန် ဘုရားသခင်သည် အာဗြဟံ၊ ဣဇက်နှင့် ယာကုပ် (နောက်မှ ဣသရေလ) တို့၏ မျိုးဆက်အပေါ် ပြုခဲ့သော ကတိတော်များသည် အခြေခံကျသောအချက်များဖြစ်ကြသည်။ ယနေ့တိုင်လည်း ဘုရားသခင်သည် ဤကတိတော်များကို အာဗြဟံ၏ မျိုးဆက်ဖြစ်သောဣသရေလလူမျိုးများအတွက် ပြီးပြည့်စုံအောင် လုပ်ဆောင်နေဆဲဖြစ်သည်။ ထိုကတိတော်များ ပြည့်စုံခြင်းသည် ပြန်လည်သင့်မြတ်ခြင်း၌ ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်ပြည့်စုံခြင်းကို ကူညီပေးပြီး၊ ၎င်းသည် ဘုရားသခင်၏အခြားသောအကြံအစည်တော်များကို ပြည့်စုံစေသောအကြောင်းရင်းတစ်ခုအဖြစ် သိရှိနိုင်ပါသည်။

### ပထမ ကတိတော်

"ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်" ဟူသော ပထမကတိတော်၏ ပြည့်စုံခြင်းကို တိုင်းတာရန် အလွန်ခက်ခဲပါသည်။ ခရစ်တော်မတိုင်မီ ဘီစီ ၁၀၀၀ ဝန်းကျင်တွင် ဒါဝိတ်နှင့် ရှောလမုန်တို့၏ အုပ်စိုးချိန်တွင် ဣသရေလနိုင်ငံသည် အင်အားကြီးသော နိုင်ငံဖြစ်လာပြီး၊ ၎င်းသည် သူတို့ ကမ္ဘာကြီးကို လွှမ်းမိုးသောအမြင့်ဆုံး အချိန်ကာလဖြစ်လာခဲ့သည်။ ယနေ့တိုင် ဣသရေလနိုင်ငံသည် လွှမ်းမိုးမှုအရှိဆုံးနိုင်ငံတစ်ခုဖြစ်လာသည်။ သို့သော်လည်း "လူမျိုးကြီး" ဟူသော အဓိပ္ပါယ်ကို ဖွင့်ဆိုရန်ခက်ခဲပါသည်။

### ဒုတိယ ကတိတော်

"သင် အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်" ဟူသော ကတိတော်ပြည့်စုံခြင်းသည် ဣသရေလလူမျိုးများမှတဆင့် ကမ္ဘာကြီးအား ဘုရားသခင်သည် မိမိကိုယ်ကိုဖော်ပြခြင်းဖြင့် ကတိတော်ကို စုံလင်စေခဲ့သည်။ ဤအရာကို ဘုရားသခင်သည် နည်းလမ်း သုံးမျိုးဖြင့် လုပ်ဆောင်ခဲ့သည်။

- ဘုရားသခင်သည် ဣသရေလလူမျိုးများမှတဆင့် ရေးသားထားသော သမ္မာကျမ်းစာ(ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်း) ကို ပေးထားသည်။
- ဘုရားသခင်သည် ဣသရေလလူမျိုးများအားဖြင့် ကိုးကွယ်ခြင်းပုံစံတစ်ခုကို လူတို့အားပေးထားသည်။ ၎င်းသည် တဲတော်၌ကိုးကွယ်ခြင်း ဖြစ်သည်။
- ဘုရားသခင်သည် ဣသရေလအမျိုးမှ လူသားအဖြစ်မွေးဖွားလာကာ လူသားအားလုံးအတွက် မိမိအသက်ကို ပူဇော်အပ်နှံခဲ့သည်။

### ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် လူတိုင်းကောင်းချီးမင်္ဂလာခံစားရသည်

ဤနေရာတွင် ဘုရားသခင်ရေးသားထားသောနှုတ်ကပတ်တော်သည် မည်ကဲ့သို့ရောက်ရှိ လာသည်ကို မဖော်ပြပဲ၊ သမ္မာကျမ်းစာသည် လူတိုင်းအတွက်နေရာတိုင်း၌ ဘုရားသခင်၏ ဗျာဒိတ်တော် အဓိကအခြေခံအ

ကြောင်းအရာဖြစ်သည်။ ဘုရားသခင်သည် နှစ်ပေါင်း ၂၀၀၀ အတွင်း စာရေးဆရာ ၄၀ ကျော်၊ စာအုပ် ၆၆ အုပ်နှင့် သမ္မာကျမ်းစာ ဖြစ်လာရန် လုပ်ဆောင်ခဲ့သည်။

## ကိုးကွယ်ခြင်းအတွက် ဘုရားသခင်ပေးသောပုံစံအားဖြင့် လူတိုင်းကောင်းချီးမင်္ဂလာခံစားရသည်

မောရှေကိုအသုံးပြု၍ ဣသရေလလူမျိုးများကို အဲဂုတ္တုပြည် ခါနန်ပြည်သို့ ခေါ်ဆောင်သည့် အခါတဲတော်ထဲ၌ ကိုးကွယ်မည့်ပုံစံကို ဘုရားသခင်ပေးအပ်ခဲ့သည်။ ထိုတဲတော်၏ အချက်အလက် အသေးစိတ်များကို ထွက် ၂၅-၃၁ နှင့် ၃၅-၄၀ တွင် ဖော်ပြထားပါသည်။ တဲတော်၏ အစိတ်အပိုင်းအားလုံးနှင့် ယစ်ပရောဟိတ်များ၏ အပြုအမူအားလုံးသည် ဝိညာဉ်ရေးရာ၌ အဓိပ္ပာယ်ကို ဖော်ဆောင်လျှက်ရှိသည်။ စာအုပ်များကို ၎င်းခေါင်းစဉ်နဲ့ ရေးသားလျှက်ရှိပါသည်။ အောက်ပါ ပုံဥပမာအနည်းငယ်ကို ဖော်ပြထားပါသည်။

- အသန့်ရှင်းဆုံးသောနေရာသည် ဘုရားသခင်၏မျက်မှောက်တော်ကို ကိုယ်စားပြုပြီး၊ ယစ်ပူဇော်ခြင်းမရှိဘဲ မည်သူမျှ ဝင်လို့မရပေ။
- အသန့်ရှင်းဆုံးသောနေရာနှင့် အခြားတဲတော်အခန်းများကြားရှိ ထူထပ်သောကုလာကာသည် သန့်ရှင်းသောဘုရားနှင့်အပြစ်ရှိသောလူတို့အကြား ဝေးကွာခြင်းကို ကိုယ်စားပြုသည်။

တံခါးဝရှိ ယစ်ပူဇော်ခြင်းသည် လူတို့၏အပြစ်ကြောင့် အသေခံခြင်းကို ကိုယ်စားပြုပြီး၊ လာမည့် အနာဂတ်တွင် အပြစ်အတွက် ယေရှုခရစ်တော်၏ ကိုယ်စားအသေခံပူဇော်ခြင်းကိုလည်း ကိုယ်စားပြုသည်။

- တဲတော်အတွင်းရှိ အခြားပစ္စည်းများ (ရေကန်၊ မီးအိမ်၊ ပေါင်မုန့်၊ အမွေးနံ့သာ၊ ပဋိညာဉ်သေတ္တာစသည်) သည်လည်း ဝိညာဉ်ရေးရာ၌ အထူးအဓိပ္ပာယ်ဆောင်လျှက်ရှိသည်။

ဣသရေလလူတို့သည် တဲတော်၌ ကိုးကွယ်ကြပြီးနောက် အလားတူ တည်ဆောက်ထားသော ဗိမာန်တော်၌ ဆက်လက်ကိုးကွယ်ခြင်းကို ပြုလုပ်ကြသည်။ သူတို့သည် ယေရှုကြွလာသည် အထိ လုပ်ဆောင်ခဲ့ကြပြီး၊ ယေရှုကို မသိသောသူများကလည်း ယေရှုထမြောက်ပြီးနောက်တွင် ဆက်လက်ကျင့်သုံးလုပ်ဆောင်ခဲ့ကြသည်။ ရောမလူတို့သည် ဗိမာန်တော်ကို အေဒီ ၇၀ တွင် ဖျက်ဆီးခဲ့ကြသည်။ ယေရှု အသေခံသည့်အချိန်တွင် အံ့ဖွယ်ထူးခြားသောအဖြစ်အပျက်တစ်ခုဖြစ်ခဲ့ပြီး၊ ၎င်းသည် အသက်ရှင်သောသူအားလုံးအတွက် ဝိညာဉ်ရေးရာ အောင်ပွဲ၏ သင်္ကေတကိုလည်း ကိုယ်စားပြုဖော်ညွှန်း ထားသည်။ ရှင်မဿဲခရစ်ဝင်ကျမ်း ၂၇:၅၁ တွင် "ထိုအခါ ဗိမာန်တော်၏ ကုလားကာသည် အထက်စွန်း မှအောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏" ဟု ဖော်ပြထားပြီး၊ ယင်းသည် ဘုရားသခင်ကသာ ခွဲခြမ်းစေသည်ကိုတွေ့ရသည်။ လူအပေါင်းတို့ အ တွက် သန့်ရှင်းသော ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ ဝင်ရောက်နိုင်သောတံခါးကို ယေရှု၏ သေခြင်းကသာ ဖွင့်ပေးနိုင်ကြောင်း ဤအချက်က ဖော်ပြထားသည်ကိုတွေ့ရသည်။ သန့်ရှင်းသောဖန်ဆင်းရှင်၏ မျက်မှောက်တော်ထဲသို့တိုးဝင်ပြီး အစဉ်မြဲအသက်ရှင်ရန် ယေရှုသည် ယစ်ပူဇော်သောသိုးသငယ်ယစ်အဖြစ် မိမိကိုယ်ကို ပူဇော်ခြင်းဖြင့် လမ်းဖွင့်ပေးခဲ့သည်။

**ဘုရားသခင်သည် လူသားအဖြစ်ကြွလာခြင်းအားဖြင့် လူတိုင်းကောင်းချီးမင်္ဂလာခံစားရသည်**

လူသား (ယေရှုခရစ်တော်) အဖြစ် ဘုရားသခင်သည် မိမိကိုယ်ကို ဖော်ပြပြီး၊ ဘုရားသခင်၏ သိုးသငယ်တော် ယေရှုခရစ်တော်အားဖြင့် ဘုရားဖြစ်ကြောင်းကို ထင်ရှားပြခြင်းဖြင့် ဘုရားသခင်၏ အခြားအကြံအစည်တော်ကို ရှေ့အခန်း၌ ဆက်လက်ရှင်းပြထားပါသည်။

**တတိယ ကတိတော်**

"ငါသည် ခါနန်ပြည်ကို သင်နှင့် သင့်မျိုးဆက်တို့အဖို့ ထာဝရအမွေဆက်အဖြစ် ငါပေးမည်" ဟူသော ကတိတော်၏ ပြည့်စုံခြင်းကို ဣသရေလ၏ မျိုးဆက်များသည် ခါနန်ပြည်၌ နေထိုင်သည်၊ မနေ ထိုင်သည်ကို ကြည့်ခြင်းဖြင့် တိုင်းတာနိုင်ပါသည်။ သမိုင်းအဖြစ်အပျက်များကိုကြည့်လျှင်၊ ဘုရားသခင်သည် ကမ္ဘာ့သမိုင်း၌ ဖြစ်ပျက်နေသောအရာများ ထိန်းချုပ်သည်ကို ရှင်းလင်းစွာဖော်ပြထားသည်။ အာဗြဟံအားပေးထားသော ကတိတော်ကို ဘုရားသခင်သည် မည်သို့ ပြည့်စုံစေသည်ကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

## ပထမအကြိမ် ပြည်တော်မှ နှင်ထုတ်ခြင်းနှင့် ပြန်လာခြင်း

ဘုရားသခင်သည် သူ့သား ယောသပ်နှင့်တွေ့ဆုံပြီး၊ ခါနန်ပြည် အစာခေါင်းပါးသည့်ကာလ၌ အသက်ရှင်ရန် ခါနန်ပြည်မှ အဲဂုတ္တုပြည်သို့ သွားရောက်ဖို့ ယာကုပ် (ဣသရေလ) အား မိန့်တော်မူခဲ့သည်။ ထိုအချိန်တွင် ဣသရေလမျိုးဆက်စုစုပေါင်း ၇၀ ဦးရှိပြီး အားလုံးသည် ခါနန်ပြည်မှ ထွက်ခွါပြီး အဲဂုတ္တုပြည်သို့ သွားခဲ့ကြသည်။ (ကမ္ဘာ ၄၆း၁-၄၊ ကမ္ဘာ ၄၆:၂၅)။ ဤကဲ့သို့သော ပြောင်းလဲမှုဖြစ်ရပ်များကြောင့် ဣသရေလလူတို့သည် ခါနန်ပြည်၌ နေထိုင်ရန် ပို၍ခက်ခဲလာခဲ့သည်။ ၄င်းနောက် ဖြစ်ပေါ်ခဲ့သောအရာများကို အကျဉ်းချုပ်အောက်တွင်ဖော်ပြထားပါသည်။

- ယောသပ်သည် ဘုရားသခင်၏ ကတိတော်ကို ရှင်းလင်းစွာ နားလည်ခဲ့သည်။ "ယောသပ်ကလည်း၊ ကျွန်ုပ်သေတော့မည်။ အကယ်စင်စစ်ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်သို့၊ ဤပြည်မှ ဆောင်သွားတော်မူမည်ဟု အစ်ကိုတို့အားဆို၏။" (ကမ္ဘာ ၅၀:၂၄)။
- နှစ်ပေါင်း ၄၀၀ ကြာပြီးနောက်၊ ဘီစီ ၁၄၅၀ ခန့်တွင် အဲဂုတ္တုပြည်မှ ခါနန်ပြည်သို့ ဣသရေလလူတို့ကို ဦးဆောင်ရန် မောရှေကို ဘုရားသခင် ခေါ်တော်မူခဲ့သည်။ "သူတို့ ညည်းတွား မြည် တမ်းခြင်းအသံကို ဘုရားသခင်ကြားတော်မူလျှင်၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ပြုခဲ့ဘူး သောပဋိညာဉ်ကို အောက်မေ့တော်မူ၏။" (ထွက် ၂:၂၄)။
- ဘုရားသခင်သည် မောရှေကို ခေါ်သောအခါ အာဗြဟံနှင့်ပြုသောကတိတော် ရည်ညွှန်းထားသည်ကိုတွေ့ရသည်။ "အဲဂုတ္တုပြည်၌ခံရသော ဒုက္ခထဲကသင်တို့ကို ငါနုတ်၍၊ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ၊ နို့နှင့်ပျားရည်စီးတတ်သော ပြည်သို့ ပို့ဆောင်မည် ငါဂတိရှိသည်ဟု မိန့်တော်မူပြီဟု သူတို့အား ပြောလော့။" (ထွက် ၃:၁၇)။

- ဣသရေလလူတို့အား ပြောဖို့ ဘုရားသခင်သည် မောရှေအား ဤသို့မိန့်တော်မူခဲ့သည်။ “ငါ သည်လည်း၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ အားပေးမည်ဟု ကျိန်ဆိုသောပြည်သို့ ငါပို့ ဆောင်၍၊ အမွေခံစရာဘို့ပေးမည်။ ငါသည် ထာဝရဘုရားဖြစ်၏ဟု မိန့်တော်မူ၏။” (ထွက် ၆:၈)။ မှတ်ချက် – ဤကတိတော်သည် ယခုအချိန်ထိ ဖလားလေးခုအတွက် ကတိတော် လေးခုအပါအဝင် နှစ်စဉ်ပသခါပွဲ၌ ဂျူးလူမျိုးများ ဖတ်လေ့ရှိသော ပသခါပွဲ၏ အစိတ်အပိုင်းထဲမှ တစ်ခုဖြစ်သည်။(ထွက် ၆:၆-၈)။
- ကတိတော်ပေးပြီး နှစ်ပေါင်း ၅၀၀ ကျော်တွင် မောရှေသည် လူများအဖို့ ဆုတောင်းသည့်အခါ ဤကတိတော်များကို ရှင်းလင်းစွာ နားလည်သဘောပေါက်ခဲ့သည်။ ဘုရားသခင်ထံတွင် ဂုဏ်ပြု၍ ဆုတောင်းခြင်းဖြင့် ကတိကို ပြန်လည်ဖော်ပြသည်။ “ကိုယ်တော်က သင်တို့အမျိုးအနွယ်ကို ကောင်းကင်ကြယ်ကဲ့သို့ ငါများပြားစေမည်။ ငါပြောခဲ့သော ဤမြေရှိသမျှကို သင်တို့အမျိုးအနွယ်အား ငါပေးသဖြင့်၊ သူတို့သည် အစဉ်အမြဲအမွေခံရကြလိမ့်မည်ဟု ကိုယ်ကိုကိုယ် တိုင်တည်၍ ကျိန်ဆိုတော်မူသောစကားကို ခံခဲ့ပြီးသော ကိုယ်တော်၏ ကျွန်အာဗြဟံ၊ ဣ ဇာက်၊ ဣသရေလတို့ကို အောက်မေ့တော်မူပါဟု မိမိဘုရားသခင် ထာဝရဘုရားရှေ့တော်၌ တောင်းပန်လေ၏။” (ထွက် ၃၂:၁၃)။ ထို့အပြင် မောရှေသည် ဘုရားသခင်ပေးထားသော ထို ကတိတော်ကို ၇ ကြိမ် ထပ်မံဖော်ပြသည်ကိုတွေ့ရသည်။ (တောလည် ၃၂:၁၁၊ တရား ၁:၈၊ ၆:၁၀၊ ၉:၅၊ ၂၉:၁၃၊ ၃၀:၂၀၊ ၃၄:၄)။
- မောရှေ အသက်ကုန်ဆုံးခါနီး၌ ဘုရားသခင်သည် အာဗြဟံ၌ ထားသော ကတိတော်များကို အံ့ဖွယ်ဖော်ပြခဲ့သည်။ *“ဘုရားသခင်သည် မြေကြီးပေါ်မှာ လူကို ဖန်ဆင်းတော်မူသော နေ့မှစ၍၊ သင်တို့ မဖြစ်မီ လွန်လေပြီးသော ကာလပတ်လုံး၊ မိုဃ်းကောင်းကင်တဘက်မှ တဘက်တိုင် အောင်မေးမြန်းကြလော့။ ဤမျှလောက်ကြီးသောအမှုဖြစ်ဘူးသလော။ ဤကဲ့သို့သောအမှု၏ သိတင်းကို ကြားဘူးသလော။ ဘုရားသခင်သည် မီးထဲက မိန့်မြွက်တော်မူ သံကို သင်တို့သည် ကြားသကဲ့သို့၊ အခြားသောလူမျိုးသည် ကြား၍၊ အသက်ချမ်းသာ ရဘူးသလော။ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်၊ အဲဂုတ္တုပြည်မှာ သင်တို့မျက်မှောက်၌ ပြုတော်မူသကဲ့သို့၊ စုံစမ်းခြင်းနိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကို ပြခြင်း၊ စစ်မှုကိုရောက်စေခြင်း၊ အားကြီးသော လက်ရုံးတော်ကို ဆန့်ခြင်း၊ ကြောက်မက်ဘွယ်သော ရူပါရုံတို့ကို ပြခြင်းအားဖြင့်၊ အခြားတပါးသောဘုရားသည် သွား၍ လူတမျိုးထဲက တမျိုးကို မိမိအဘို့ နှုတ်ယူဘူးသလော။ ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူကြောင်းကိုငင်း၊ ကိုယ်တော်မှတပါး အခြားသောဘုရားမရှိကြောင်းကိုငင်း၊ သင်တို့သိစေခြင်းငှာ၊ ထိုအခြင်းအရာ တို့ကို သင်တို့အား ပြတော်မူပြီ။ သင်တို့ကို သွန်သင်၍ ကောင်းကင်ထဲက စကားတော်သံကို ကြားစေတော်မူပြီ။ မြေကြီးပေါ်မှာ ကြီးစွာသော မီးတော်ကိုလည်း ပြတော်မူ၍၊ သင်တို့သည် မီးထဲက စကားတော်ကို ကြားရကြပြီ။ သင်တို့ ဘိုးဘေးများကို ချစ်တော်မူသောကြောင့်၊ သူတို့ အမျိုးအနွယ်ကို ရွေးကောက်တော်မူပြီ။ သင်တို့ ထက် အားကြီး၍ များပြားသောလူမျိုး တို့ကို သင်တို့ရှေ့မှ နှင်ထုတ်တော်မူ၍၊ ယနေ့ပင်ဖြစ်သကဲ့သို့ သူတို့မြေထဲသို့ သင်တို့ကို သွင်း၍ အမွေခံ စေခြင်းငှာ၊ မဟာတန်ခိုးတော်အားဖြင့် အဲဂုတ္တုပြည်မှ ရှေ့တော်၌ နှုတ်ဆောင်တော်မူပြီ။ သို့ဖြစ်၍ ထာဝရဘုရားသည် အထက်ကောင်းကင်ပေါ်၊ အောက်အရပ်မြေကြီးပေါ်မှာ ဘုရားသခင်ဖြစ်တော်မူကြောင်းကိုငင်း၊ အခြားတပါးသောဘုရား မရှိကြောင်းကိုငင်း၊ ယနေ့သိမှတ်၍ နှလုံး၌ သွင်းမိကြလော့။”* (တရား ၄:၃၂-၃၉)
- ဘီစီ ၂၀၀၀၊ အာဗြဟံပြီးနောက် နှစ်ပေါင်း ၅၀၀ အကြာတွင် ဘုရားသခင်သည် ယောရှုကို ဘီစီ ၁၄၀၀ ခန့်တွင် စကားပြောခဲ့ပြီး “အားယူ၍ ရဲရင့်ခြင်းရှိလော့။ ဘိုးဘေးတို့အား ပေးမည်ဟု ငါ ကျိန်ဆိုသောပြည်ကို သင်သည် ဤလူတို့ အားဝေ၍ အမွေပေးရမည်။” (ယောရှု ၁:၆) ဟု မိန့် တော်မူခဲ့သည်။
- ယောရှုပြီးနောက်၊ တရားသူကြီးများကာလတွင် ဣသရေလလူတို့သည် ဘုရားသခင်နဲ့ ရွေ့လျော့လာကာ ရန်သူတို့၏ အနိုင်ယူခြင်းကို ခံခဲ့ရသည်။ ၄င်းသည် ဖိလိတ္တိလူတို့က အုပ်ချုပ် စပြုလာသောကြောင့် အ

လွှန်ပင်ဆိုးသွမ်းလာသည်ကိုတွေ့ရသည်။ လူငယ်ဒါဝိဒ်သည် ဖိလိတ္တိလူ ဂေါလျက်ကို ဆန့်ကျင် ရပ်တည်လာခြင်းသည် ပြောင်းလဲခြင်း၏အစကို မြင်တွေ့လာ ရသည်။ ဒါဝိဒ်သည် ရန်သူများစွာကို အနိုင်ယူကာ ဣသရေလလူမျိုးများအတွက် အောင်ပွဲကို ရယူပေးခဲ့ပြီး၊ ဣသရေလနိုင်ငံသည် တန်ခိုးကြီးသောနိုင်ငံဖြစ်လာခဲ့သည်။ မောရှေပြီးနောက် နှစ်ပေါင်း ၄၀၀ ခန့်တွင် ဘုရားသခင်၏သစ္စာရှိခြင်းအကြောင်းကိုရေးသားရန် ဒါဝိဒ်နှင့် အခြား သူတို့ကို ၄င်းက နှိုးဆော်ပေးခဲ့သည်။ "ထာဝရဘုရားအား အသစ်သောသီချင်းကို ဆိုကြလော့။ အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူပြီ။ လက်ျာလက်တော်နှင့် သန့်ရှင်းသောလက်ရုံးတော်သည် ကိုယ်တော်အဘို့ ကယ်တင်ခြင်း၊ အမှုကိုပြုလေပြီ။ ထာဝရဘုရားသည် ကယ်တင်တော်မူခြင်းကျေးဇူးကို ထင်ရှားစေ၍၊ ဖြောင့်မတ်တော်မူခြင်းတရားကိုလည်း တပါးအမျိုးသားတို့အား ဘော်ပြတော်မူပြီ။ ဣသရေလအမျိုးသားတို့၌ ကရုဏာတော်နှင့် သစ္စာတော်ကို အောက်မေ့တော်မူပြီ။ ငါတို့ဘုရားသခင်၏ ကယ်တင်တော်မူခြင်းကျေးဇူးကို မြေကြီးစွန်း အပေါင်းတို့သည် မြင်ရကြပြီ။" (ဆာလံ ၉၈: ၁-၃)။

- ဆာလံ ၁၀၅ တွင် ဆာလံဆရာက အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ပေးတော်မူသောဂတိတော်ကို စောင့်တော်မူသည့်အကြောင်းကို ရေးသားထားသည်။ "ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ နာမတော်ကို ပဋ္ဌနာပြုကြလော့။ အမှုတော်တို့ကို လူများတို့အား ပြသကြလော့။ ထာဝရဘုရားကို သီချင်းဆိုကြလော့။ ဆာလံသီချင်းကို ဆိုကြလော့။ အံ့ဘွယ်သောအမှုတော်အပေါင်းတို့ကို ဟောပြောကြလော့။.... မိမိလူတို့ကို ရွှေငွေပါလျက် ထုတ် ဆောင်တော်မူ၍၊ သူတို့အစုစု၌ အားနည်းသော သူတယောက်မျှမရှိ။ အဲဂုတ္တုပြည်သည် သူတို့ကို ကြောက်သော ကြောင့်၊ သူတို့သည် ထွက်သွားသောအခါ တပြည်လုံး ဝမ်းမြောက်၏။ သူ တို့အပေါ်မှာ မိုဃ်းတိမ်ကိုဖြန့်မိုး၍၊ ညဥ့်အခါ လင်းစရာဘို့ မီးကိုပေးတော်မူ၏။ သူတို့သည် တောင်းသောအခါ ငုံးများကို ဆောင်ခဲ့တော်မူ၍၊ သူတို့ကို ကောင်းကင်မုန့်နှင့်ရောင့်ရဲ စေတော်မူ၏။ ကျောက်ကိုလည်း ဖွင့်လှစ်တော်မူသဖြင့်၊ ရေသည်ထွက်၍ သွေ့ခြောက်သောအရပ်၌ မြစ်ကဲ့သို့စီးသွားလေ၏။ အကြောင်းမူကား၊ မိမိကျွန် အာဗြဟံ၌ ထားခဲ့ဘူးသောသန့်ရှင်းသောဂတိတော်ကို အောက်မေ့တော်မူ၏။" (ဆာလံ ၁၀၅)

ဆာလံဆရာက အဲဂုတ္တုပြည်၌ ယောသပ်၊ ယာကုပ်နှင့် မောရှေတို့နဲ့အတူ လုပ်ဆာင်ခဲ့သော အရာများ၊ ကပ်ရောဂါဘေးနှင့်အဲဂုတ္တုပြည်မှခါနန်ပြည်သို့လူတို့ကို ခေါ်ဆောင်သွားသည့် သမိုင်းကြောင်းများကို ရေးသားဖော်ပြထားသည်။ (ဆာလံ ၁၀၅:၁-၄၅)။ ရာဇဝင်ချုပ်ပထမစောင် ၁၆:၁၂-၂၂ တွင် လည်း ဤအပိုင်းအနည်းငယ်ကိုရေးသားထားသည်။

- ရှင်ဘုရင်ခေတ်ကာလတွင် ဣသရေလလူတို့သည် ဘုရားသခင်ကို မေ့လျော့ခဲ့ကြသော်လည်း ဘုရားသခင်သည် သူ့ဂတိတော်ကို တည်ခဲ့သည်။ "ထာဝရဘုရားသည် သူတို့ကို သနားစုံမက်၍ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့် ဖွဲ့တော်မူခဲ့သော ပဋိညာဉ်ကို အောက်မေ့လျက် သူတို့ကို မဖျက်ဆီး၊ အထံတော်မှ မနှင်ထုတ်သေးဘဲ ကြည့်ရှုပြုစုတော်မူ၏။" (၄ ရာ ၁၃:၂၃)။

## ဘုရားသခင်ကို ကျောခိုင်းပါက ဣသရေလမျိုးဆက်မှ ဖယ်ရှားမည်ဟု ဘုရားသခင် သတိပေးခဲ့သည်

- ဘုရားသခင်သည် ဣသရေလမျိုးဆက် (မောရှေခေတ်က ၁၀ သိန်းကျော်) ကို ခါနန်ပြည်သို့ ပြန်လည် ခေါ်ဆောင်ခဲ့ပြီး၊ ဘုရားသခင်ကို ကျောခိုင်းမိပါက ဣသရေလမျိုးဆက်မှ ဖယ်ရှားမည်ဟု သတိပေးခဲ့ သည်။ ဤ ပြင်းထန်သော သတိပေးချက် တည်နေရာများကို အောက်တွင် ရေးသားထားပါသည်။
- ဣသရေလလူတို့ကို သူတို့၏ ပြည်မှ ဖယ်ရှားမည်။ (ဝတ် ၂၆:၃၃-၃၈)။
- ဣသရေလလူတို့သည် ဘုရားစကားနားမထောင်သောကြောင့် သူတို့၏ ပြည်မှဖယ်ရှားခံရပြီး၊ မိမိတို့အ ပြစ်ကြောင့် အခြားနိုင်ငံများတွင် ဆင်းရဲဒုက္ခခံရမည်။(တရား ၂၈:၄၉-၆၈)
- ဣသရေလလူတို့သည် ဘုရားစကားနားမထောင်သောကြောင့် နိုင်ငံတိုင်း၌ ပုံ့ကြဲရလိမ့်မည်။ (ယေရမိ ၉:၁၃-၁၆၊ ယေဇကျေလ ၂၀:၂၃-၂၄၊ ၃၆:၁၉-၂၁)။

## ခါနန်ပြည်မှ ဒုတိယအကြိမ် နှင်ထုတ်ခြင်း

- အာရှုရိပြည်မှ ဣသရေလနိုင်ငံ မြောက်ပိုင်းကို ဝင်ရောက်သိမ်းပိုက်သည့်အချိန် ဘီစီ ၇၂၂ တွင် ပြည် တော်မှ နှင်ထုတ်မည့်အကြောင်း ကတိတော်ပြည့်စုံခဲ့သည်။ (၄ ရာဇဝင် ၁၇)။
- ဗာဗုလုန်နိုင်ငံက ဘီစီ ၅၈၆ တွင် သိမ်းပိုက်ပြီး ကျန်ရှိသောဣသရေလနိုင်ငံ တောင်ပိုင်းကို နှင်ထုတ်ဖယ် ရှားခဲ့သည်။ (၄ ရာ ၂၅၊ ၆ ရာ ၃၆:၂၀-၂၁)။

## ဣသရေလလူတို့သည် ကတိတော်ပြည်သို့ ပြန်လာမည်ဟု ဘုရားသခင် ကတိပေးခဲ့သည်

ဘုရားသခင်သည် ပြည်တော်မှ ဣသရေလလူတို့ကို နှင်ထုတ်သည့်အချိန် လူများစွာကို ဖျက်ဆီးခဲ့ပြီး၊ အာဗြဟံအား ပေးထားသော ကတိတော်ကိုစောင့်ထိန်းကာ သူတို့ ပြန်သွားမည့်အကြောင်းကိုလည်း ကတိပေးခဲ့ သည်။

- ဘုရားသခင်သည် သူတို့ကို နှင်ထုတ်ပြီးနောက် ပြည်တော်သို့ ပြန်လာမည့်အကြောင်း ကတိပေးခဲ့သည်။ (တရား ၃၀:၃-၅)
- ဟေရှာယ ၄၃:၅-၆၊ ၄၉:၁-၂၃
- ယေရမိ ၁၆:၁၄-၁၅
- ယေဇကျေလ ၂၈:၂၅-၂၆၊ ၃၄:၁၃၊ ၃၇:၁၀-၁၄၊ ၂၁-၂၂
- အာမုတ် ၉:၁၄-၁၅
- ဣသရေလလူတို့သည် သူတို့၏ ပြည်သို့ပြန်သွားပြီး နိုင်ငံကို ပြန်လည် တည်ဆောက်မည်။ (ယောလ ၃: ၆၊ ၂၀)

ဤပရောဖက်ပြုချက်များသည် ကျမ်းစာရေးသားပြီးနောက် ***ဆက်လက်ပြည့်စုံခဲ့ပြီး၊ ယနေ့ထိဆက်လက် ပြည့်စုံဆဲဖြစ်*** သည်။ ဤကဲ့သို့သော သဘာဝလွန်လက်ရာတော်၊ ဉာဏ်ပညာကြီးမြတ်သောဘုရားသခင်တစ်ပါးတည်းကသာ ကမ္ဘာကြီးကို ထိန်းချုပ်ခြင်းဖြစ်သည်။

### ဒုတိယအကြိမ် ကတိတော်ပြည်သို့ ပြန်လာခြင်း

အာရှုရိပြည်နှင့် ဗာဗုလုန်လူတို့က ဣသရေလလူတို့ကို ခါနန်ပြည်မှ နှင်ထုတ်ပြီးနောက်၊ ၎င်းတို့၏ အပြန်ခရီးမှာ အလွန်နှေးကွေးခဲ့ရသည်။ ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့ အားပေးထားသောကတိတော်ပြည်သို့ဣသရေလတို့၏ ဒုတိယအကြိမ်ပြန်လာခြင်းအကြောင်းနဲ့ဆက်စပ်သောအဖြစ်အပျက်ကို သမ္မာကျမ်းစာရှိ ဧဇရမှတ်စာနှင့် နေဟမိမှတ်စာတွင် ရှင်းပြထားသည်။

- ဘီစီ ၅၃၈ တွင် ဗာဗုလုန်နိုင်ငံကို အနိုင်ယူခဲ့သော ပါရှားနိုင်ငံက ဣသရေလလူမျိုးများကို မိမိတို့၏ ပြည်သို့ ပြန်လာခွင့်ပြုခဲ့သည်။
- ဘီစီ ၅၁၆ တွင် ဗိမာန်တော် ပြန်လည်တည်ဆောက်ပြီးခဲ့သည်။
- ဘီစီ ၄၄၅ တွင် နေဟမိသည် ယေရုရှလင်မြို့သို့ ပြန်လာပြီး မြို့ရိုးများကို ပြန်လည်တည်ဆောက်ခဲ့သည်။
- ဘီစီ ၀ ယေရှု၏ အချိန်ကာလ၌ ဂျူးလူမျိုးများစွာတို့သည် ကတိတော်ပြည်တွင်နေထိုင်ခဲ့ကြသော်လည်း ရောမအင်ပါယာ၏ အုပ်ချုပ်မှုအောက်တွင်ရှိကြသည်။

### တတိယအကြိမ် ကတိတော်ပြည်မှ နှင်ထုတ်ခြင်း

အေဒီ ၆၆ – ၇၀ တွင် "အေဒီ ၆၆ ခု၊ ရောမနိုင်ငံကို ဆန့်ကျင်သော လူထုအရေးအခင်းနှင့် ယေရုရှလင်မြို့၏ ဝိုင်းဝန်းဖျက်ဆီးမှုသည် ဂျူးသမိုင်းအတွက်အရေးပါပြီး ကြောက်မက်ဖွယ်အဖြစ်ဆုံးဖြစ် ရပ်များထဲမှတစ်ခုဖြစ်သည်။" (Paul Johnson, *A History of the Jews,* Harper Perennial, New York, 1988. Print, p 137.))။ ကဲသရီမြို့၊ အန္တိအုတ်မြို့နှင့် ရောမမြို့များတွင် လူတို့သည် ကျွန်အဖြစ် ရောင်းစားခံရခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းကို ခံခဲ့ကြသည်။

- အေဒီ ၆၆-၇၀ ဝန်းကျင်တွင် တာစီဒပ်ဆိုသူက ၁,၁၉၇,၀၀၀ သော ဂျူးလူမျိုးများသည် သတ်ဖြတ်ခံရခြင်း၊ ကျွန်အဖြစ်ရောင်းစားခြင်းကို ခံရပြီး၊ ရောမလူတို့အားဖြင့် ယေရုရှလင်မြို့လည်း ပျက်စီးခဲ့ကြောင်း ရေးသားခဲ့ပါသည်။ ဗိမာန်တော်လည်းဖျက်ဆီးခဲ့ပြီး မြို့ရိုးများလည်း တစစီကျိုးပဲ့ကာပျက်စီးခဲ့သည်။ ဂျူးလူမျိုးတို့၏ မြို့၊ ရွာပေါင်း ၉၈၅ ဖျက်ဆီးခံခဲ့ရသည်။ ယုဒပြည် တစ်ခုလုံးနီးပါး ယိုယွင်းပျက်စီးခဲ့သည်။ ရောမလူတို့သည် ယေရုရှလင် ပတ်ဝန်းကျင်ရှိ မြို့၊ ရွာများလုံးလုံးပျက်စီးကာ ဂျူးပြည်နယ်သည်လည်း

အေဒီ ၁၃၅ ၌ အဆုံးသတ်ခဲ့သည်။ ကျွန်အ ဖြစ်ဖမ်းဆီးခံရသော ဂျူးလူမျိုးများသည် ကမ္ဘာအနှံ့ပြန့်ကျဲကြသော်လည်းမိမိတို့လူမျိုး၏ ဂုဏ် ကို အမြဲထိန်းသိမ်းခဲ့ကြသည်။

## တတိယအကြိမ် ကတိတော်ပြည်သို့ ပြန်လာခြင်း

ဒုတိယကမ္ဘာစစ်အတွင်း နာဇီများ၏ လက်အောက်တွင် ဥရောပရှိ ဂျူးလူမျိုးများစွာတို့သည် ဒုက္ခပေါင်းမျိုးစုံ ကြုံတွေ့ခဲ့ရသည်။ ထိုနောက်ကမ္ဘာ့နိုင်ငံအများအပြားက ဂရုဏာသင့်ကာ ပါလက်စတိုင်းပြည် (ခါနန်) ကို သူတို့၏ မြေဖြစ်စေရန်ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းသည် ထိုနိုင်ငံ၌ အသက်ရှင်သော အာရတ်ပါလက်စတိုင်းလူမျိုးများ၏ ထောက်ခံမှုမပါခဲ့ပေ။ ၁၉၄၈ ခုနှစ်တွင် ဣသရေလလူတို့ ရှင်သန်ရပ်တည်ခဲ့သည့်ဇတ်လမ်းသည်သမ္မာကျမ်းစာရှိဒါဝိဒ်နှင့် ဂေါလျက်တို့ဇတ်လမ်းနှင့်တူညီသော နိမိတ်လက္ခဏာရှိခဲ့သည်။

အေဒီ ၁၉၄၈ တွင် ကုလသမဂ္ဂက ခါနန် (ပါလက်စတိုင်း) ပြည်ကို ဣသရေလနိုင်ငံအဖြစ်ပြန်ပေးပြီး ဂျူးလူမျိုးများစွာတို့ကို မိမိတိုင်းပြည်သို့ ပြန်လာနိုင်အောင် ကူညီပေးခဲ့သည်။ ၁၉၄၈ ခုနှစ် မေလ ၁၄ ရက်တွင် ဣသရေလနိုင်ငံကို လွတ်လပ်သောနိုင်ငံအဖြစ် သတ်မှတ်ခဲ့သည်။ ထိုနေ့တွင် ဣသရေလနိုင်ငံအသစ်ကို ဖျက်ဆီးရန် အီဂျစ်၊ လက်ဘနွန်၊ ဆီးရီးယားနှင့် အီရတ်စစ်တပ်များက ဆန့်ကျင် တိုက်ခိုက်ခဲ့ကြသည်။ နိုင်ငံများစွာတို့က ဣသရေလနိုင်ငံသည် ဆက်လက်ရပ်တည်နိုင်ခွင့်ရှိတော့ မည်မဟုတ်၊ နိုင်ငံကြီးလေးနိုင်ငံက တိုက်ခိုက်သည့်အတွက် မိမိအစိုးရအဖွဲ့ကိုလည်း ပြန်လည်တည် ဆောက်နိုင်တော့မည်မဟုတ်ဟု စဉ်းစားခဲ့ကြသည်။ ကိုးလအကြာ ၁၉၄၉ ဖေဖော်ဝါရီလတွင် အီဂျစ်နိုင်ငံက ဣသရေလနိုင်ငံနှင့် ငြိမ်းချမ်းရေးသဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ များမကြာမီ လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံကလည်း ငြိမ်းချမ်းရေးသဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ အီရတ်ကလည်း မိမိစစ်တပ်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ ("Israel and the 1948 war," historylearningsite.co.uk)

၁၉၆၇ ခုနှစ်တွင် အီဂျစ်သမ္မတ နာဆာက နယ်စပ်နိုင်ငံများဖြစ်သော အီဂျစ်၊ ဆီးရီးယားနှင့် ယော်ဒန်နိုင်ငံများက ဣသရေလနိုင်ငံကို ဖျက်ဆီးမည်ဟု ရေဒီယိုမှ တဆင့် ကြေညာခဲ့သည်။။ ကြေညာပြီးချင်း ၁၉၆၇ ခုနှစ်၊ ဇွန်လတွင် အီဂျစ်၊ ဆီးရီးယားနှင့် ယော်ဒန်တို့သည် ဣသရေလနယ်စပ်များသို့ တင့်ကားများ၊ စစ်သားများကို ပြောင်းရွှေ့ခဲ့ကြသည်။ သို့သော်လည်း အစ္စရေးက လက်ဦးတိုက်ခိုက်ခဲ့ ပြီး ခြောက်ရက်အတွင်း တိုင်းပြည်အားလုံးကို အောင်မြင်စွာကာကွယ်နိုင်ခဲ့သည်။ ဘယ်အာရတ်နိုင်ငံကမှ ပြန်လည်ခုခံနိုင်ခြင်းမရှိပေ။ ဘုရားသခင်သည် အာဗြဟံအား ခါနန်ပြည်ကို ထာဝရအမွေအဖြစ် ပေးမည့်အကြောင်းကတိပေးခဲ့သည်။ "ငါသည်သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ ဘုရားဖြစ်မည်ဟု၊ သင်နှင့်သင်၏အမျိုးအနွယ် အစဉ်အဆက်တို့၌၊ ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်။ သင်သည် ယခု ဧည့်သည်ဖြစ်၍ နေသောပြည်တည်းဟူသော၊ ခါနာန်ပြည်တရှောက်လုံးကို၊ သင် အားငင်း၊ သင့်နောက်၌ သင်၏ အမျိုးအနွယ်အားငင်း၊ အစဉ်အမြဲအပိုင်ပေးမည်။ သူတို့၏ဘုရားလည်း ငါဖြစ်မည်ဟု မိန့်မြွက်တော်မူ၏။" (ကမ္ဘာ ၁၇:၇-၈)။ ဘုရားသခင်သည် မိမိအား နာခံခြင်းမရှိပါက ပြည်တော်မှ ထုတ်ခြင်းခံရမည်အကြောင်းကိုလည်း မောရှေအားဖြင့် သတိပေးမိန့်တော်မူခဲ့သည်။ (တရား ၂၈:၁၅-၆၈)။ ၎င်းသည် သမိုင်း၌ဖြစ်ပျက်ခဲ့သော အမှန်တရားပင်ဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် အခြားမည်သည့်နိုင်ငံမျှ မိမိ၏မြေကနေ ပျောက်ကွယ်ပြီးနောက် ထပ်မံပြန်လာ၍ တူညီသော အမည်ဖြင့် ပြန်လည်ဖွဲ့စည်း နိုင်သောနိုင်ငံဟူ၍ မရှိခဲ့ပါ။ သို့သော် ဣသရေလနိုင်ငံတွင်မူ ဤအရာသည် သုံးကြိမ်တိုင် ဖြစ်ခဲ့ဖူးသည်။ ထိုသို့ ဖြစ်ရခြင်းသည် ဘုရားသခင်၏ ကြိုတင်မိန့်တော်မူချက်များနှင့် ကတိတော်များကြောင့်ဖြစ်သည်။

**ဣသရေလမျိုးဆက်များအားဖြင့် ကမ္ဘာပေါ်ရှိ လူတိုင်း ကောင်းချီးခံရမည်**

ဘုရားသခင်က အာဗြဟံအား “သင့်ကို ကောင်းကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။” ဟု ကတိပြုသည်။ (ကမ္ဘာ ၁၂:၃)။ ဣသရေလနိုင်ငံသည် အားနည်းချက် မကောင်းမှုများစွာကို ပြုသော်လည်း ထိုမပြည့်စုံသောနိုင်ငံကို ဘုရားသခင်သည် ကမ္ဘာကြီးအတွက် ကောင်းချီးမင်္ဂလာယူဆောင်လာသော တန်ဆာပလာအဖြစ် အသုံးပြုခဲ့သည်။ ဣသရေ လလူမျိုးများအားဖြင့် ကမ္ဘာပေါ်ရှိ လူတိုင်းကောင်းချီးခံခဲ့ရသည့်အကြောင်းနှင့် ဆက်လက်ကောင်းချီး ခံစားရမည့်အကြောင်းကို အောက်ပါနည်းလမ်းများကဖော်ပြသည်။

- **လူသားအားလုံး၏ ကယ်တင်ရှင်** – ဘုရားသခင်သည် ဣသရေလလူမျိုးထဲတွင် သားတော် ယေရှုခရစ်မွေးဖွားလာရန် ပြင်ဆင်ပေးခဲ့သည်။ ဣသရေလမျိုးဆက်များအတွက် ဘုရားသ ခင်၏ အခြားသောအကြံအစည်တော်ထဲတွင် လောကကို ကယ်တင်ရှင်အဖြစ် သားတော်ကို စေလွှတ်ပေးခဲ့သည်။ ဘုရားသခင်ကောင်းကြီးမင်္ဂလာ၏ ပထမ ကတိတော်သည် ဣသရေလ လူမျိုးများနှင့်လောကအတွက် ကယ်တင်ရှင်စေလွှတ်မည့်အကြောင်းကို ဘုရားသခင်သည် ဆက်လက် ရှင်းပြပေးခဲ့သည်။ ဤအချက်အလက်ဖော်ပြချက်များသည် ဣသရေလလူမျိုးများအတွက်သာဖြစ်သော်လည်း ယေရှုကြွလာပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် (မေရှိယ) ယေရှုခရစ်တော်သည် လောကလူသားအားလုံးအတွက်လည်း ကယ်တင်ရှင်ဖြစ် တော်မူသည်ကို ရှင်းလင်းစွာ ဖော်ပြထားကိုတွေ့ရသည်။ (တမန် ၁၀:၁-၄၈၊ ရောမ ၄:၁-၂၅)။ (အောက်ပါ “ဘုရားသခင်၏ သိုးသငယ်တော် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်သည် မိမိကိုယ်ကို ဖော်ပြခဲ့သည်” အခန်းတွင် ပို၍ ရှင်းပြထားပါသည်။)
- **အသက်ရှင်ခြင်းအတွက် လမ်းညွှန်ချက်များ** – လူသားများအသက်ရှင်ရန်အတွက် အခြေခံလမ်း ညွှန်ချက်များဖြစ်သော ပညတ်တော် ၁၀ ပါးကို ဣသရေလလူတို့အားပေးခဲ့သည်။ (ထွက် ၂၀)။ ပထမ ပညတ်ချက် ၄ ခုသည် ဘုရားသခင်နှင့် လူတို့အကြား အချင်းချင်း ဆက်သွယ်ရန် လမ်း ညွှန်ချက်ဖြစ်ပြီး၊ နောက်ဆုံး ၆ ချက်သည် လူလူချင်းအကြား ဆက်သွယ်ရန် လမ်းညွှန်ချက်ဖြစ်သည်။ **သမ္မာကျမ်းစာ** – နှစ်ပေါင်း ၂၀၀၀ ကျော်က စာရေးသူ ၄၀ ခန့်က စုစည်းရေးသားခဲ့သော ၆၆ အုပ်ဖြစ်သည်။ စာရေးသူအများစုသည် ဣသရေလမျိုးဆက်များ ဖြစ်ကြသည်။ သမ္မာကျမ်းစာသည် လောကကြီးအတွက် ဘုရားသခင် ရေးသားထားသောအခြေခံဗျာဒိတ်တော်ဖြစ်သည်။ ဆာလံကျမ်းသည် လူတို့အတွက် ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်မှုကြီးထွားရန် အကောင်းဆုံးသော ဥပမာတစ်ခုဖြစ်သည်။ ဆာလံသီချင်းအများစုသည် နှလုံးသားမှ ရေးဖွဲ့ထားသောကဗျာဖြစ်ပြီး၊ သံစဉ်နှင့်ဂီတအားဖြင့် ပေါင်းစပ်သီဆိုထားသော သီချင်းဖြစ်သည်။ ဓမ္မာဟောင်းကျမ်း၌ ဣသရေလလူတို့သည် ဘုရားသခင်နှင့် မည်ကဲ့သို့ အသက်ရှင်ရမည်စသည့် ကျင့်သုံးလိုက်လျှောက်ရမည့် အခြေခံအချက်အလက်များကိုလည်း ဖော်ပြထားသည်။ ဤသမိုင်းအကြောင်းအရာများကိုဓမ္မာဟောင်းကျမ်း တစ်လျှောက်တွင်တွေ့ရပါသည်။ သုတ္တံကျမ်းသည် လောကတွင် နေ့စဉ်အသက်တာ၌ လက်တွေ့လုပ်ဆောင်ရမည့် အခြေခံနိယာမများကို စုစည်းထားသော ကျမ်းဖြစ်သည်။
- **ကိုးကွယ်ခြင်းအတွက် လမ်းညွှန်ချက်များ** – မောရှေသည်ဣသရေလလူတို့ကို ဦးဆောင်သည့်အခါ တဲတော်တည်းဟူသော ကိုးကွယ်ရမည့် နေရာအတိအကျကို ဘုရားသခင်ပေးခဲ့သည်။ ဤလမ်းညွှန်ချက်များသည် ဘုရားသခင်ကို ကိုးကွယ်ရာတွင် အခြေခံသဘောတရားများကို နားလည်ရန် ကူညီပေးသောအရာများဖြစ်ကြသည်။ နေရာတိုင်းတွင်ဘုရားသခင်ကို ကိုးကွယ် ရာ၌ လူတို့ကိုကူညီပေးရန် ယေရှု၏အဖြစ်တော်နှင့် လုပ်ဆောင်ခဲ့သောအရာများအတွက် စံန မူနာများကိုလည်း ပေးထားပါသည်။

# အခြားသောအကြံအစည်တော်
# ဘုရားသခင်၏ သိုးသငယ်တော် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်သည် မိမိကိုယ်ကို ဖော်ပြသည်

ကမ္ဘာဦးကျမ်း ၃:၁၅ တွင် ဘုရားသခင်သည် မြွေ (စာတန်) ကို ဤသို့ မိန့်တော်မူခဲ့သည်။ "သင် နှင့် မိန်းမ ကိုငှင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုငှင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူ သည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။" လူသားတစ်ဦး (ဘုရားသခင်၏ သားတော်) ဖြစ်လာရန် ဘုရားသခင်၏ အကြံအစည်တော်ကို ဤနေရာတွင် ပထမဆုံးဖော်ပြထားသည်ကိုတွေ့ရ သည်။ ယင်းသည် ပြန်လည်သင့်မြတ်ခြင်းအတွက် ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်၏ အစဖြစ် ပြီး လူသားဖြစ်သော ယေရှုခရစ်တော်အားဖြင့် ပြန်လည်သင့်မြတ်ခြင်းကို လုပ်ဆောင်ရန် ဘုရားသခင်၏ အခြား သောအကြံအစည်တော်လည်း ဖြစ်ပါသည်။ အပြစ်တရား၏ အခကားသေခြင်း ဖြစ်သောကြောင့် (ရောမ ၆း၂၃)၊ ကျွန်ုပ်တို့ကိုယ်စား စုံလင်သောပုဂ္ဂိုလ်တစ်ဦးကသာ အစားထိုးရန် နည်းလမ်းတစ်ခုတည်းရှိသည်။ တစ်စုံတစ်ဦး ၏ အပြစ်အတွက် လူသားအဖြစ်အသက်ရှင်သော ဘုရားသခင်၏သားတော် တစ်ပါးတည်းကသာ ထိုအစားထိုး ကယ်တင်ရန် သင့်လျော်သူဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ သိုးသငယ်တော်အဖြစ်ခေါ်ခြင်းဖြစ်ပြီး၊ ထို ပုံ ဆောင်ချက်လက္ခဏာကို ကမ္ဘာဦးကျမ်းတွင် ပထမဆုံးဖော်ပြအသုံးပြုပြီး၊ ဗျာဒိတ်ကျမ်းတွင်လည်း အသုံးပြုထား သည်ကိုတွေ့ရသည်။

သိုးသငယ်တော်၏ အရေးကြီးသောပုံဆောင်ချက်သင်္ကေတကို သမ္မာကျမ်းစာတွင်ဖော်ပြထားသည်ကို တွေ့ရသည်။ ယေရှုခရစ်တော်သည် မိမိအပြစ်အတွက် အစားထိုးပေးဆပ်သောသူအဖြစ် လက်ခံသူတိုင်းသည်ဘု ရားသခင်ရှေ့၌ ဖြောင့်မတ်သောသူဖြစ်ပြီး၊ စာတန်၏လက်ထဲသေခြင်းမှလည်း လွတ်မြောက်ခြင်းခံရမည်ဖြစ် သည်။ ဤအကြောင်းအရာကို ၁ ပေတရု ၁:၁၇-၂၁ တွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ပြန်လည်သင့်မြတ် ခြင်း၏ ကြီးမြတ်သော ဘုရားသခင်အကြံအစည်တော်သည် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏ သိုးသငယ် တော်အဖြစ် လူသားတစ်ဦးဖြစ်တည်လာခြင်း သည် ဘုရားသခင်၏ အခြားသောအကြံအစည်တော်၏ အရေးကြီး အချို့ကို အောက်တွင်ဖော်ပြထား ပါသည်။

၁။ ဘုရားသခင်သည် အာဗြဟံအား ပုံမှန်လုပ်လေ့မရှိသောအရာကို လုပ်ဆောင်ရန်တောင်းဆိုခဲ့သည်။ ဘုရားသခင်က သုံးရက်ခရီးလျှောက်ကာ မိမိသားကိုပူဇော်ရန် အာဗြဟံအား မိန့်တော်မူခဲ့ သည်။ "သင်သည် အ လွန်ချစ်သော တယောက်တည်းသော သားဣဇာက်ကိုယူ၍ မောရိပြည်သို့ သွားလော့။ ငါပြလတံ့သော တောင် ပေါ်မှာ သူကိုမီးရှို့ရာ ယဇ်ပြု၍ ပူဇော်လော့ဟု မိန့်တော်မူ၏။" (ကမ္ဘာ ၂၂:၂)။ ထိုနေရာသည် နောက်တွင် ယေရှုခ ရစ်တော် အသေခံသောနေရာဖြစ်လာသည်။ "ယေရုရှလင် မြို့တွင်၊ မောရိတောင်ပေါ်မှာ ခမည်းတော်ဒါဝိဒ်အား ထာဝရဘုရား ထင်ရှားတော်မူရာအရပ်၊ ယေဗုသိ လူအရောန၏ ကောက်နယ်တလင်းကို ဒါဝိဒ်ပြင်ဆင်ခဲ့ပြီးသော အရပ်၌ ရှောလမုန်သည် နန်းစံလေး နှစ်၊ ဒုတိယလ၊ နှစ်ရက်နေ့တွင် ထာဝရဘုရား၏အိမ်တော်ကို တည်စပြု တော်မူ၏။" (၆ ရာ ၃:၁)။ ထိုနေရာ၌ ဘုရားသခင်သည် သားဣဇက်အစား သိုးတစ်ကောင်ကိုပေး၍ အသေခံ ပေးခဲ့သည် (ကမ္ဘာ ၂၂:၁-၁၉)။ ဘုရားသခင်၏ သိုးသငယ်တော် ယေရှုခရစ်တော်သည် လူသားအားလုံး သေရမည့် နေရာတွင် အသေခံပေးသည့် အကြီးမားဆုံးသော သင်္ကေတဖြစ်သည်။

၂။ မောရှေ (ဣသရေလမျိုးဆက်) သည် ဣသရေလလူမျိုးများကို ကျွန်ဘဝမှ လွတ်စေ၍ ကတိထား တော်မူသောပြည်တော်သို့ ဝင်စားရန်အတွက် ဘုရားသခင်က အသုံးပြုသည်။ အိမ်တစ်လုံးကို သေမင်းက ဖြတ်

ကျော်ရန်အတွက် လိုအပ်သောသိုးသငယ်အသွေးတည်းဟူသောပသခါပွဲကို မောရှေက စတင်လုပ်ဆောင်ခဲ့သည်။ ပသခါပွဲသည် နှစ်စဉ်ပြုလုပ်သော အခမ်းအနားတစ်ခုဖြစ်လာခဲ့သည်။ (ထွက် ၁၁: ၁ – ၁၂:၁၇၊ ၁၂:၂၉-၃၃)။

၃။ ဘုရားသခင်က တဲတော်သည် သူနှင့်တွေ့ဆုံရန်နှင့် ကိုးကွယ်ရန်နေရာအဖြစ် ရည်ရွယ်ဖန် ဆင်းပေးခဲ့သည်။ (ထွက် ၂၅:၈-၉၊ ၃၃:၇-၁၁)။ သိုးသငယ်နှင့် သိုးတို့ကို တဲတော်၌ ယစ်ပူဇော်ရန် အ တွက် ဖြစ်ပြီး အပြစ်၏ အခပေးဆပ်ခြင်းကိုလည်း ကိုယ်စားပြုသည်။ (တော ၂၈-၂၉၊ ထွက် ၂၅:၈-၉၊ ၂၉:၃၈-၄၆၊ ဟေဗြဲ ၉း၁-၂၈)။

၄။ ဘုရားသခင်သည် ဟေရှာယအား လာမည့်အနာဂတ်တွင် ဒုက္ခဆင်းရဲခံမည့် ထူးခြားသော အစေခံ ကျွန်တစ်ဦးအကြောင်းကို ဖွင့်ပြခဲ့သည်။ (ဟေရှာယ ၅၂:၁၃ – ၅၃:၁၂)။ ဤအစေခံကျွန်သည် လူတို့၏အပြစ်များ ကြောင့်အသေခံမည်အကြောင်းဖော်ပြထားပါသည်။ "ထိုသူသည် ငါတို့လွန်ကျူး ခြင်းအပြစ်များကြောင့်၊ နာကျင် စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်း သာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အ ပေါ်သို့ ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့ ၏ အပြစ်များကို သူ့အပေါ်၌ တင် တော်မူ၏။" (ဟေရှာယ ၅၂:၅-၆၊ ၁၁၊ ၁၂)။ ဘုရားသခင်သည် ဟေရှာယအား ဤသို့ဖွင့်ပြခဲ့သည်။ "ထို သူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါ ဆောင်သွား သောသိုးသငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့ သို့၊ သူသည် နှုတ်ကို မဖွင့်ဘဲနေ၏။" (ဟေရှာယ ၅၂:၇)။

၅။ ယောဟန်သည် ယေရှုနှင့်အတူအသက်ရှင်ခဲ့ပြီး၊ ယေရှုမတိုင်မီ သာသနာလုပ်ငန်းကိုလုပ် ဆောင်ခဲ့ သည်။ ယောဟန်သည် လူတို့အား ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့ဟု ယေရှုကို ရည် ညွှန်းပြီးမိန့်တော်မူ ခဲ့သည်။ "နက်ဖြန်နေ့၌ ယေရှုကြွလာတော်မူသည်ကို ယောဟန်သည်မြင်လျှင်၊ ဤလောက၏ အပြစ်ကို ဆောင် သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့။ ငါမရှိမီရှိနှင့်သည်ဖြစ်၍၊ ငါ့ထက်သာ၍ ကြီးမြတ်သောသူ သည် ငါ့နောက်ကြွလာသည်ဟု ငါဆိုရာ၌၊ ထိုသူကို ဆိုလို၏။ အစကထိုသူကိုငါမသိ။ သို့သော်လည်း ထိုသူကို ဣ သရေလလူတို့အား ထင်ရှားစေခြင်းငှါ ငါသည် ရေ၌ ဗတ္တိဇံကိုပေးလျက်လာ၏။" (ယောဟန် ၁:၂၉-၃၁)။

၆။ ယေရှုခရစ်တော်သည် လူသားစင်စစ်ဖြစ်သော်လည်း ငါသည် ဘုရားဖြစ်သည် ဟုဆိုခဲ့သည်။ (ယော ဟန် ၁၀:၂၂-၃၃)။ အပြစ်၏ အကြွေးကို ပေးဆပ်ခြင်းသည် ယေရှု၏ အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း မိန့်တော်မူ ခဲ့သည်။ (မာကု ၁၀:၄၅)။ ပသခါပွဲတွင် ယေရှုက ဤခွက်သည် သိုးသငယ်တော်၏ အသွေးမဟုတ်ဘဲ သူ၏ အ သွေးတော်ကို ပုံဆောင်သည်ဟု မိန့်တော်မူခဲ့သည်။ "ထိုနည်းတူ ညစာစားပြီးမှ ခွက်ကိုလည်းယူ၍၊ ဤခွက်ကား သင်တို့အဘို့အလိုငှါ သွန်းသော ငါ၏အသွေး၌ တည်သော ပဋိညာဉ်တရား သစ်ဖြစ်၏။" (လုကာ ၂၂း၂၀)။

၇။ ပသခါသိုးသငယ်တော်ကို ယစ်ပူဇော်သကဲ့သို့ ယေရှုခရစ်တော်သည် အသေသတ်ခြင်းကို ခံရသည်။ သူ့တပည့်တော်များက ယေရှုသည် ကျွန်ုပ်တို့အတွက် ပူဇော်သော **ပသခါ သိုးသငယ်တော်** အဖြစ် ရည်ညွှန်းထား သည်။ (လုကာ ၂၃း၂၀-၅၆၊ ၁ ကော ၅:၇)။

၈။ ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း – **ရှင်ပြန်ထမြောက်သော သိုးသငယ်တော်** (လုကာ ၂၄း၁-၁၂၊ ၃၆-၅၃၊ ဗျာ ၅:၆)။

၉။ ယေရှုခရစ်တော်သည် ရှင်ဘုရင်အဖြစ် ပြန်လည်ကြွလာပြီးနောက် **သိုးသငယ်တော်**၏ မင်္ဂလာဆောင် ပွဲ ရှိမည်ဖြစ်သည်။ (ဗျာ ၁၉:၆-၂၁)

၁၀။ သိုးသငယ်တော်အုပ်စိုးမည့် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ဘုရားသခင် ဖန်ဆင်းတော်မူမည်။ ဗျာဒိတ်ကျမ်း၌ ယေရှုကို သိုးသငယ်တော်အဖြစ် ၃၁ ကြိမ်ဖော်ပြထားသည်။ (ဗျာ ၂၁:၁ – ၂၂:၆)

## ဘုရားသခင်၏ သိုးသငယ်တော်သည် ဣသရေလမျိုးနွယ်မှ ဆင်းသက်လာမည်

အာဗြဟံ၊ ဣဇက်နှင့် ဒါဝိဒ်တို့၏ မျိုးဆက်အားဖြင့် သားတော်သည် လူသားအဖြစ်သို့ မွေးဖွားလာရန် ဘုရားသခင်၏ အကြံအစည်တော်ကို ဖော်ပြခဲ့ပြီး၊ ၎င်းကို ပြီးစုံစေခဲ့သည်။ ဤနည်းဖြင့် သိုးသ ငယ်တော်သည် ဣသရေလမျိုးနွယ်မှ ဆင်းသက်လာခဲ့သည်ကို တွေ့ရသည်။ ဘုရားသခင်သည် အာ ဗြဟံအား ပထမဆုံးကတိထားတော်မူသော "... သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု" (ကမ္ဘာ ၁၂:၃) မိန့်တော်မူသော သက်သေကိုတွေ့ရမည်ဖြစ်သည်။ ထိုအချိန်ကစ၍ ဘုရားသခင်သည် ဣသရေလနှင့် ကမ္ဘာကြီးအတွက် ကယ်တင်ရှင်ကို စေလွှတ်မည့် အကြောင်း အချိန်နှင့်နည်းလမ်းများကို များစွာရှင်းပြခဲ့သည်။ ဤအချက်အများစုမှာ ဣသရေလလူမျိုးများအတွက်သာဖြစ်သည်ဟု ထင်ခြင်းခံရသော်လည်း ယေရှုကြွလာပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်က ယေရှုခရစ်ဖြစ်သော မေရှိယသည် ဣသရေလလူမျိုးအတွက် သာမက ကမ္ဘာအပေါ်ရှိ လူတိုင်းအတွက် ကယ်တင်ရှင်ဖြစ်တော်မူသည်ကို ပေါ်လွင်အောင်ဖော်ပြပေးခဲ့သည်။ (တမန် ၁၀း ၁-၄၈၊ ရောမ ၄:၁-၂၅)။

ဘုရားသခင်သည် ကမ္ဘာ့အဖြစ်အပျက်ကို ထိန်းချုပ်ထားကြောင်း ဖော်ပြရန်အတွက်၊ ဣသရေလနှင့် ကမ္ဘာကြီးအတွက်လာမည့်အနာဂတ်တွင် အုပ်စိုးသူနှင့် ကယ်တင်ရှင်ဖြစ်သည်ကို ကြိုတင်ဟောပြောခဲ့သည်။ ယေရှု မကြွလာမီအချိန်တွင် ယေရှု၏အမည်နာမသည် အဘယ်သူဖြစ်မည်ကို မသိကြပေ။ သို့သော် ကြွလာမည့် လူသားသည် ယေရှုခရစ်တော်ဖြစ်မည်ကို ဘုရားသခင်သည် ကြိုတင် ဟောပြောခဲ့သည်။ ၎င်းတို့၏ ပြည့်စုံသည့် ဟောပြောခြင်း၊ ရှင်းပြချက်များအချို့ကို အောက်တွင်ဖော် ပြထားပါသည်။

- သမ္မာကျမ်းစာ အစပိုင်းတွင် ဘုရားသခင်သည် အာဗြဟံ၏ မျိုးဆက်ဖြစ်သော သားဣဇက်အားဖြင့် လူမျိုးအားလုံး ကောင်းကြီးမင်္ဂလာခံစားရမည့်အကြောင်း ကတိပေးခဲ့သည်။ (ကမ္ဘာ ၁၂:၁-၃၊ ၁၇:၁၉)။ ရာစုနှစ်များကြာပြီးနောက် ဘုရားသခင်က အာဗြဟံနှင့်ဣဇက်၏ မျိုးဆက် ဖြစ်သော ရှင်ဘုရင်ဒါဝိဒ်မင်းကြီးသည် အစဉ်အမြဲ ဘုရင်ဖြစ်မည်ဟု ကတိပြုခဲ့သည်။ "သင် သည် အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့်အတူ အိပ်ပျော်သောအခါ သင်၏ ရင်သွေး၊ သင်မှ ဆင်းသက်သော သားကိုငါချီးမြှောက်၍ သူ၏နိုင်ငံကို တည်ထောင်မည်။ ထိုသားသည် ငါ၏ နာမအဘို့ အိမ်ကို ဆောက်လိမ့်မည်။ သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲ ငါတည်စေမည်။ ငါသည် သူ၏အဘဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်။ သူသည် ဒုစရိုက်ကိုပြုလျှင် လူသုံးတတ်သော ကြိမ်လုံးနှင့် ငါဆုံးမမည်။ သို့ရာတွင် သင့်ရှေ့မှာ ငါပယ်ရှားသော ရှောလု၌ ငါ၏ကရုဏာကို နုတ်သကဲ့သို့ သင်၏သား၌ ငါမနုတ်။ သင်၏အမျိုးအနွယ်နှင့်၊ သင်၏ နိုင်ငံသည် ငါ့ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည်။ သင်၏ရာဇပလ္လင်သည်လည်း အစဉ်အမြဲတည်လိမ့်မည်ဟု ငါ့ကျွန်ဒါဝိဒ်အား ပြောလော့ဟု မိန့်တော်မူ၏။" (၂ ရာ ၇:၁၂-၁၆)။ ယေရှု မွေးဖွားပြီးနောက် ယေရှု၏ အရင်းနီးဆုံးဖြစ်သော ရှင်မဿဲနှင့် ရှင်လုကာတို့က ဆွေစဉ်မျိုး ဆက်နှစ်ဆက်ကို ရေးသားခဲ့ကြပြီး၊ ၎င်းတို့က ဘုရားသခင်သည် အာဗြဟံအားပေးသော ကတိတော်နှင့် ဒါဝိဒ်အားပေးသောကတိတော်ကို စောင့်ရှောက်သည့်အကြောင်းကို ဖော်ပြထားသည်။ ရှင်မဿဲခရစ်ဝင်ကျမ်း ၁:၆-၁၆ တွင် ယေရှု မွေးဖွားပြီးနောက် မာရိ၏ ခင်ပွန်းယောသပ်၏ ဘိုးဘေးဘီဘင်မှ တစ်ဆင့် အာဗြဟံမှ ဒါဝိဒ်နှင့် ယေရှုအထိ ပထမ ဆွေစဉ်မျိုးဆက် အကြောင်းကို ဖော်ပြထားသည်။ အခြားဆွေစဉ်မျိုးဆက်ဖြစ်သော မာရိ၏ ဘိုးစဉ်ဘောင်ဆက်အကြောင်းကို ရှင်လုကာ ၃:၂၃-၃၁ တွင် ဖော်ပြထားပါသည်။ ယောသပ်နှင့် မာရိနှစ်ဦး စလုံးသည် ရှင်ဘုရင်ဒါဝိဒ်၏ မျိုးဆက်များဖြစ်ကြသည်။

- သမ္မာကျမ်းစာတွင် ယာကုပ်၏ သားတစ်ဆယ့်နှစ်ယောက်ထဲက တစ်ဦးဖြစ်သော ယုဒ၏မျိုး ဆက်သည် နိုင်ငံကို အုပ်စိုးမည့်သူဖြစ်သည်ကို ဘုရားသခင်က အာဗြဟံ၏ မြေးတော်ယာ ကုပ်အား နားလည်စေခဲ့ သည်။ (ကမ္ဘာ ၄၉:၁၀)။ နှစ်ပေါင်း ၂၀၀၀ ကျော်ပြီးနောက် ယေရှု သည် ယုဒ၏ မျိုးဆက်ဖြစ်ပြီး ယေရှု၏ ဆွေစဉ်မျိုးဆက်အကြောင်းကို လုကာ ၃:၃၃ တွင် ဖော်ပြထားသည်။ ယေရှုမမွေးဖွားမီ နှစ်ပေါင်းခုနှစ်ရာ တွင် ဘုရားသခင်က ဟေရှာယအား၊ “ထိုကြောင့်၊ ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ်လက္ခဏာ ကို သင်တို့အားပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောကျ်ား ကို ဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတံ့” ဟု မိန့်တော်မူခဲ့သည်။ (ဟေရှာယ ၇:၁၄)။
- ယေရှုနဲ့ အချိန်ကာလအတူ အသက်ရှင်ခဲ့သော သမိုင်းပညာရှင် ရှင်လုကာက အပျိုကညာ မာရိသည်ပဋိသန္ဓေယူ၍ လာမည့်မေရှိယ မွေးဖွားမည့်အကြောင်း ကောင်းကင်တမန်မိန့်တော်မူ သည်ကို လုကာ ၁:၂၆-၃၈ တွင် ရှင်းပြထားသည်။ ခရစ်တော်၏ အရင်းနီးဆုံး နောက်လိုက် ဖြစ်သော ရှင်မဿဲက ၄င်းတူညီသော အဖြစ်အပျက်များကို ရှင်းပြထားပြီး၊ အပျိုကညာ မာရိ သည်ပဋိသန္ဓေစွဲယူမည့်အကြောင်းကိုလည်း ရေးသားထားသည်။ “ယေရှုခရစ်သည်ဘွား မြင် ခြင်းကို ခံတော်မူသောအကြောင်းအရာဟူမူကား၊ မယ်တော်မာရိသည် ယောသပ်နှင့်ထိမ်း မြားဆောင်နှင်း၍ မရုက်တင်မီတွင် သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ပဋိသန္ဓေစွဲနေ၏။ သူ၏ခင်ပွန်းယောသပ်သည် သူတော်ကောင်းဖြစ်၍၊ မာရိအသရေကို မပျက်စေချင်သောကြောင့် တိတ်ဆိတ်စွာစွန့်ပယ်မည်ဟု အကြံရှိ၏။ ထိုသို့ ကြံစည်၍နေစဉ်တွင် အိပ်မက်ကိုမြင်ရသည်မှာ၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထင်ရှား၍၊ ဒါဝိဒ်အမျိုးယောသပ်၊ သင်၏ ခင်ပွန်းမာရိကို ထိန်းသိမ်းရမည်အခွင့်ကို မစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဖြစ်၏။ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည်သူဖြစ်သောကြောင့်၊ ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏။”(မဿဲ ၁:၁၈-၂၁)
- ယေရှုခရစ်တော်မတိုင်မီ နှစ်ပေါင်းခုနှစ်ရာတွင် ဣသရေလလူမျိုးအတွက် မွေးဖွါးလာမည့် ထူးခြားသော သူငယ်အကြောင်းကို ဘုရားသခင်သည် ဟေရှာယအား မိန့်တော်မူခဲ့သည်။ ထိုသူ ငယ်တော်သည် ဘုရားသခင်ဖြစ်သည်ကို ရှင်းပြထားပါသည်။ “အကြောင်းမူကား၊ ငါတို့အဘို့ သူငယ်ကို ဘွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်ကား အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။” (ဟေရှာယ ၉:၆-၇)။ ယေရှုခရစ်တော်၏ အရင်းနီးဆုံးသောနောက်လိုက်များအကြောင်းနှင့် သေခြင်းထမြောက်ခြင်းအပါအဝင်ပြုခဲ့သော နိမိတ်လက္ခဏာများစွာကိုလည်းတွေ့ရသည်။ (ယောဟန် ၁၀:၂၉-၃၃၊ ၈:၅၈-၅၉၊ မဿဲ ၂၆:၆၃-၆၅၊ ကောလောသဲ ၁:၁၃-၂၀၊ ဟေဗြဲ ၁:၁-၁၂)။
- ယေရှုခရစ်တော်မတိုင်မီ နှစ်ပေါင်းခုနှစ်ရာတွင် ဣသရေလနိုင်ငံကို အုပ်စိုးမည့်သူသည် ဗက် လင်မြို့၌ မွေးဖွားမည်အကြောင်း ပရောဖက်မိက္ခာအား ဘုရားသခင်မိန့်တော်မူခဲ့သည်။ “အို ဗက်လင်ဖေရတ်မြို့၊ အစိုးရသော ယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေလအမျိုးကို အုပ်စိုးရသောသခင်သည် ငါ့အဘို့ သင်၏ အထဲမှာ ပေါ်ထွန်းလတံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏။” (မိက္ခာ ၅:၂)။ ယေရှုသည် ယုဒ ပြည်ဗက်လင်မြို့၌မွေးဖွားခဲ့ပြီး၊ မာရိနှင့်ယောသပ်တို့၏မွေးရပ် နာဇရက်မြို့၌ ကြီးပြင်းခဲ့သည်ကို ဖော်ပြထားသည်။ (လုကာ ၂:၁-၇)။
- ယေရှုခရစ်တော်မတိုင်မီ နှစ်ပေါင်းငါးရာခန့်တွင် ဣသရေလ ရှင်ဘုရင်သည် ဣသရေလလူတို့အား ကယ်တင်ခြင်းကို ယူဆောင်လာပြီး ယေရုရှလင်မြို့သို့ မြည်းကလေးကို စီး၍ ကြွလာမည်အကြောင်း ဇာခရိက ပရောဖက်ပြုခဲ့သည်။ “အို ဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။ အိုယေရုရှလင်မြို့သတို့သမီး၊

ကြွေးကြော်ကြလော့။ တရားသဖြင့် စီရင်၍ ကယ်တင် ခြင်းသို့ ရောက်သောသခင်၊ သင်၏ အရှင်မင်းကြီးသည် မြည်းမနှင့် မြည်းကလေးကို စီး၍နူးညံ့ သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို ကြည့်ရှုလော့။" (ဇာခရိ ၉:၉)။ ယေ ရှုခရစ်တော်၏ အရင်းနီးဆုံးဖြစ်သော မဿဲက ယေရှုသည် မြည်းကလေးကို စီး၍ ယေရုရှလင် မြို့သို့ ကြွလာပြီး၊ လူများစွာတို့က "ဒါဝိဒ်၏သားတော်" ဟုခေါ်ကာ ရှင်ဘု ရင်တစ်ပါးကဲ့သို့ ကြိုဆို ဂုဏ်ပြုခဲ့ကြသည်။ (မဿဲ ၂၁:၁-၁၁)။ အံ့ဖွယ်နိမိတ်လက္ခဏာနှင့် သဘာဝလွန်တန်ခိုးများကို ပြသပြီးနောက် ယေရှုခရစ်တော် အသက်ရှင်စဉ်ကာလက လူတို့သည် ရောမအုပ်ချုပ်မှုကို ဆန့်ကျင်ပြီး ဦးဆောင်မည့် ဣသရေလရှင်ဘုရင်ကို မျှော်လင့်ခဲ့ကြသည်။ ယေရှုခရစ်တော်သည် ရှင်ဘုရင်အဖြစ်ကြွလာမည်အကြောင်းကို ကြိုတင်ဟောပြောခဲ့သော်လည်း၊ လူတို့သည် ထိုအရာကို လက်ခံယုံကြည်ဖို့ထက် မိမိတို့၏ အပြစ်ဘေးဒဏ်နှင့် ကျွန်ဘဝမှ လွတ်မြောက်ဖို့ကိုသာပို၍ အာရုံစိုက်လိုအပ်ခဲ့ကြသည်။

- ယေရှုခရစ်တော်မတိုင်မီ နှစ်ပေါင်းခုနှစ်ရာတွင် ဘုရားသခင်၏ လာမည့်အစေခံကျွန်သည် ဘုရင်ဖြစ်သည့်အပြင် လူတို့၏ အပြစ်များကိုလည်း ယူဆောင်သွားမည့်အကြောင်း ဘုရားသခင်သည် ဟေရှာယအား နားလည်စေခဲ့သည်။ "*သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုငင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချ တော်မူခြင်းကိုငင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့ လွန် ကျူးခြင်းအပြစ်များ ကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ် သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍၊ သူခံရသောဒဏ် ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို  သူ့အပေါ်၌ တင်တော်မူ၏။ ထိုသူသည် ညှဉ်းဆဲခြင်းနှင့်နှိမ့်ချခြင်းကို ခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါ ဆောင်သွားသောသိုးသငယ်ကဲ့သို့ သူ့ကို  ဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည် ဘဲနေသကဲ့သို့၊ သူသည် နှုတ် ကို မဖွင့်ဘဲနေ၏။ မတရားစွာ စီရင်ခြင်းအားဖြင့် သူ့ကို ထုတ်သွားကြ၏။ အသက်ရှင်သောသူတို့၏ နေရာမှ သူ့ကို သုတ်သင်ပယ်ရှင်းသည်ဖြစ်၍၊ သူ၏ အမျိုးအနွယ်ကို အဘယ်သူပြည့်စွန်မည်နည်း။ ငါ၏လူမျိုးအပြစ်ကြောင့် ဒဏ်ခတ်တော်မူခြင်းကို ခံလေ၏။ ပြစ်မှားခြင်းကို မပြု။ သူ၏နှုတ်၌ မုသာမရှိ သော်လည်း၊ လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှါ စီရင် ကြ၏။ သို့ရာ တွင် သေပြီးမှ သူဌေး၌ ရှိ၏။ ထာဝရဘုရားသည် သူ့ကို နှိပ်စက်ခြင်းငှါ အလိုတော်ရှိ၍ နာစေတော်မူ၏။ သူသည် အပြစ်ဖြေသော ယဇ်ကိုပူဇော်ပြီးမှ၊ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏  လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။ မိမိစိတ်ဝိညာဉ်ခံရသော ဝေဒနာ၏အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သော ငါ၏ကျွန်ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည် အများသောသူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏။ ထိုသို့ မိမိအသက်ကို သေခြင်း၌ သွန်း၍၊ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ရောက်သဖြင့်၊ လူများတို့၏အပြစ်ကို ဆောင်ရွက်၍၊ မတရားသောသူတို့အဘို့ တောင်းပန်သော ကြောင့်၊ လူကြီးတို့ကို သူ၏ အဘို့ဖြစ်စေခြင်းငှါ ငါခွဲမည်။ အစွမ်းသတ္တိရှိသော သူတို့ကို သူ၏ လက်ရဥစ္စာကဲ့သို့၊ ကိုယ်တိုင်ဝေဖန်ရသော အခွင့်ရှိလိမ့်မည်။" (ဟေရှာယ ၅၃:၄-၁၂)*။
- ယေရှုခရစ်တော် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ပြီးနောက် ကျွန်ုပ်တို့အပြစ်ကြွေးအတွက် ယေရှု၏ ကိုယ်စားအသေခံပေးဆပ်ပူဇော်သည့် အကြောင်းကို ဟေဗြဲဩဝါဒစာရေးသူက ဖော်ပြထားသည်။  သူသည်ပြည့်စုံသောသူဖြစ်သောကြောင့် သမိုင်းတွင် အပြစ်ကြွေးကို ပေးဆပ်နိုင်သောပုဂ္ဂိုလ်ဟူ၍ သူတစ်

ပါးတည်းသာရှိသည်။ ဤအကြောင်း ကြိုတင်ပရောဖက်ပြု ချက်မှန်ကန်သည်ကို ဟေရှာယ ၅၃း၄-၁၂ တွင်ဖော်ပြထားပါသည်။

- ဤ ပရောဖက်ပြုချက်ပြည့်စုံခြင်း၏ အကြီးမားဆုံးသော သက်သေသည် ယေရှု၏ နောက်ဆုံး အသက် ရှင်ခြင်းတွင်တွေ့ရပါသည်။ ယေရှုသည် အသေခံပြီး သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်မည့် အကြောင်း မကြာခဏ ပရောဖက်ပြုခဲ့ပြီး၊ ရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်များနှင့်အတူရက် ပေါင်း ၄၀ ကိုယ်ထင်ရှားပြခြင်းသည် လောကလူသားတိုင်း၏ အပြစ်အတွက် ပေးဆပ်နိုင်သောဘုရားစင် စစ်ဖြစ်ကြောင်းကို သက်သေဖော်ပြထားသည်။ သမိုင်းအရ ယေရှု၏ ပထမဆုံးသောတပည့်တော်များ သည် ရှင်ပြန်ထမြောက်ခြင်းအကြောင်း ကြွေးကြော်ခြင်းကြောင့် အသေသတ်ခြင်းကို ခံကြရပြီး၊ ၄င်း သည် ငြင်းမရသော သက်သေအထောက်အထားတစ်ခုဖြစ်ပါသည်။ တပည့်တော်တို့သည် ယေရှုအသက် ရှင်သည်ကို မြင်တွေ့ကြသောကြောင့် ၄င်းသက်သေကို ငြင်းပယ်မည့်အစား မိမိကိုယ်ကို အသေခံရန်ပင် ဆန္ဒပြင်း ပြလျှက်ရှိကြသည်။
- လူတို့အတွက် ကယ်တင်ခြင်းသည် ယုဒလူတို့ အားဖြင့်သာ လာသည်ကို ယေရှုခရစ်တော် မိန့်တော်မူခဲ့ သည်။ (ယော ၄:၂၂)။ မိမိသည် ကယ်တင်ရှင်မေရှိယဖြစ်သည်ကို ကြွေးကြော်ခဲ့ သည်။ (ယော ၄:၂၅-၂၆)။

## ဣသရေလလူမျိုးများကို အသုံးပြုရန် ဘုရားသခင်၏ အကြံအစည်တော်

ဘုရားသခင်သည် ယုဒလူမျိုးများအားဖြင့် ကမ္ဘာကြီးကို ကယ်တင်ခြင်းမှာ ယုဒလူမျိုးများကို ပို၍ ချစ် သောကြောင့်မဟုတ်ပါ။ ၎င်းသည် မိသားစုတစ်စု ပင်လယ်ထဲ၌ အသက်ကယ်လှေစီးသောဖခင်တစ်ဦး၏ အစီစဥ် နှင့် ဆင်တူသည်။ တစ်နေ့တာ ရေပေါ်လှေလှော်ပြီးနောက် သူတို့ အားလုံးသည် ကျွန်းတစ်ကျွန်း ဖြတ်ကျော်သွား သည်ကို မြင်တွေ့ရသည်။ ဖခင်သည် လှေထဲတွင်ရှိသောကြိုး တစ်ချောင်းကို တွေ့ရပြီး သူ့သားကြီးအား ခါးကို ကြိုးနဲ့ပတ်ကာ ကျွန်းတစ်ဖက်ကမ်းသို့ ရောက်အောင် ရေကူးရန် တောင်းဆိုခဲ့သည်။ ဤနေရာတွင် ဖခင်သည် လှေထဲတွင်ရှိသော မိမိဇနီး၊ သမီးငယ်နှင့်ကလေး များအားလုံးတို့ထက် သားကြီးကို ပို၍ ချစ်သည်ဟု ဆိုနိုင်သ လော။? လုံး၀ မဟုတ်ပါ။ ဖခင်က သားအကြီးဆုံးကို ရွေးချယ်ရခြင်းသည် မိသားစုအားလုံးကို ကယ်တင်ရန် အ ကောင်းဆုံးသောအစီအစဉ် ဖြစ်သောကြောင့်ဖြစ်သည်။

## အခြားအကြံအစည်တော်
## အသင်းတော်အားဖြင့် ဘုရားသခင်သည် မိမိကိုယ်ကို ဖော်ပြသည်
(ဖေက်ဩဝါဒစာ ၃:၁၀)

"အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သခင်ယေရှုခရစ်ကို အကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့် အညီ၊" (ဖေက်ဩဝါဒစာ ၃:၁၀)။

ပြန်လည်သင့်မြတ်ခြင်းအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေရန်အခြားသော တတိယ အကြံအစည်တော်က အသင်းတော်တည်းဟူသောဝိညာဉ်လူအုပ်စုများအားဖြင့် လုပ်ဆောင်ပေးသည်။ ဤအကြံ အစည်တော်သည် အခြားသောအကြံအစည်တော်နှင့်လည်း ရောစပ်တည်ဆောက်လျှက်ရှိသည်။ သမိုင်းတစ် လျှောက် အခြားယုံကြည်သူများအပါအဝင် ဝိညာဉ်ရေးရာ လူစုများသည် ဓမ္မဟောင်းရှိ ပထမဆုံးယုံကြည်သူများ နှင့် အစပြုသောအသင်းတော်ဖြစ်သည်။ ၎င်းကို ဗျာဒိတ်ကျမ်း၌ ယေရှုခရစ်၏ သတို့သမီးအဖြစ်ဖော်ပြထား သည်။

### ဝိညာဉ်ရေးရာ လူစု၏ အဓိပ္ပါယ် - အသင်းတော်

အသင်းတော်ဆိုသည်မှာ ဘုရားသခင်နှင့်အတူ အသက်ရှင်ရန်အတွက် ဘုရားသခင်၏ ကတိတော်အထဲ ၌ ယုံကြည်ကိုးစားသော လူစုများဖြစ်ကြောင်းကို သမ္မာကျမ်းစာက ရှင်းပြထားသည်။ ရောမဩဝါဒစာ ၄ တွင် ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ကိုးစားသောလူတိုင်းသည် ဘုရားသခင်၏သား၊ သမီးများဖြစ်ကြသည်ကို ပေါလုက ရှင်းပြထားသည်။ အာဗြဟံသည် ယုံကြည်ခြင်း၏ ပုံသက် သေကောင်းတစ်ဦးဖြစ်သည်ကို ဖော်ပြထား ပါသည်။ "ကျမ်းစာ၌ အဘယ်သို့လာသနည်း။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည် ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ ၏။" (ရောမ ၄:၃)။ အာဗြဟံသည် အရေဖျားလှီးခြင်းခံသော ယုဒလူ တို့၏ ဖခင်လည်းဖြစ်သည်။ "အရေဖျားလှီးခြင်းကိုမခံဘဲ ယုံကြည်သောသူတို့သည် ဖြောင့်မတ်ခြင်းရှိသည်ဟု မှတ်စရာအကြောင်းရှိစေခြင်းငှါ၊ ငါတို့အဘအာဗြဟံသည် ထိုသူအပေါင်းတို့၏ အဘဖြစ်အံ့သောငှါ၎င်း၊ အရေဖျား လှီးခြင်းကိုခံသည်သာမက၊ ငါတို့အဘအာဗြဟံသည် အရေဖျားလှီးခြင်းကို မခံမှီရှိသော ယုံကြည်ခြင်းလမ်းသို့ လိုက်သောသူတို့၏ အဘဖြစ်အံ့သောငှါ၎င်း၊ အာဗြဟံသည် အရေဖျားလှီးခြင်းကိုမခံမှီရှိသောယုံကြည်ခြင်း၏ ဖြောင့်မတ်ခြင်းတံဆိပ်တည်းဟူသော အရေဖျားလှီးခြင်း၏ လက္ခဏာကိုခံရသတည်း။" (ရောမ ၄:၁၁-၁၂)။ အ ချုပ်အားဖြင့်ဆိုသော် ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ကိုးစားသူတိုင်းသည် ထာဝရမိသားစု၏ အစိတ်အ ပိုင်းဖြစ်ကြသည်။ ဤအမြင်အရ အသင်းတော်သည် ကမ္ဘာဦးကတည်းက စတင်ခဲ့သည်ဟု ဆိုနိုင်သည်။

### အသင်းတော်၏ မူလအစ

သခင်ယေရှု ရှင်ပြန်ထမြောက်ပြီး ကောင်းကင်သို့ တက်ကြွပြီးနောက်တွင် ဝိညာဉ်လူအုပ်စုတစ်စုသည် ဘုရားသခင်၏ မိသားစုတစ်ခု ဖြစ်လာသည်။ ဤဖြစ်စဉ်ကို သမ္မာသစ်ကျမ်းရှိ တမန်တော်ဝတ္တုတွင် ဖော်ပြထား ပါသည်။ ယုဒလူတို့က ဘုရားသခင်၏ မိသားစုဝင်ဖြစ်ရန်အတွက် ယုဒလူမျိုး ဖြစ်ရန်လိုအပ်သည်ဟု ယုံကြည်ခဲ့ ကြသည်။ လူတိုင်း ဘုရားသခင်၏ မိသားစုဝင်ဖြစ်ရန် တံခါးဖွင့်ထားသည့်အကြောင်းကို ယေရှု၏တပည့်များ အား နားလည်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကူညီမစ ပေးခဲ့သည်။ သူတို့လုပ်ဆောင်ရမည့်အရာမှာ ယေရှု

ခရစ်တော်သည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီး အပြစ်များကို အောင်မြင်သောဘုရားဖြစ်သည်ကို ယုံကြည်လက်ခံရန်၊ မိမိတို့၏ ကယ်တင်ရှင်သခင် အဖြစ် ယေရှုကို ယုံကြည်ဝန်ခံရန်ဖြစ်သည်။ (ရောမ ၁၀း၉-၁၇)။

လူတိုင်းသည် ဘုရားသခင်၏ ထာဝရမိသားစုဝင်ဖြစ်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယုဒလူတို့ကို ကူညီမစပေးခဲ့သည်။ ပထမအဆင့်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် တပည့်တော်များထဲသို့ ဆင်းသက်လာပြီး သူတို့မသင်ယူသော အခြားသောဘာသာစကားကို ပြောကာ အားလုံးက နားလည်သဘောပေါက်ကြသည်။ (တမန် ၂)။ ထို့နောက်၊ ယေရှုကိုယုံကြည်သော အခြား သော ယုဒလူတို့သည်လည်း ထိုအံ့ဖွယ်နိမိတ်လက္ခဏာများဖြစ်ပျက်ခဲ့သည်ကို တွေ့မြင်ကြသည်။ ထို့ နောက် (ဂျူးလူမျိုးအစပ်နှင့် တစ်ပါးအမျိုးစပ်သော) ရှမာရိလူတို့ကလည်း ယေရှုကို လက်ခံယုံကြည် လာကြပြီး သူတို့အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သည့် သက်သေကိုရရှိခဲ့ကြ သည်။ (တမန် ၈)။ ထို့သို့ များမကြာမီ ပေတရုသည် ယေရှုကို ယုံကြည်သော တစ်ပါးအမျိုးသား လူအုပ်စု စစ်စစ်များနဲ့တွေ့ဆုံရန် ဘုရားသခင်လမ်းပြပေးခဲ့ပြီး သူတို့သည်လည်း သင်ယူခြင်းမရှိဘဲ အခြားသောဘာသာစကားကို တပည့်တော်များနည်းတူ ပြောဆိုခဲ့ကြသည်။ (တမန် ၁၀)။ ယခုတွင် ယုဒ ခရစ်ယာန်များအပြင် ကမ္ဘာပေါ်ရှိလူသားတိုင်းသည် ယေရှုကို လက်ခံယုံကြည်ပြီး သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အသက်တာ၌ ဆင်းသက်လာသည့် သက်သေကို မြင်တွေ့ရသည်။

**အသင်းတော်၏ တိုးတက်မှု**

ယေရှု၏ တပည့်တော်များသည် ကမ္ဘာအနှံ့သို့ သွားရောက်ကာ ယေရှုခရစ်တော်အားဖြင့်သာ ဘုရားသခင်၏ အံ့ဖွယ်ကယ်တင်ခြင်းရရှိကြောင်းကို ကြွေးကြော်ခဲ့ကြသည်။ ထိုချိန်ကစ၍ သန်းပေါင်းများစွာသော လူတို့သည် ယေရှုခရစ်တော်ကို ယုံကြည်လာကြသည်။ ယုံကြည်သည်နဲ့ ချက်ချင်း သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အထဲ၌ အသက်ရှင်လာသည်။ အခြားသောဘာသာစကားပြော ခြင်းသည် ကယ်တင်ခြင်းရရှိသည့် လက္ခဏာမဟုတ်ဘဲ ယုံကြည်သူများအထဲ၌ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာခြင်း၏ အစပြုသည့်ကာလတစ်ခုသာဖြစ်သည်။ ယုံကြည်သူများသည် အခက်အခဲ ပြဿနာများ၊ အပြစ်များနှင့် ရုန်းကန်နေကြရသော်လည်း ဘုရားသခင်နှင့် ထာဝရဆက်နွယ်မှု၌ သာ၍ ဝမ်းမြောက်လျှက်ရှိကြသည်။ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းသည် ကိုယ်တိုင်စွမ်းဆောင်နိုင်ခြင်း အပေါ်အခြေမခံဘဲ၊ ဘုရားသခင်၏ သားသမီးများဖြစ်ခွင့်ပေးသောယေရှုခရစ်တော်အထဲ၌သာ အခြေခံလျှက်ရှိသည်။ ခရစ်ယာန်ဟုခေါ်ဆိုသူများသည်လည်း လောကတွင် လူအများကဲ့သို့ပင် အမျိုးမျိုးသော ပြဿနာများရှိကြသော်လည်း စစ်မှန်သောခရစ်ယာန်များမှာ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် အမြဲပြုပြင်ပြောင်းလဲလျှက်ရှိကြသည်။

ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ပြီး ယေရှုခရစ်အား ကယ်တင်ရှင်အဖြစ် လက်ခံသူတိုင်းတွင် ဘုရားသခင်၏ ဝိညာဉ်တော် ကိန်းဝပ်တော်မူသည်။ (ဖေက် ၁း၁၃-၁၄)။ အခြားသူတို့၏ စိတ်နှလုံးထဲ၌ ဝိညာဉ်တော်ကိန်းဝပ်သည်ကို ကျွန်ုပ်တို့ မမြင်နိုင်သောကြောင့် မည်သူသည် စစ်မှန်သောခ ရစ်ယာန်ဖြစ်သည်၊ မဖြစ်သည်ကို သိရှိရန်ခက်ခဲပါသည်။ စစ်မှန်သောခရစ်ယာန်များသည် ချစ်ခြင်း မေတ္တာ၊ ဝမ်းမြောက်ခြင်း၊ ငြိမ်းသက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကြင်နာခြင်းစသည့် အရည်အသွေးများရှိလာသည့်အခါ ယေရှုခရစ်တော်နှင့် အချင်းချင်းဆက်နွယ်မှုရှိလာသည့် သက်သေကိုလည်း ဖော်ပြလာကြသည်။ ထိုပြောင်းလဲမှုမှာ တစ်ဦးချင်းစီအပေါ် မတူညီသော်လည်း ဘုရားသခင်ကသာ ဝိညာဉ်တော်ကိန်းဝပ်သောသူများကို သိနိုင်ပါသည်။ ထိုသူများကသာ စစ်မှန်သောအသင်းတော်ကို တည်ဆောက်သူများဖြစ်လာကြသည်။ မိမိတို့သည် ကယ်တင်ခြင်းစိတ်ချမှု အပြည့်အဝရှိကြရမည်ဖြစ်ပြီး၊ အခြားသူများသည် ဘုရားသခင်၏ သား၊ သမီးများဖြစ်သည်ကို သူတို့၏ပြောဆို လုပ်ဆောင်မှုများမှ ခန့်မှန်း

နိုင်မည်ဖြစ်ပါသည်။ မည်သူသည် စစ်မှန်သောခရစ်ယာန်ဖြစ်သည်၊ မဖြစ်သည်ကို ကျွန်ုပ်တို့သည် မျက်စိနဲ့ မမြင်နိုင်သောကြောင့် အတိအကျမပြောဆိုမိရန် ဂရုစိုက်ဖို့ လိုအပ်ပါသည်။

**အသင်းတော်၏ ရည်ရွယ်ချက်**

ဘုရားသခင်၏ ဝိညာဉ်တော်ကိန်းဝပ်သောသူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်သည်။ သူတို့အားလုံးသည် အသင်းတော်တည်းဟူသော ဘုရားသခင်၏ ထာဝရမိသားစုဝင်များ ဖြစ်ကြသည်။ ယေရှုက ဘုရားသခင်ကို သိကျွမ်းခြင်းသည် ထာဝရအသက်ဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။ "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငှင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုငှင်း၊ သိကျွမ်းခြင်းတည်း။" (ယော ၁၇း၃)။ ပေါလုကလည်း ဘုရားသခင်ကို သိကျွမ်းခြင်းသည် ဘဝ၏အဓိက ရည်မှန်းချက်ဖြစ်သည်ဟုဆိုသည်။ (ဖိလိပ္ပိ ၃း၇-၁၀)။ ဘုရားသခင်သည် မိမိသားသမီးများကို ယေရှုခရစ်တော်နည်းတူ ဖြစ်လာရန် အခြေအနေ၊ အချိန်ခါတိုင်းကို အမြဲအသုံးပြုလေ့ရှိသည်။ (ရောမ ၈း၂၈-၂၉)။ ခရစ်ယာန်များသည် အားနည်းသောသူများဖြစ်ကြသော်လည်း သူတို့အားဖြင့် ထူးခြားသောအရာများကို ဘုရားသခင် လုပ်ဆောင်ပေးသည်။ "ငါ့ကျေးဇူးသည် သင့်အဘို့လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်ဟု မိန့်တော်မူ၏။ ထိုကြောင့် ခရစ်တော်၏တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်အကြောင်း ငါကိုယ်၌ အားနည်းခြင်းအဖြစ်ကို ဝမ်းမြောက်သောစိတ်နှင့် ဝါကြွားခြင်းငှါသာ၍ ငါအလိုရှိ၏။" (၂ ကော ၁၂း၉)။ လူတိုင်းသည် လောက၌ ဘုရားသခင်၏ သတင်းစကားကို သယ်ဆောင်သောသူများ ဖြစ်ကြသည်။ (၂ ကော ၅း၁၆-၂၀)။ ယေရှုသည် ရှင်ပြန်ထမြောက်ပြီး ကောင်းကင်သို့ မတက်ကြွမီ ကြီးမြတ်သောတာဝန်နှင့် အခွင့်ထူးများအကြောင်းကို တပည့်တော်များအားပေးအပ်ခဲ့သည်။ "ယေရှုသည် အနီးအပါးသို့ချဉ်းတော် မူပြီးလျှင်၊ ကောင်းကင်ဘုံ၌ငှင်း၊ မြေကြီးပေါ်၌ငှင်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏။"(မဿဲ ၂၈:၁၈-၂၀)။ ဘုရားသခင်သည် မိမိသားသမီးများအားဖြင့် လူများကို နည်းလမ်းမျိုးစုံဖြင့် ကူညီပေးလျက်ရှိသည်။ ၄င်း ဥပမာ များစွာကို သမ္မာသစ်ကျမ်းတွင် တွေ့ရသည်။ ဘုရားသခင်၏ သမ္မာတရားကို လူတို့ နားလည်ရန် ကူညီပေးခြင်းအပြင် ဘုရား၏ သားသမီးများသည် အခြားသူတို့ကိုလည်း နည်းလမ်းမျိုးစုံဖြင့် လွတ်လပ်စွာ အစေခံလျှက်ရှိကြ သည်။ ဘုရားသခင်ကသာ လောက၌ ဖြစ်ပျက်နေသောအရာများကိုသိရှိပြီး ၄င်းတို့ သည်မိမိလူတို့၏လုပ်ဆောင်ခြင်းနှင့် ဆုတောင်းခြင်း၏ ရလဒ်ကြောင့်ဖြစ်သည်။

ပြောင်းလဲရန်အသင့်ရှိသော အားနည်းသောသူတို့ကို အသုံးပြုသည့်နည်းလမ်းသည် ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ပို၍ထင်ရှားစေခြင်းဖြစ်သည်။ ယေရှုကပေတရုအားပြောသော အောက်ပါအချက်သည် အလွန်ပြင်းထန်သောဥပမာဖြစ်သည်။ "ငါဆိုသည်ကား၊ သင်သည် ပေတရု ဖြစ်၏။ ဤ ကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ။ ကောင်းကင်နိုင်ငံတော်၏ သော့တို့ကိုလည်း သင့်အားငါပေးမည်။ သင်သည် မြေကြီးပေါ်မှာချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာ ဖြည်လွှတ်သမျှသည် ကောင်းကင်ဘုံ၌ ဖြည်လွှတ်လျက်ရှိလိမ့်မည်ဟု မိန့်တော်မူပြီးလျှင်၊"(မဿဲ ၁၆:၁၈-၁၉)။ ပေတရုနှင့် အခြားသောတပည့်တော်တို့တွင် အားနည်းခြင်း၊ ပြဿနာများစွာရှိကြသော်လည်း ဘုရားသခင်၏ အကြံအစည်တော်သည် ဘုရားသခင်၏ သတို့သမီးဖြစ်သော၊ လှပသောထာ

ဝရအသင်းတော်ကို တည် ဆောက်ဖို့ သူတို့ကို အသုံးပြုရန်ဖြစ်သည်။ ဤအချက်သည် အသင်းတော်အားဖြင့် ဘုရားသခင်သည် သူ၏ကြီးမြတ်တော်မူခြင်းကို ပြသသောနည်းလမ်းတစ်ခုဖြစ်သည်။ အသင်းတော်အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်နှစ်ခုကို အောက်ပါကျမ်းချက်များတွင်ဖော်ပြထားပါသည်။

• "အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သခင်ယေရှုခရစ်ကိုအကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့်အညီ၊ ကောင်းကင်အရပ်တို့၌ အထွဋ်အမြတ်အာဏာစက်တို့သည်၊ ဘုရားသခင်၏ ထူးဆန်းသောပညာတော်ကို အသင်းတော်အားဖြင့် ယခုသိကြရမည်အကြောင်းတည်း။" (ဖေက် ၃: ၁၀-၁၁)။

• "ထိုအသင်းတော်ကား၊ သမ္မာတရား၏ အမှီတကဲဖြစ်၏။ သမ္မာတရား၏ တည်ရာလည်း ဖြစ်၏။" (၁ တိ ၃:၁၅)။

## ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်နှင့် အခြားသောအကြံအစည်များက ဘုရားသခင်၏ သမိုင်းထိန်းချုပ်မှုကို ဖော်ပြသည်

သမိုင်းတစ်လျှောက်တွင် ဘုရားသခင်၏ လုပ်ဆောင်မှုအားလုံးသည် ပြန်လည်သင့်မြတ်ခြင်း၏ ကြီးမြတ်သောအကြံအစည်တော်ကို ပြည့်စုံစေရန်အတွက် ကူညီထောက်မပေးသည်။ ဘုရားသခင်၏ အခြားအကြံအစည်တော် သုံးခုမှာအောက်ပါအတိုင်းဖြစ်သည်။

**• အခြား အကြံအစည်တော် - ဘုရားသခင်သည် (ဣသရေလ) မိသားစုတစ်စုအားဖြင့် မိမိကိုယ်ကို ထင်ရှားဖော်ပြသည်။**

**• အခြား အကြံအစည်တော် - ဘုရားသခင်သည် သိုးသငယ်တော် ယေရှုခရစ်တော်အားဖြင့် မိမိကိုယ်ကို ထင်ရှားဖော်ပြသည်။**

**• အခြား အကြံအစည်တော် - ဘုရားသခင်သည် အသင်းတော်အားဖြင့် မိမိကိုယ်ကို ထင်ရှားဖော်ပြသည်။**

ဤအရာအားလုံးက ဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်ကို အောင်မြင်စေရန် ကူညီပေးကြသည်။ ၎င်းတို့သည် အတူတကွဆက်စပ်တည်ဆောက်လျှက်ရှိကြပြီး ဘုရားသခင်၏အံ့သြဖွယ်ကြီးမြတ်တော်မူခြင်းကိုဖော်ပြကာ ကျွန်ုပ်တို့ ပြည့်စုံစွာ နားမလည်နိုင်ပေ။ လူပုဂ္ဂိုလ်တစ်ဦးသည် ဘုရားသခင်၏ကြီးမြတ်သောအကြံအစည်တော်နှင့် အခြားအကြံအစည်တော်များကိုပိုမိုနားလည်လေလေ၊ ၎င်းတို့သည် အတူတကွ ဆက်စပ်နေသည်ကို ပိုမို မြင်နိုင်ပြီး၊ ဘုရားသခင်သည်သမိုင်း၌ အပြည့်အဝထိန်းချုပ်သည်ကို ပိုမိုမြင်တွေ့နိုင်မည်ဖြစ်ပါသည်။ ဤအရာများကို ဖော်ပြရန် နှစ်ပေါင်း ၄,၀၀၀ ကျော် သမိုင်းမှတ်တမ်း ရှိသည့်အတိုင်း၊ ဘုရားသခင်သည် ဘုရင်တကာတို့၏ ဘုရင်၊ သခင်တကာတို့၏ သခင်အဖြစ်ပြန်ကြွလာသောအခါ ပရောဖက်ပြုချက်များစွာ ပြီးပြည့်စုံလာရန်လည်း ရှိနေဆဲဖြစ်သည်။ ဗျာဒိတ်ကျမ်းသည် ဤပရောဖက်ပြုချက်အားလုံး၏ နောက်ဆုံး ပြည့်စုံခြင်းဖြစ်ပြီး၊ ထိုနေ့ရက်၌ ဘုရားသခင်၏ အံ့သြဖွယ်ကြီးမြတ်တော်မူခြင်းကို ပိုမိုမြင်တွေ့ကြ ရမည်ဖြစ်သည်။

# အသိအမှတ်ပြုခြင်းနှင့် လက်မှတ်များ

လူတစ်ဦးသည် အောက်ပါအချက်အလက်များကို ပြီးမြောက်ပါက လက်မှတ်ကိုလည်း ချီးမြှင့်ပေးမည် ဖြစ်ပါသည်။

၁။ စာအုပ် (၁) – ဘုရားသခင်အကြောင်း အခြေခံ သိကောင်းစရာများ
၂။ စာအုပ် (၂) – ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ
၃။ စာအုပ် (၃) – ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ
၄။ သမ္မာကျမ်းစာအုပ်ကို အပြီး ဖတ်ခြင်း
၅။ ဝိညာဉ်မိဘများ ဖြစ်လာရန် လက်တွေ့ သင်တန်းများတက်ရောက်ခြင်း

## အမျိုးသမီးများ အတွက်

အောက်ပါအချက်အလက်များ ပြီးမြောက်ပါက **အမျိုးသမီး သင်တန်းဆရာမ**အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး လက်မှတ်လည်းချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၁။ စာအုပ် (၁) – ဘုရားသခင်အကြောင်း အခြေခံ သိကောင်းစရာများ
၂။ စာအုပ် (၂) – ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ
၃။ စာအုပ် (၃) – ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ
၄။ သမ္မာကျမ်းစာအုပ်ကို အပြီး ဖတ်ခြင်း
၅။ အဆင့် ၁၀ အားဖြင့် ဝိညာဉ်မိဘများဖြစ်လာရန် လက်တွေ့သင်တန်းများတက်ရောက်ခြင်း (စာအုပ် (၃) - ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ)
၆။ သင်တန်းဆရာမတစ်ဦးဖြစ်ရန်သူမ၏ အသင်းတော်ခေါင်းဆောင်များ၊ ခင်ပွန်း (အိမ်ထောင်ရှိပါက) နှင့် အသင်းသားများ၏ ထောက်ခံချက်

## အမျိုးသားများ အတွက်

အောက်ပါအချက်များ ပြီးမြောက်ပါက **ဘုရားသခင်၏ အမှုတော်ဆောင်တစ်ဦး**အဖြစ် အသိအမှတ်ပြုခြင်း ခံရမည်ဖြစ်သည်။

၁။ စာအုပ် (၁) – ဘုရားသခင်အကြောင်း အခြေခံ သိကောင်းစရာများ

၂။ စာအုပ် (၂) – ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ

၃။ စာအုပ် (၃) – ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ

၄။ သမ္မာကျမ်းစာအုပ်ကို အပြီးဖတ်ခြင်း

၅။ ဝိညာဉ်မိဘများဖြစ်လာရန်နှင့် ခရစ်တော်နှင့်အတူကြီးထွားသောအသက်တာရှိသောလူစုကို ဆက်လက်ဦးဆောင်ရန် လက်တွေ့သင်တန်းများတက်ရောက်ခြင်း (စာအုပ် ၃ - ဘုရားသခင်၏ မိသားစု အကြောင်းအခြေခံသိကောင်းစရာများမှ)

၆။ သင်းအုပ်ဆရာတစ်ပါးဖြစ်ရန် သူ၏ အသင်းတော်ခေါင်းဆောင်များ၊ ဇနီးသည် (အိမ်ထောင်ရှိပါက) နှင့် အသင်းသားများ၏ ထောက်ခံချက်၊

၇။ သင်းထောက်တစ်ဦးဖြစ်ရန် အရည်အချင်းပြည့်မီပြီး သူ့ကို ကောင်းစွာသိကျွမ်းသော သင်းအုပ်ဆရာများ၏ ထောက်ခံချက် (၁ တိ ၃ နှင့် တိတု ၁)၊

အထက်ပါအချက်အလက်များအားလုံးပြည့်မီသော အမျိုးသားများဖြစ်ပါက **ဘုရားသခင်၏ အမှုတော်ဆောင်တစ်ဦး**အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး လက်မှတ်များကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ပါသည်။